
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## မတစ်လုံး ဝတစ်လုံး ဘိုးသူတော်

# ရာဇဂုဏ်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၇၁၀၅၀၄

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၇၁၀၅၀၆

❑

ထုတ်ဝေသူ

ဦးတင့်လွင် (မြ-၃၅၂၃) သော်ကလစဥ်

၆၀၅၊ သုမင်္ဂလာလမ်း၊ (၄)ရပ်ကွက်၊ တိုးချဲ့

မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

❑

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးမောင်မောင်လွင် (မြ-၀၂၃၅၀) ကဝိရတနာပုံနှိပ်တိုက်၊

အမှတ်-၂၀၄၊ လမ်း-၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

❑

ပုံနှိပ်ခြင်း

ဒုတိယအကြိမ်၊ ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ။

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

BURMESE CLASSIC .com

(၁)

တစ်နေ့သ၌ ကျွန်ုပ်သည် ဖျင်းပျင်းရှိသည်နှင့် ကျွန်ုပ်နေထိုင်ရာ ကျောက်မြောင်းရပ် မလွှကုန်းမှနေ၍ တာမွေဈေးကြီးဘက်သို့ ဦးတည်လျှက် အညောင်းပြေ အညာပြေ လမ်းလျှောက်ထွက်လေသည်။

ကျွန်ုပ်၏ အကျင့်တစ်ခုမှာ လမ်းလျှောက်ထွက်လျှင် ဘုတ်ကောက်တစ်ချောင်းကို လက်တွင် ကိုင်ရလေ့ရှိခြင်းပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေ၏။

ကျွန်ုပ်သည် လမ်းလျှောက်တုတ်ကောက်များကိုလည်း အိမ်၌ အမျိုးမျိုးစိတ်ကူးပေါက်သလို ဝယ်ယူစုဆောင်းထားလေ့ ရှိပေ၏။

တုတ်ကောက်များဖြင့် အစီအရီ တင်ထားသော တုတ်ကောက်စင်ကိုကြည့်ကာ ကျွန်ုပ်သည် ပီတိဖြစ်လေ့ရှိပေ၏။

ကျွန်ုပ် စွဲစွဲမြဲမြဲကိုင်ထားလေ့ရှိသော တုတ်ကောက်မှာ ချယ်ရီသား တုတ်ကောက်ဖြစ်၏။

တာမွေဈေး၌ ဈေးဝယ်ရန် ကျွန်ုပ်၌ အကြောင်းတစ်စုံတစ်ရာ မရှိသော်လည်း ဈေးအနီးသို့ရောက်လျှင် ရုတ်ရုတ်ရုတ်ရုတ်ဖြင့် ဈေးဝယ်နေသူများကို တွေ့ရလျှင် ကျွန်ုပ်သည် ကျေနပ်မှုတစ်မျိုး ရှိပြန်လေရာ ကျွန်ုပ်၏ ဝသီအတိုင်း ကျွန်ုပ်သည် အားလပ်ချိန်တွင် လမ်းလျှောက်လေ့ရှိပေသည်။

ကျွန်ုပ်သည် တာမွေဈေးဘက်သို့ ကျွန်ုပ်၏ ပိုင်လာလက်ပတ်နာရီဖြင့်ချိန်ကိုက်လျှက် ခုနစ်မိနစ်မျှကြာအောင် လမ်းလျှောက်ရပေ၏။

ထို့ပြင် တာမွေဈေး၌ ပန်းရောင်းနေသော ခေမာစု ဟူသော ပန်းသည်ချောချောလှလှလေး တစ်ယောက်သည်လည်း ကျွန်ုပ်အား စံပယ်ပန်းကုံးများ ရောင်းတတ်လေရာ ကျွန်ုပ်သည်



ထိုဘက်နားဆီသို့ နေ့စဉ်ရောက်လေ့ရှိကာ တစ်အောင့်တစ်နားနေပြီးမှ အဝိုင်းကြီးဘက်သို့ ပတ်လေ့ရှိသည်။

ပန်းသည်မဘေး ခေမာစုထံ၌ စံပယ်ပန်းအချို့ကိုလည်း ကျွန်ုပ်သည် အခါအားလျော်စွာ ဝယ်လေ့ရှိပြီးလျှင် တစ်ခါတစ်ရံ၌ ပန်းဖိုးကိုပင် အကြွေးထားလေ့ရှိ၏။

အကြောင်းမူ ပန်းသည်မလေး ခေမာစုနှင့် ကျွန်ုပ်သည် အလွန်တရာပင် ရင်းနှီးကျွမ်းဝင်လျှက် ရှိနေကြခြင်းကြောင့် ဖြစ်ပေသည်။

ကျွန်ုပ်သည် ထုံးစံအတိုင်းပင် နေ့စဉ်လုပ်လေ့လုပ်ထရှိသော လုပ်မျိုးဖြစ်ပေရာ ကျွန်ုပ်သည် တုတ်ကောက်တစ်ချောင်းဖြင့်ခပ်သွက်သွက်လျှောက်ကာ ကျိုက္ကဆံလမ်းမကြီးတစ်လျှောက်ကပ်လျှက် လျှောက်ခဲ့ပေ၏။

ကျွန်ုပ်သွားရာ လမ်းတစ်လျှောက်၌ ထူးခြားသော အမှတ်အသားများကိုလည်း မှတ်သားလေ့ရှိရာ ကျွန်ုပ်လျှောက်ရာလမ်းသည် ဗျိုင်းရေအိုးစင်လမ်းထိပ်သို့တိုင်အောင် ရောက်ခဲ့ပေ၏။

ဗျိုင်းရေအိုးစင်လမ်း၏ အမည်မှာလည်း အလွန်ပင်ထူးထူးခြားခြား ရှိလှပေ၏။

သို့ရာတွင် ထိုဗျိုင်းရေအိုးစင်လမ်း၏ လမ်းဘေးတစ်

www.burmeseclassic.com

www.burmeseclassic.com



ဘက်ခြမ်း၌မူကား လွန်စွာ ကြီးမားသော တရုတ်သင်္ချိုင်းကြီး တစ်ခု ရှိလေသည်။

လမ်းမပေါ်မှနေ၍ကြည့်လျှင်ပင် လွန်စွာများပြားလှသော အုတ်ဂူများကို အစီအရီတွေ့နေရလေ၏။

ဂူများမှာ တရုတ်ပုံစံအားဖြင့် ဂူဝိုင်းကြီးများ ဖြစ်ပေ၏။

ထိုမှ ထူးခြားချက်တစ်မှုကား တရုတ်သင်္ချိုင်း၏ ရှေ့တည့်တည့်၌ မြန်မာသမားတော်ကြီး တောင်သာဆရာလှဟူသော ဆိုင်းဘုတ်ကြီးအား တွေ့ရခြင်းဖြစ်ပေ၏။ ထိုဆိုင်းဘုတ်ကြီးမှာ ကျက်သရေအပေါင်းနှင့် ပြည့်စုံလျက် မြန်မာ့ရိုးရာဆေးသမားတော်ကြီး၏ဆိုင်းဘုတ်ဖြစ်ရာ ကျွန်ုပ်သည် ထိုဆိုင်းဘုတ်အနီးသို့ရောက်လျှင် သမားတော်ကြီး၏ ဆိုင်းဘုတ်ကြီးကိုသာ ဂုဏ်ယူစွာကြည့်လေ့ရှိပြီး တရုတ်သင်္ချိုင်းဘက်သို့ လှည့်ကြည့်ခြင်း မရှိပေ။

ကျွန်ုပ်သည် တောင်သာဆရာလှ၏ ဆိုင်းဘုတ်ကိုကြည့်ပြီးလျှင် တောက်လျှောက် ဘယ်မျှမကြည့်ဘဲ လျှောက်လေ့ရှိပြီး တာမွေဈေးဘက်သို့သာလျှင် တည့်တည့်မတ်မတ် လျှောက်လေ့ရှိ၏။

တာမွေဈေးအနီး၌ လမ်းဆုံငါးခွဆုံရှိပြီးလျှင် မော်တော်ယာဉ်များ ဆိုက္ကားများနှင့် မြင်းလှည်းအပြင် ဓါတ်ရထားလမ်းဆုံ



လည်းဖြစ်ရာ လူသွားလူလာ အလွန်ရှုပ်ထွေး၍ စည်ကားသောနေရာတစ်ခု ဖြစ်၏။

ထိုနေရာသို့ရောက်လျှင် ကျွန်ုပ်သည် မာမွတ်တီးဟူသော ကာကာဆိုင်အနီးမှကပ်ပြီး လမ်းလျှောက်လေ့ရှိပေ၏။

မာမွတ်တီးဟူသော ကာကာဆိုင်မှ ကုလားကြီးမှာ ထိပ်တွင် မြင်းဖုကြီးအကြီးကြီးတစ်လုံးရှိပြီးလျှင် ထိုအနီးတဝိုက်မှ လူငယ်အတော်များများကို ၄င်း၏ ကာကာဆိုင်၌ ထိန်းသိမ်းလျှက်ထားသူဖြစ်၏။

ထိုကာကာဆိုင်သည် လွန်စွာ ဆူညံဆူညံရှိပြီးလျှင် လူမိုက်နှင့်လူစုံအတော်များများ ရှိကြသည်ဖြစ်ရာ ထိုအနီးတဝိုက်သို့ရောက်လျှင် ကျွန်ုပ်သည် အတော်အတန် လျင်မြန်သောနှုန်းဖြင့် လျှောက်လေ့ရှိပေ၏။

ကျွန်ုပ်သည်လမ်းလျှောက်လျှင် လေကို အဆုတ်တွင်းသို့ တစ်ဝတစ်မြိုမြိုရှိုက်လျှက် လျှောက်လေ့ရှိ၏။ ထိုသို့ လျှောက်ခြင်းသည်လည်း ကျန်းမာရေးအမြင်၌ ထူးခြားသည်ဟူ၍ သတ်မှတ်လေ့ရှိသည့်အတိုင်း ကျွန်ုပ်သည်ဆောင်ရွက်လေ့ရှိရာ ကျွန်ုပ်၏လမ်းလျှောက်ခြင်းသည် ကျန်းမာရေးအတွက် ထူးခြားမှုဟူ၍ ဆိုနိုင်ပေသည်။

ကျွန်ုပ်သည် ထိုနေရာမှ တာမွေဈေးကြီး၏ အပေါက်

www.burmeseclassic.com



ဝသို့ ရောက်၍လာ၏။

တာခမွေဈေးအပေါက်ဝသို့ မျက်နှာမူလျက် ပန်းရောင်းနေသော ပန်းသည်မလေး မခေမာစုသည် ကျွန်ုပ်အား ပြုံး၍ နှုတ်ဆက်လိုက်သည်။

ပါးချိုင့်ကလေးရှိခြင်းနှင့် ပါးပြင်လေးသည် သနပ်ခါး ရေကျဲဖြင့် မွတ်ချောချောဖြစ်လျက်ရှိခြင်းကြောင့် ၎င်းအား ကြည့်ရသည်မှာ စိတ်အမြင်နှင့် ရုပ်အသွင်ကြည်လင်စေသည် ဟူ၍ ကျွန်ုပ်သည် မှတ်ယူခြင်းရှိသည့်အတိုင်း ကျွန်ုပ်သည် ထိုပန်းသည်မလေးအား တမ္ဘိုက်တစ်ပိုက်၊ တစ်မျှင်စိုက်စိုက် ကြည့်ခြင်းအမှု ပြုလေ့ရှိ၏။

ထိုသို့ကြည့်လျှင် ပန်းသည်မလေး မခေမာစုသည် လည်း ကျွန်ုပ်အား သေချာစေ့ငု၊ စူးစမ်း၊ စပ်မျှ၊ စိတ်ဟ၊ စိတ်ထုံ ကြည့်လေ့ရှိ၏။

ထိုသို့ အပြန်အလှန်ကြည့်မိကြခြင်းတစ်ခဏ၌ ကျွန်ုပ် သည် အထူးပင် စိတ်ချမ်းသာခြင်း ဖြစ်ဘိတော့သည်။

ကျွန်ုပ်သည် ပီတိများစွာဖြင့် ပန်းတစ်မတ်ဖိုးကို ဝယ်ယူ ခြင်းပြုလိုက်ပြီးလျှင် ပြုံးလျက်ကြည့်နေသော မခေမာစု ဟူသော ပန်းသည်မလေးကို ကျွန်ုပ်သည် ထုံးစံအတိုင်းပြုံးလျက် နှုတ် ဆက်ခြင်း ပြုလိုက်သည်။



"နေကောင်းရဲ့လား မခေမာ. . ၊ ရောင်းလို့ကောကောင်းရဲ့လား"

"ကောင်းပါတယ်. . အစ်ကိုကြီး၊ နေလို့ကတော့ မကောင်း တကောင်းပဲ"

ဟူ၍ ပြန်မေ့ဖြေရင်း ကျွန်ုပ်အား စံပယ်ပန်းကုံးကို ကမ်း ပေးလိုက်သည်။

ကျွန်ုပ်နှင့် ပန်းသည်မလေးသည် ဤသို့သာလျှင် နေ့စဉ် အချီအချ ပြောဆိုလေ့ရှိကြပြီး အခြားစကားများကို ပြောဆို ခြင်းမပြုချေ။

ကျွန်ုပ်သည် ထုံးစံအတိုင်း ပန်းဝယ်ပြီးလျှင် ဈေးအကွင်း မှ ပြန်၍ထွက်လာပြီး လမ်းဆက်လျှောက်လေ့ရှိ၏။

□ □ □

www.burmeseclassic.com

(၂)

ကျွန်ုပ်သည် ထုံးစံအတိုင်း ဈေးမှပြန်၍လှည့်ထွက်လိုက်သောအခါ လွန်စွာ ဗိုက်ရွဲလျှက် အကျီမပါ၊ ဗလာကိုယ်ထီး၊ ညီးညီး ပြောင်ပြောင်၊ မည်းမှောင်မှောင် ခန္ဓာကိုယ်အထက်ပိုင်းနှင့် နံငယ်ပိုင်း အဖြူပိတ်သားလွလွကို ကောင်းစွာစည်းနှောင်ဝတ်ဆင်ထားကာ မခုံးပေါ်တွင် ကြေးစည်တံတစ်ချောင်းနှင့် လွန်စွာကြီးမားရှ် သာမန်လူများ၏အင်အားဖြင့် ယမ်းနိုင်ဖွယ်

www.burmeseclassic.com

www.burmeseclassic.com



မရှိသော ကြေးစည်ကြီးကိုထမ်းလျှက် စိပ်ပုတီးကြီးတစ်ကုံးကို ထိုဗလာကိုယ်ထီး ညီးညီးပြောင်ပြောင်ရှိသော လည်ပင်းတွင် စွပ်ချိတ်ထားသော ဦးပြည်းတုံးနှင့် အသက်လေးဆယ်ခန့်ရှိသော ပုဂ္ဂိုလ်တစ်ဦးကို တွေ့လိုက်ရ၏။

ထိုပုဂ္ဂိုလ်က ကျွန်ုပ်အား ၎င်း၏လက်ကြမ်းကြမ်းဖြင့် ဘေးသို့တွန်းဖယ်လိုက်ခြင်းကြောင့် ကျွန်ုပ်သည်လည်း နောက်သို့လှည့်အထွက်၌ ဆုံလိုက်ရခြင်းဖြစ်သည်။

ကျွန်ုပ်သည် ထိုပုဂ္ဂိုလ်အား အနည်းငယ်မျှ မကျေမနပ်ဖြစ်သွားခြင်းကြောင့် ၎င်း၏မျက်နှာအား စိုက်လျှက် ကြည့်လိုက်မိ၏။

ကျွန်ုပ်သည် တုတ်ကောက်ကိုကိုင်စွဲနေကျလူ ဖြစ်ခြင်းကြောင့် လက်ထဲမှတုတ်ကောက်ကို အနည်းငယ် ခပ်တင်းတင်း ဆုပ်ကိုင်ခြင်းပြုလိုက်သည်။

ထိုပုဂ္ဂိုလ်၏ မျက်နှာကား ဝိုင်းဝိုင်းစက်စက်ဖြစ်၏။ မျက်နှာသည် ဖြူဆွတ်ဆွတ်နှင့် အနီရောင်သန်းလျှက်ရှိ၏။ ၎င်း၏ လွန်စွာထူးခြားသောအချက်ကား မျက်လုံးများသည် အလွန်ပင် အရောင်ထွက်တောက်ပလျှက်ရှိခြင်းဖြစ်ပြီး မျက်လုံး၏ အနေအထားမှာလည်း လွန်စွာ ခန့်ညားတည်ကြည်လျှက်ရှိသည်ကို တွေ့ရ၏။



ကျွန်ုပ်သည် ၎င်းအား ခြေဆုံးခေါင်းဖျား လှေလာလိုက်ရာ ၎င်းသည် ဘိုးသူတော်ကြီးတစ်ဦးဖြစ်သည်ကို တွေ့ရပေ၏။ ၎င်းဘိုးသူတော်ကြီးသည် ၎င်းက ကျွန်ုပ်အား လက်ကြမ်းကြီးဖြင့် ဖယ်ရှားခြင်းပြုလိုက်ပြီးသော်လည်း ကျွန်ုပ်အား လုံးဝ အမှုထားမိပုံမရပေ။

ပန်းသည်မလေးခေမာစုသည် ကျွန်ုပ်အား တစ်ချက်မျှ စောင်းငဲ့ကြည့်လိုက်ပြီး ၎င်း၏မျက်နှာလေးသည် ကြောက်ရွံ့ပုံ ပေါ်လျှက်ရှိပေသည်။

ဘိုးသူတော်ကြီးသည် အရပ်အမောင်းမြင့်မားရုံမျှမက လက်အိုးနှင့်လက်မောင်းသားကြီးများကလည်း လွန်စွာကြီးထွားလှပေရာ ဂျပန်ဆူမိုနပန်းသမားကြီးများ၏ ပုံစံအတိုင်းပင် ဖြစ်ပေ၏။

ပန်းသည်မလေးသည် စံပယ်ပန်းကုံး လေးငါးကုံးကို သူမ၏ တုန်ယင်သောလက်ဖြင့် ပေးလိုက်ရာ ဘိုးသူတော်ကြီးသည် ၎င်း၏ကြီးမားလှသောလက်ဝါးကြီးထဲမှ ဆယ်ပြားစေ့ တစ်စေ့ကို ထုတ်ပေးလျှက်. . .

“နောက်ထပ်. . . သုံးကုံး ထပ်ထည့်ပါ”

ဟူ၍ ၎င်း၏ အသံအောအောကြီးဖြင့် ဩဇာသံပါပါ ပြောဆိုခြင်း ပြုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းသည်မလေး မခေမာသည် မဆိုင်းမတွပင် နောက်ထပ်စံပယ်ပန်းသုံးကုံးကို ဘိုးသူတော်ကြီး၏ လက်တွင်းသို့ ထည့်လိုက်လေသည်။

ပန်းသည်မလေး၏ စိတ်၌ ထိုဘိုးသူတော်ကြီးအား အမြန်ထွက်သွားစေချင်သည့် ဆန္ဒမျိုး ဖြစ်ပေါ်လျက်ရှိနေပုံရပေသည်။

ကျွန်ုပ်သည်လည်း ထိုနေရာမှ မသွားနိုင်သေးဘဲ ရပ်လျက်သားပင် ဘိုးသူတော်ကြီးအား ငေးမော၍ ကြည့်နေမိပေသည်။

ဘိုးသူတော်ကြီးသည် စံပယ်ပန်းသုံးကုံးရပြီးသည်နှင့် ချာခနဲလှည့်ကာ နေရာမှထွက်သွားရာ ယမ်းခါလျက်သွားသော ၎င်း၏ကြေးစည်တံကြီးကို ကျွန်ုပ်သည် ခေါင်းငုံ့လျက် ရှောင်လိုက်ရလေသည်။

ဘိုးသူတော်ကြီးသည် လမ်းလျှောက်သွားရာ၌ တအိအိဖြင့်လှမ်းလျက် ကားရားကားရားဖြင့် သွားနေခြင်းဖြစ်ရာ ၎င်းသွားရာလမ်းသည် လူသုံးဦးစာမျှ နေရာယူလျက်ရှိသည်ဟူ၍ ကောက်ချက်ချနိုင်လောက်ပေ၏။

ဘိုးသူတော်ကြီးသည် အခြားဘယ်ဆိုင်ကိုမျှ မဝင်တော့ဘဲ ဈေးပေါက်ဝသို့သာ တန်းတန်းမတ်မတ်ထွက်သွားလေရာ



ကျွန်ုပ်သည်လည်း လမ်းလျှောက်ခြင်းအလုပ်ကို ဆက်လက်လုပ်ဆောင်ရန် ထိုနေရာမှ ထွက်လာခဲ့လေသည်။

သို့ရာတွင် ကျွန်ုပ်သည် ဘာကြောင့်မှန်းမသိ . .

၎င်း၏နောက်မှနေ၍ လိုက်လိုစိတ်ပေါ်ပေါက်လျက်ရှိပေရာ ကျွန်ုပ်၏ခြေလှမ်းများသည် ၎င်း၏နောက်နား မနီးမဝေးမှပင် လျှောက်မိလျက်ရှိပေတော့၏။

☐ ☐ ☐

www.burmeseclassic.com

www.burmeseclassic.com

(၃)

ကျွန်ုပ်သည် ထိုဘိုးသူတော်ကြီးအား မည်သို့မည်ပုံ စိတ်ဝင်စားသွားမိသည်ကို မသိရှိဘဲ ကျွန်ုပ်၏ လမ်းလျှောက်ခြင်းနှင့်အတူ ၎င်းနောက်သို့လိုက်နေရခြင်း၌ ကျွန်ုပ်သည် စိတ်ပါလက်ပါ ရှိလာမိပေသည်။

ဘိုးသူတော်ကြီးမှာ ခြေလှမ်းကျဲကျဲကြီးဖြင့် ရှေ့သို့ဆက်လှမ်းလျှက်ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးသူတော်ကြီး၏အရုပ်အမောင်းမှာ ကျွန်ုပ်ကဲ့သို့ အရပ်မြင့်သောသူတစ်ဦးထက်ပင် ခေါင်းတစ်လုံးစာမျှ ပို၍ မြင့်မားနေပြီး ၎င်း၏ကြီးမားသောမျက်နှာကြီးနှင့် ဖောင်းကားသော ဗိုက်ကားကားကြီးတို့မှာ လွန်စွာ ထင်ရှားလျက်ရှိနေသည်။

၎င်းသည် လမ်းသွားရင်း တစ်ခါတစ်ရံ၌ ခွက်ကြီးကို ထိုးခံလျက် တစ်မူးလောက်ပေးကြပါဟူ၍ တောင်းခံလျက်သွားသည်ကို ကျွန်ုပ်မြင်တွေ့နေရပေရာ ၎င်းသည် ဘိုးသူတော်သူတောင်းစားကြီးတစ်ဦးပင် ဖြစ်မည်ဟူ၍လည်း ယူဆစရာ ဖြစ်ပေသည်။

သို့နှင့်. . ဘိုးသူတော်ကြီးသည် ရပ်လိုက်နားလိုက်ဖြင့် ခရီးဆက်၍ သွားလျက်ရှိ၏။

ကျွန်ုပ်လည်း. . နောက်မှလိုက်၍ သွားနေမိပေသည်။

ကျွန်ုပ်သည် ဘိုးသူတော်ကြီး၏ရှေ့မှ ဖြတ်၍ကျော်တက်ခြင်းမပြုဘဲ ၎င်း၏နောက်မှသာလျှင် လိုက်ပါ၍ ၎င်းအား အကဲခတ်ခြင်းပြုနေလေရာ တစ်ကြိမ်တွင် ဘိုးသူတော်ကြီးသည် နောက်သို့လှည့်၍ ကျွန်ုပ်အားစိုက်ပြီးကြည့်လိုက်ရာ ကျွန်ုပ်၏ မျက်လုံးနှင့် တည့်တည့်ဆိုင်ဆိုင် ဖြစ်သွားပေရာ ကျွန်ုပ်သည် ၎င်းအား ထိတ်လန့်စိတ်များဝင်လာလျက် ကြက်သီးမွေးညင်းများပင် ထ၍ သွားပေသည်။



၎င်း၏ စူးစိုက်ကြည့်ခြင်းကို ကျွန်ုပ်သည် မခံမရပ်နိုင်အောင် ဖြစ်လျက်သွားသည်ဟု ထင်မိပေ၏။

ဘိုးသူတော်ကြီး၏ မျက်လုံးများမှာ အလယ်တွင်အဆန်ကြောင်၍နေသည်ဟုထင်ရကာ မျက်တောင်ခတ်ခြင်း လုံးဝမရှိသည်ကိုလည်း မြင်တွေ့နေရ၏။

ထိုအချက်ကို ကျွန်ုပ်သည် သတိထားမိလေရာ ဘိုးသူတော်ကြီး၏ အဆန်ကြောင်မျက်လုံးများအား ကျွန်ုပ်သည် ထိတ်လန့်သွားမိခြင်း ဖြစ်ပေသည်။

ကျွန်ုပ် ဖတ်ဖူးမှတ်ဖူးသည်မှာ အဆန်ကြောင်နေသော မျက်လုံးပိုင်ရှင်များသည် လူသတ်သမားများဖြစ်လျက် ရှိတတ်ခြင်းနှင့် သမထသမားများ၏ မျက်လုံးများမှာလည်း ထိုသို့ပင် အဆန်ကြောင်တတ်သည်ဟု ဆိုပြန်၏။

သို့နှင့် ဘိုးသူတော်ကြီးသည် ရပ်လိုက်နားလိုက်ဖြင့် ခရီးဆက်၍သွားနေရာ ကျွန်ုပ်သည်လည်း နောက်မှလိုက်၍ သွားနေမိပေတော့သည်။

ဘိုးသူတော်ကြီးသည် ကျွန်ုပ်အား တစ်ချက်မျှ သမင်လည်ပြန်လှည့်၍စိုက်ကြည့်လိုက်ပြီးလျှင် ၎င်း၏ ကြေးစည်ကြီးကို ပခုံးထက်တွင် နေရာပြောင်းလျက် ထမ်းလိုက်၏။

ထို့နောက်. . ကွတတဖြင့် ဆက်၍သွားနေပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ပိန်းသည့်မလေး ခေမာစု၏ ပန်းဆိုင်ရှေ့တွင် ၎င်းအားကြည့်မိစဉ်က ၎င်း၏မျက်လုံးများသည် လွန်စွာကြွေရှိလျှက်ကြည်လင်နေပြီး ယခု ကျွန်ုပ်အား လှည့်ကြည့်ရာ၌ အဆန်ကြောင်လျှက် ဖြစ်သွားသည်ကို သတိထားလိုက်မိရာ ၎င်းသည် ကျွန်ုပ်နောက်မှလိုက်၍ ကြည့်သည်ကို မကျေမနပ်ဖြစ်နေသည်ဟု တွေးလိုက်မိပေ၏။

သို့ရာတွင် ၎င်းအား နောက်မှလိုက်၍ ကြည့်လိုနေသည့်ကျွန်ုပ်၏စိတ်ကား ဖျောက်ဖျက်၍မရနိုင်အောင်ပင် ဖြစ်နေလေ၏။

လူတို့၏စိတ်သည် ဆန်း၏။ မပြုအပ်သော မပြုထိုက်သော အလုပ်ကိုမှ ရွေး၍ပြုလုပ်ချင်စိတ်သည် ဖြစ်ပေါ်တတ်ကာ သူတစ်ပါး မကြိုက်ဟုဆိုသော အရာကိုမှ ရွေး၍ လုပ်ချင်စိတ်ပေါ်ပေါက်တတ်ခြင်းဖြစ်၏။

ကျွန်ုပ်သည် ထိုအချက်ကို သတိထားမိသော်လည်း ထိုဘိုးသူတော်ကြီးအား ရှောင်လွှဲ၍ မသွားလိုသော စိတ်သဘောသည် တစ်ဖွားဖွားပေါ်ပေါက်လျှက်ရှိနေသောကြောင့် နောက်မှဆက်၍သာ လိုက်နေခဲ့မိပေ၏။

ဘိုးသူတော်ကြီးသည်လည်း ကျွန်ုပ်အား နောက်တပ်လှည့်၍မကြည့်တော့ဘဲ အိပက်အိပက်ဖြင့်သွားနေရာ မကြာမီ



အဝိုင်းကြီးထိပ် မြင်းလှည်းဂိတ်အနီးသို့ ရောက်၍ သွားပေ၏။

မြင်းလှည်းဂိတ်မှာ မြင်းလှည်းအစီး လေးငါးစီးခန့်ရှိပြီး များသောအားဖြင့် မြင်းလှည်းသမားများသည် ခပ်တေတေ ခပ်ဆိုးဆိုးများ ဖြစ်ကြပေရာ၊ ထို အနီးတဝိုက်တွင် မကြာခဏ ရိုက်ပွဲများ ဖြစ်လေ့ရှိ၏။

ဘိုးသူတော်ကြီးသည် မြင်းလှည်းဂိတ်အနီးသို့ သွားပြီးလျှင် . . .

"ဟေ့၊ မြင်းလှည်းဆရာတွေ . . ပိုက်ဆံတစ်မူးဆီ ထည့်ကြစမ်း"

ဟူ၍ ခပ်တင်းတင်း ဆိုလိုက်၏။

မြင်းလှည်းသမားများသည် ဘိုးသူတော်ကြီးကို ဝိုင်း၍ကြည့်ကြ၏။

"ထည့်ကြစမ်းပါ . . . တစ်မူးစီလောက်"

ဟူ၍ ခပ်ဆတ်ဆိုင်းဆိုင်းဖြစ်လျှက် ရှိကြကုန်သော မြင်းလှည်းသမားများဆီသို့ လျှောက်သွားရင်း ညစ်ပေပေ ဖလားပုတ်ကြီးကို ရှေ့သို့ထိုး၍ ခံလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## (၄)

မြင်းလှည်းသမားများသည် ဘိုးသူတော်ကြီးအား ပိုက်ဆံတစ်မူးစီ ဝိုင်း၍ ထည့်ကြ၏။

မြင်းလှည်းလေးစီးရှိရာ မြင်းလှည်းသမားလေးဦးသည် ဘိုးသူတော်ကြီးလိုက်၍ ခွက်ထိုးခံသည်ကို တစ်ဦးချင်းစီ သေသေချာချာပင် ထည့်လိုက်ကြ၏။

တစ်စုံတစ်ရာမျှ ပြန်လည်ပြောဆိုခြင်း ဟိန်းဟောက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်း ပြုသည်ကို မတွေ့ရပေ။

ဘိုးသူတော်ကြီးသည် မြင်းလှည်းသမားလေးဦး ထည့်၍ပေးလိုက်ကြသော ပိုက်ဆံအကြွေတို့ကို ခွက်ထဲတွင်ထည့်ပြီးသောအခါ ခွက်ကို ခလောက်လိုက်ပြီး ၎င်း၏ မူလငွေအကြွေစများနှင့် သမ လိုက်၏။

ထို့နောက် ပါးစပ်မှ ပွစိပွစိဖြင့် ရွတ်ဆိုကာ ဆက်၍ လျှောက်သွားလေရာ ကျွန်ုပ်သည်လည်း နောက်မှနေ၍ လိုက်ပါရန် ဟန်ပြင်ရပြန်၏။

ဘိုးသူတော်ကြီးသည် အဝိုင်းကြီးရှိရာ လယ်ကွင်းကြီး၌ အိပက်အိပက်ဖြင့် လျှောက်၍သွားရာ ခပ်ဝေးဝေးမှ အရှိန်ဖြင့် ပြင်းထန်စွာ မောင်းနှင်လာသော လော်ရီကားကြီး တစ်စင်းကို ကျွန်ုပ်တွေ့ရှိလိုက်ရ၍ ကဗျာကယာပင် လမ်းကိုဖြတ်၍ မကူးမီအောင် ကျွန်ုပ်သည် ပလက်ဖောင်းပေါ်သို့ တက်လိုက်ရပေ၏။

ဘိုးသူတော်ကြီးမှုကား ခပ်အေးအေးပင် လမ်းလယ်ကောင်၌ လျှောက်လျှက်ရှိပေရာ ကားလာသည်ကိုပင် လုံးဝဂရုမစိုက်သယောင် ရှိနေ၏။

လော်ရီကားကြီး၏အရှိန်မှာ တစ်နာရီ မိုင်ခြောက်ဆယ်ကျော်ခန့်မျှ မောင်းနှင်လျှက်လာမည်ဟု ကျွန်ုပ်သည်



ခန့်မှန်းခြင်း ပြုလိုက်ရ၏။

သို့ရာတွင် ထိုလော်ရီကားကြီးမှာ ဘိုးသူတော်ကြီးအနီး လက်တစ်တောင်ကွာလောက်အရောက်တွင် ရပ်လျှက်သွား၏။

အရှိန်နှင့် ဘရိတ်အုပ်လိုက်သောကြောင့် ကျွိခနဲမြည်ပြီး ကားသည် ရှေ့သို့ အနည်းငယ်တိုးသွားရာ ကျွန်ုပ်၏ စိတ်ထဲတွင် လက်တစ်လုံးသာသာခန့်လောက်မျှတွင် ထိုလော်ရီကားကြီးသည် ရပ်လျှက်သွားမည်ဟု ယူဆလိုက်မိပေ၏။

ဘိုးသူတော်ကြီးသည် လော်ရီကားသမားကို တစ်ချက်မျှ ခပ်ပြုံးပြုံးကြည့်လိုက်ပြီး ကြေးစည်တံကြီးကို ဘေးလှည့်လိုက်ကာ လော်ရီကားကိုမောင်းနှင်သော ဒရိုင်ဘာအနီးသို့ တိုးကပ်သွားပြီး. . .

"ပိုက်ဆံတစ်မတ်လောက်. . . ထည့်စမ်း"

ဟူ၍ ဆိုလိုက်ရာ လော်ရီကားမောင်းသမားသည် ဘိုးသူတော်ကြီးအားကြည့်ကာ ပိုက်ဆံဇိတ်နှိုက်လိုက်သည်ကို တွေ့လိုက်ရပြီး ဘိုးသူတော်ကြီး၏ ပိုက်ဆံခွက်အတွင်းသို့ ပိုက်ဆံတစ်မတ်ထည့်၍ ပေးလိုက်၏။

"ဇ. . . ဩ. . . ဥ. . . သုံ"

ဟူသော ဘိုးသူတော်ကြီးထံမှ ရွတ်ဖတ်သံကို ကြားလိုက်ရပြီး ဘိုးသူတော်ကြီးသည် ရှေ့ဆက်၍ ခပ်အေးအေးပင်

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာသွားရာ လော်ရီကားကြီးသည်လည်း မောင်းထွက်၍ သွားလေတော့၏။

ဘိုးသူတော်ကြီးသည် တစ်ဖက်ပလက်ဖောင်းအနီးသို့ ရောက်လျှင် ကျွန်ုပ်ရှိရာလမ်းမဘက်ဆီသို့ ခပ်တည်တည်နှင့် စိုက်ကြည့်နေပြန်သေးရာ ကျွန်ုပ်သည်လည်းနေရာတွင် ရပ်တန့်၍ မယောင်မလည်နှင့် လုပ်နေလိုက်ရပေ၏။

ဘိုးသူတော်ကြီးသည် ရွှေဂုံတိုင်ဘက်သို့ တအိအိဖြင့် ထွက်သွားရာ ကျွန်ုပ်သည်လည်း ရွှေဂုံတိုင်ဘက်သို့ လိုက်ပါလျှက် ရှိရပြန်၏။

ကျွန်ုပ်သည် တုတ်ကောက်ကို ဟိုယမ်းသည်ယမ်းဖြင့် ဘိုးသူတော်ကြီး မရိပ်မိစေရန်လည်း ပြုနေရပေသေး၏။

ဘိုးသူတော်ကြီးသည် ကြေးစည်တုံးကြီးကို ဘယ်ဘက်လက်ဖြင့် ပြောင်းလဲ၍ဆုပ်ကိုင်လိုက်ပြီး တာမွေထိပ်ရှိ မြွေဘုရားလေးအနီးသို့တိုင် ရောက်လာလေ၏။

ကျွန်ုပ်လည်း ထိုမြွေဘုရားလေးအနီးသို့ လိုက်ပါလျှက် အရိပ်ရသော နေရာတစ်နေရာတွင် ရပ်တားနေလိုက်မိ၏။

ထိုဘုရားလေးမှာ မြွေဟောက်တစ်ကောင် ပါးပျဉ်းထောင်၍ခွေနေသောရုပ်ပုံ၏အပေါ်တွင် စေတီတစ်ဆူတည်ထားခြင်း ဖြစ်၏။



ကျွန်ုပ်သည် ထိုစေတီလေးအား ဦးအောင်ချမ်းသာ အမည်ရှိသော ဝဏ္ဏရသိပ္ပံဆရာကြီးတစ်ဦးက တည်ထားခဲ့သည်ဟု ကြားဖူးနားဝရှိထားလျှက် တာမွေသည်လည်း တားမွေအဖြစ်မှ အမည်ကင်ပွန်းရရှိလျှက်လာသည်ဟု မှတ်ဖူးရာ ရွှေတိဂုံရာဇဝင်နှင့် အဆက်ဖြစ်သည်ဟု မှတ်သားခဲ့ရ၏။

ဘိုးသူတော်ကြီးသည် ထိုစေတီ၏အနီးသို့ရောက်လျှင် လူသူလေးပါးကိုကြည့်လိုက်ပြီး ကြေးစည်ဖုကြီးကို ခါးကြားမှ ထုတ်ကာ "နောင်. . . ဒူ. . . ဝေ. . . ဝေ" သံပါအောင် ထုလိုက်လေ၏။

အသံမှာ ကျယ်လျှက်. . ကြည်လင်ခြင်းရှိ၏။

ထုသံမှာလည်း အတော်ပင် လက်သံလျင်သဖြင့် ကြေးစည်သံကြီးမှာ အချိန်တော်တော်ကြာအောင်ပင် ဆိတ်သုဉ်းခြင်းမရှိဘဲ အသံစဉ် အသံမျှင်သေးသေးလေးပါ ကျွန်ုပ်၏နားဝသို့ ရောက်ရှိလာပေ၏။

ဘိုးသူတော်ကြီးသည် ကြေးစည်ထုသော်လည်း တစ်စုံတစ်ရာကိုမျှ အမျှပေးဝေခြင်းမျိုး ပါးစပ်မှ ရွတ်ဆိုခြင်းမျိုးများပြုလုပ်သည်ကို မတွေ့ရဘဲ အရပ်လေးမျက်နှာသို့ကြည့်လျှက် ကိုယ်လုံးကိုပတ်ချာလည်၍သာ သုံးချက်မျှဆက်တိုက်မနားတမ်း ကြေးစည်ထုလိုက်သည်ကိုသာလျှင် ကျွန်ုပ်တွေ့

www.burmeseclassic.com



ရှိလိုက်ရပေသည်။

"နောင်. . . နူ. . . ဝေ. . . ဝေ"

□ □ □

(၂)

ထို့ကြောင့် ကျွန်ုပ်သည် စိတ်ကောင်းရှာမနေ့သော အရှုး ကြီးတစ်ယောက်ကို ကျွန်ုပ်သည် စိတ်ဝင်စားခြင်းဖြစ်လျှက် နောက်မှ လိုက်ပါနေမိခြင်းဖြစ်သည် ဟူ၍ စဉ်းစားတွေးခေါ်မိ ခြင်း ဖြစ်လေသည်။

ထို့ကြောင့် ကျွန်ုပ်သည် နောက်ကြောင်းသို့ ပြန်လှည့် ခြင်း သို့မဟုတ် ကျွန်ုပ်သည် ၄င်းအားဖြတ်ကျော်လျှက် ရှေ့ဂုံတိုင်

www.burmeseclassic.com

www.burmeseclassic.com



အဝိုင်းကြီးဘက်သို့ ဆက်၍လျှောက်ခြင်း လမ်းနှစ်ခုကို ရွေးချယ်ကာ ကျွန်ုပ်၏အစီပွါယ်ကင်းသော နောက်မှလျှောက်လိုက်နေခြင်းမျိုးကိုမပြုတော့ဟု စိတ်ကို ဆုံးဖြတ်လိုက်ပေ၏။

ထိုသို့ စဉ်းစားတွေးခေါ်နေရင်း ကျွန်ုပ်လျှောက်လာရာ ကျွန်ုပ်နှင့် ဘိုးသူတော်ကြီးမှာ အတော်အတန် နီးကပ်လျှက်ရှိသောအနေအထားသို့ ရောက်လျှက် ရှိ၍နေပေ၏။

"ရှုံးတယ်လို့ထင်သူတွေ. . . မှားလိမ့်မလေး။ ဤရွှေကိုယ်. . . ဘိုးသူတော်ကြီးက-ရ. . အတိုးချမလေ သတိုးဆွေ၊ သဟာဆွေ. . . ကျန်းခန့်စေကြောင်း. . . ဟောင်း. . . ဟောင်း. . ."

ဟူ၍ ကျွန်ုပ်အား ဘိုးသူတော်ကြီးသည် မျက်လုံးခပ်ပြူးပြူးအနေအထားဖြင့် ကြည့်ကာဆိုလိုက်ရာ ကျွန်ုပ်သည် ကျွန်ုပ်၏ စိတ်ထဲတွင်ဖြစ်ပေါ်နေသည်များကို ရိပ်မိနေသည့် ဘိုးသူတော်ကြီးအား ရုတ်တရက်အံ့သြခြင်းကြီးစွာ ဖြစ်သွားရတော့သည်။

"သူတော်မဟာ တို့မှာလေ. . ရှုံးချင်လို့ ရှုံးရတာ. . မဟုတ်ပေ။ ကိစ္စရှိလို့. . . ရှုံးရတာလေ။ မောင်မင်းသိဖို့လေ ဟေ. . . ဟေ"

ဟူ၍ ဘိုးသူတော်ကြီးသည် အသံနေအသံထားဖြင့်



ဟစ်နေရာ ကျွန်ုပ်သည် ဦးနှောက်ခြောက်၍ သွားရတော့၏။

ကျွန်ုပ်သည် ဘိုးသူတော်ကြီးက အော်ဟစ်ဆူညံလျှက် ကြေးစည်သံပေးကာ သီချင်းသီဆိုနေခြင်းကို ကြည့်ပြီးလျှင် စိတ်ထဲမှ ရိုးတိုးရွတဖြစ်လျှက် လာပေ၏။

ကျွန်ုပ်အား တစ်ချက်တစ်ချက်တွင် ဘိုးသူတော်ကြီးသည် မျက်လုံးစွေလျှက် သင်္ကာမကင်းသော မျက်လုံးမျိုးဖြင့် ကြည့်လိုက်သည်ကိုလည်း တွေ့ရှိနေရပေ၏။

ကျွန်ုပ်၏ ရည်ရွယ်ချက်ကား အခြားထွေထွေထူးထူး မရှိလှပေ။ ထူးပေ၊ ဆန်းပေသည့် ရှာမလှူဝ ဘိုးသူတော်ကြီးဖြစ်လျှက် ကြေးစည်မှာလည်း သာမန်အားဖြင့် လူနှစ်ယောက်စာလောက်ထမ်းရမည်ဖြစ်သော လွန်စွာလေးလံလှသည့် ကြေးစည်ကြီးကို အေးအေးဆေးဆေး မ,ထားနိုင်ခြင်းကို သဘောကျလျှက် ကျွန်ုပ်လမ်းလျှောက်ခြင်းနှင့်လည်း ကြုံကြိုက်လျှက်ရှိသည်ကြောင့် တစ်ကြောင်း၊ ကျွန်ုပ် လမ်းလျှောက်ထွက်လာရာဘက်နှင့်လည်း လမ်းကြောင်းဆုံလျှက်ရှိသည်က တစ်ကြောင်းစသည့် အကြောင်းများကြောင့် လိုက်ပါ လေ့လာခဲ့မိခြင်းသာဖြစ်၏။

ဘိုးသူတော်ကြီးသည် အောင်သိဒ္ဓိကုန်းတော်ပေါ်သို့ ဘက်သွားပြီး အပေါ်မရောက်ခင်တစ်ချက်မျှ ကျွန်ုပ်အား လှည့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ပြန်၏။

ကျွန်ုပ်၏ပခုံးနှစ်ဖက်တွင် ဖျဥ်းခနဲခံစားခြင်းမျိုး ဖြစ်၍ သွား၏။

ကျွန်ုပ်၏စိတ်ထဲတွင် ဘိုးသူတော်ကြီးသည် ကျွန်ုပ်အား ရှုတ်တရက် ပြုစားခြင်းများ ပြုလိုက်လေသလား ဟူ၍လည်း စိတ်တွင့်ကောက်၍ သံသယဖြစ်လျှက်သွားပေ၏။

ဘိုးသူတော်ကြီးသည် မြွေပတ်ထားသော ဘုရားလေး အနီးရှိ အောင်သိဒ္ဓိ ကုန်းတော်ပေါ် သို့ တက်၍သွားရာ ကျွန်ုပ်၏ မြင်ကွင်းမှ ပျောက်ကွယ်၍ သွားလေတော့၏။

ထိုကုန်းတော်၌ ဘုရားတည်နေသည်ဟု တွေးထင်ရ၍ ဘုရား၌ ငြမ်းများ ဆင်ထားသည်ကို တွေ့ရ၏။

ဘုရားမှာ ထုံးဖြူဖြူဘုရားသာလျှင်ဖြစ်လျှက် ဉာဏ်တော်အမြင့်မှာမူ သိပ်များများစားစား မြင့်လှသည်မဟုတ်ပေ။ သို့ရာတွင် ထိုကုန်းမှာ ခြောက်ထပ်ကြီးဘုရားဟူသော ဘုရားကြီးနှင့် တစ်ဆက်တည်းဖြစ်လျှက်ရှိပြီး ထိုကုန်းအောက်မှ ကားလမ်းကြောင်းတစ်ခု ဖောက်လျှက်ထားပေရာ စောက်နက်ကုန်းကြီး ဖြစ်လျှက်ရှိခြင်းကြောင့် ဘုရားများနှင့် ထူးဆန်းသော ရုပ်လုံးရုပ်ကြွများကို တွေ့မြင်ရပေ၏။

ဘိုးသူတော်ကြီး၏ ဆုတောင်းသံလိုလို ဘုရားရှိခိုးသံ



လိုလို အသံဝါကြီးကိုကား ကျွန်ုပ်သည် အောက်မှ ကြားရလျှက် ရှိနေပေရာ ထိုအခြင်းအရာကို ကျွန်ုပ်သည် ဘာမှ စဥ်းစားတွေး တောမနေနိုင်ဘဲ ထိုကုန်းတော်ပေါ် သို့တက်၍ လိုက်ရလျှင် ကောင်းလေမည်လား။ သို့တည်းမဟုတ် အိမ်ဘက်သို့ လှည့်ပြန် လျှင် ပို၍ ကောင်းလေမည်လားဟူ၍ ကျွန်ုပ်လည်း ချီတုံချတုံ ဖြစ်လျှက်ရှိပေ၏။

ဘိုးသူတော်ဆိုသော ပုဂ္ဂိုလ်များသည် ပြုစားတတ်သည့် လောကီအတတ်၌ ကျွမ်းကျင်တတ်မြောက်သည် ဘာသည် ညာ သည်ဟူ၍ ကျွန်ုပ်အနေနှင့် ကြားဖူးနားဝရှိထားပေရာ ထို အချက်ကိုလည်း ကျွန်ုပ်သည် ခပ်လန့်လန့်ဖြစ်လျှက် ရှိနေပေ၏။

ခပ်စောစောက ကျွန်ုပ်အား ၎င်းကပြန်လှည့်အကြည့် လိုက်တွင် ကျွန်ုပ်၏ကျောစပ်၌ ဖျဥ်းခနဲ စပ်ဖျဥ်းဖျဥ်းဖြစ်လျှက် သွားသည်ကိုလည်း ကျွန်ုပ်သည် သံသယဖြစ်လျှက် ရှိနေပေရာ ကြောက်သည့်စိတ်ထားများ ပေါ်ပေါက်လျှက်လာပေရာ ကျွန်ုပ် သည် နောက်ကြောင်းကိုပြန်၍လှည့်လျှင် ကောင်းမည်ဟူ၍သာ ဆုံးဖြတ်ပြီး ကျွန်ုပ်သည် လမ်းလျှောက်တုတ်ကို ခပ်တင်းတင်း ဆုပ်ကိုင်ကာ တာမွေအဝိုင်းကြီးဘက်ဆီသို့ ပြန်လှည့်ခဲ့ပေသည်။

ကျွန်ုပ်သည် ဘိုးသူတော်ကြီး၏ ထူးခြားသော ရွတ်ဆိုသံ၊ ဘုရားရှိခိုးသံ တစ်မျိုးကို ကြားယောင်ရင်း ကျွန်ုပ်၏

www.burmeseclassic.com

www.burmeseclassic.com



အညောင်းပြေအညာပြေလုပ်ရပ်ဖြစ်သော လမ်းလျှောက်ခြင်း လုပ်ငန်းကို ပြီးဆုံးအောင်ပြုလုပ်လျှက် ကျွန်ုပ်၏ အိမ်ဆီသို့ ဦးတည်ကာ လာလမ်းအတိုင်း ပြန်ရန် လှုပ်ရှားလိုက်လေသည်။

□ □ □

(၆)

ကျွန်ုပ်သည် သီတင်းတစ်ပတ်ခန့်အိမ်ထဲတွင်ပင်လျှင် အောင်းနေလျှက် ကျွန်ုပ် လုပ်စရာကိုင်စရာများကို ဆက်လက် လုပ်ကိုင်ရင်း အိမ်တွင် စာအုပ်များကိုသာ တွင်တွင်ဖတ်လျှက် ရှိပေသည်။

တစ်နေ့တွင် ကျွန်ုပ်သည် နေ့စဉ်ထုတ် သူရိယသတင်း စာကို ဖတ်ရှုလျှက်ရှိစဉ် ကျွန်ုပ်၏ မိတ်ဆွေကြီးတစ်ဦးသည်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ထံသို့ အလည်အပတ်ရောက်ရှိ၍ လာပေသည်။

ကျွန်ုပ်၏ မိတ်ဆွေကြီးမှာ ရှေးဟောင်း ပညာဘာသာရပ်များကို အတော်အသင့်လေ့လာမှတ်သားထားခြင်းရှိသော ဗဟုသုတပြည့်စုံသော ဦးကောက်စုံ ဆိုသော ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်လေသည်။

၎င်းသည် ဘာသန္တရ၊ ဒေသန္တရ၊ ဗဟုသုတ အတန်ပင် ပြည့်စုံကာ ဂမ္ဘီရပညာရပ်၊ ဝိဇ္ဇာပညာရပ်များကို တော်တော် နှံ့နှံ့စပ်စပ် လေ့လာလိုက်စားခဲ့ဖူးသူ ဖြစ်လေသည်။

ကျွန်ုပ်သည် ထိုမိတ်ဆွေကြီးအား ဧည့်ထောက်ခံပြုရင်း အကြမ်းကရားကို ၎င်း၏ရှေ့သို့ ထိုးပေးလိုက်ပြီးမှ ကျွန်ုပ်၏ တပည့်မောင်ဆီတ်ကျောင်းအား လက်ဖက်များသုပ်၍ ယူဆောင်လာရန် မှာကြားလိုက်လေသည်။

ကျွန်ုပ်မှာ အိမ်သူမ,မရှိသည့် အားလျော်စွာ ကျွန်ုပ်၏ တပည့်ကျော်အားသာလျှင် အားကိုးအားထားပြုလျက် ဗာဟီရကိစ္စများနှင့် အိမ်၏ ချက်ရေးပြုတ်ရေးမှအစ ပြုလုပ်နိုင်သမျှကို ပြုကြရလေသည်။

ကျွန်ုပ်။ ။ ဦးကောက်စုံရဲ့ . . . ကျုပ်က ခင်ဗျားကိုမျှော်နေတာကြာပြီ၊ မေးစရာ,စမ်းစရာ အကြောင်းထူးလေးတွေကလည်း ရှိနေလို့ဗျာ။



ကောက်စုံ။ ။ ဘာအကြောင်းတွေ များပေါ်နေတုံးဗျာ ၊ အကြောင်းကတော့ သိပ်ပြီး ကြီးကျယ်မယ်လို့ . . . မထင်မိပေါင်ဗျာ။

ကျွန်ုပ်။ ။ မကြီးတော့ မကြီးကျယ်ပေဘူးဗျာ၊ သို့ပေမယ့်လည်း စိတ်ဝင်စားစရာကောင်းတဲ့ အချက်နဲ့ ကျုပ်အတွေ့အကြုံလေးတွေကို လင်းစမ်းပြီး မေးစမ်း ကြည့်ချင်လို့ပေါ့ဗျာ။

ကောက်စုံ။ ။ (ရေနွေးကြမ်းအိုးငှဲ၍ တစ်ကျိုက်မျှ သောက်လျှက်) ဆိုစမ်းပါဦးဗျာ၊ ခင်ဗျားပြောတဲ့ စိတ်ဝင်စားစရာ အချက်ဆိုတာက . . .

ကျွန်ုပ်။ ။ ကျုပ်. ဘိုးသူတော်ကြီးတစ်ယောက်ကို တွေ့လိုက်မိတယ်ဗျာ။ အဲဒီ ဘိုးသူတော်ကြီးက အတော်ဝတဲ့ ဘိုးသူတော်ကြီးဗျာ။ သူ့အပြုအမူတွေကလည်း နည်းနည်း ထူးဆန်းနေတယ်ထင်လို့ပါဗျာ။

ကောက်စုံ။ ။(ရယ်မောလျှက် ခေါင်းကိုတဆတ်ဆတ်ညိတ်လိုက်ပြီး) ပိုက်ဆံတောင်းတဲ့ ဗိုက်ပူပူနဲ့ ဘိုးသူတော်ကြီးကို ပြောတာမဟုတ်လား။

ကျွန်ုပ်။ ။ ဟုတ်ပေ့ဗျာ. . . ခင်ဗျားက တွေ့ဖူးလို့လား။

www.burmeseclassic.com

www.burmeseclassic.com



ကောက်စုံ။ ။ တွေ့ဖူးတာပေါ့ဗျာ။ သူက . . မနက်ပိုင်းဆို ဈေးမှာ ပိုက်ဆံတောင်းတယ်။ သူ့ . . ပိုက်ဆံတောင်းပုံက ခပ်တင်းတင်းနဲ့ တောင်းတာ၊ "ပိုက်ဆံပေးဦး မလား" ဆိုပြီး သူ့ရဲ့ ရောမခွက်ကြီးကို ထိုးခံတာ၊ နို့ပြီး နေ့လယ်ဘက်မှာဆို ဘုရား တက်တယ်လေဗျာ။ ညနေဘက်ကျတော့ နန္ဒဝန်က မခွေးမဆိုင်မှာမုန့်ဟင်းခါးဆယ့်နှစ်ပန်းကန်စားတယ်။ ညပိုင်းမှာ ဗိုလ်တထောင်ဆိပ်ကမ်းသွားပြီး ရေ့ဇာသိုက်း ရှုတယ်ဗျာ။

ကျွန်ုပ်။ ။ (စိတ်ဝင်စားစွာဖြင့်) ခင်ဗျားက တော်တော်စုံသွားပဲဗျ။ ခင်ဗျားက နာမည်နဲ့ လိုက်သားဗျ။ ကောက်စုံဆိုတော့ ကောက်ထားတာတွေက တော်တော် စုံသွားပဲဗျ. . . ဆက်စမ်းပါဦး။

ကောက်စုံ။ ။ နာမည်တစ်လုံးနဲ့ နေတာပဲဗျ။ ကောက်စုံဆိုတာ စုံချင်ရင် ကောက်စုံကို မေးဆို့ . . . မဟုတ်လားဗျ။

ကျွန်ုပ်။ ။ ခင်ဗျားကလဲ ညွှန်းနေပြန်ပြီ။ ဆက်မှာသာ ဆက်စမ်းပါဦး။ ကျုပ်က တွေ့လာတော့ စိတ်



ဝင်စားမှု ရှိလာသဗျ။

ကောက်စုံ။ ။ စိတ်ဝင်စားစရာကလားဗျာ။ သူက . . ရိုးရိုးသာမန်ဘိုးသူတော်မှ မဟုတ်တာ။မြေလျှောက်ဝိဇ္ဇာပဲ။

ကျွန်ုပ်။ ။ (မေးချင်ဇောဖြင့်) ဘယ့်နှယ် . . မြေလျှောက်ဝိဇ္ဇာရယ်လို့။ ခင်ဗျားစကားက ခပ်ဆန်းဆန်းပဲ။ ဝိဇ္ဇာ ဆိုလဲ . . ဝိဇ္ဇာပေါ့ဗျ။ ဘယ့်နှယ် မြေလျှောက်ဝိဇ္ဇာရယ်လို့ . . ရယ်စရာကြီး ဟဲ . . . . ဟဲ . . ။

ကောက်စုံ။ ။ မရယ်နဲ့လေဗျာ မိတ်ဆွေရဲ့ ။ မြေလျှောက်ဝိဇ္ဇာမို့လို့ မြေလျှောက်ဝိဇ္ဇာလို့ ဆိုရတာပေါ့ဗျ။ အဲဒါတွေ နောက်မှပြောလေဗျာ။ သူက အထုပ်တစ်ရာဘိုးတော်အဆက် အထုပ်တစ်ရာလို့လဲခေါ်တယ်။

ကျွန်ုပ်။ ။ ရော . . ခက်ကပြီ ဘယ်လိုလဲဗျ။ ဘာအထုပ်တစ်ရာလဲ။ ကျုပ်ဖြင့် နားမလည်တော့အောင်ပဲဗျာ။ ခင်ဗျားနဲ့တွေ့မှ ကျုပ်ဖြင့် အူလည်လည်တောင် ဖြစ်သွားပြီ။

ကောက်စုံ။ ။ အူလည်လည် မဖြစ်နဲ့လေဗျာ။ ကျုပ်က

www.burmeseclassic.com

www.burmeseclassic.com



သိလို့ပြောတာ။ သူက မြေလျှောက်ဝိဇ္ဇာ အထူးတစ်ရာ ဘိုးတော်ပဲ။

ကျွန်ုပ်။ ။ နားလည်အောင် လင်းစမ်းဗျာ ။ ကျုပ်ဖြင့် မပြောတတ်အောင်ဘဲ။ ကျုပ်က ဘိုးသူတော် ထူးထူးဆန်းဆန်းမို့ သိချင်တာလေး မေးမိတာ. . ဘိုးသူတော်အကြောင်း မရောက်ဘဲ ဘယ့်နှယ် အထုပ်တစ်ရာဘက် ရောက်သွားတာလဲ။ အဲဒီ အထုပ်တစ်ရာဆိုတာ ဘာလဲ။ ဘာထုပ်တွေလဲဗျ။

ကောက်စုံ။ ။ အဲဒါ ခက်တယ်ဗျာ။ ရှင်းပြရတာ သိပ်လွယ်လှတာ မဟုတ်လေဘူး။ ကျုပ်ကလဲ ခမ်းစုံစုံလှူဆိုတော့ သူ့ကိုလဲတွေ့ဖူးထားတော့ သူ့ကိုယ်က လူသုံးယောက်စာလောက် ရှိတယ်။ နို့ပြီး ဗိုက်ကလည်း စည်ပိုင်းကြီးတစ်လုံး ထပ်ထားသလို တွေ့ရတော့ စပ်စု စပ်စုံလုပ်မိတာကိုးဗျ။ မုန့်ဟင်းခါး ဆယ့်နှစ်ပန်းကန်စားတာ မြင်လိုက်တော့ ကျုပ် ပက်လက်လန်သွားတယ်။ နို့ပြီး သူက. . မုန့်ဟင်းခါးပဲ စားတယ်တဲ့။

ကျွန်ုပ်။ ။ မုန့်ဟင်းခါးကြီးပဲ စားတာတော့ ကျုပ် မအံ့သြ



ပါဘူး။ လူဟာ အာဟာရ ဖြစ်စေတတ်တာ တစ်ခုခုကို မှီဝဲနေရင် ရတာပဲ။ အဲ. . ဆယ့်နှစ်ပန်းကန်ကတော့. . နည်းနည်း အံ့သြစရာကောင်းတယ်။

ကောက်စုံ။ ။ (ရေနွေးကြမ်းပန်းကန်ကို ထပ်ငှဲ့လျှက်) ကျုပ်လဲ ခင်ဗျားလိုပဲ. . သူ့ကို စိတ်ဝင်စားလို့ သူ့အကြောင်းတွေကို တစေ့တစောင်း လိုက်လေ့လာလိုက်တာ။ အံ့သြစရာတွေအများကြီးပဲတွေ့ရတယ်။

ကျွန်ုပ်။ ။ ဘယ်လို အံ့သြစရာတွေ. . တွေ့ရတာလဲဗျ။

ကောက်စုံ။ ။ သူ့ပိုက်ဆံအလှူခံတာထည့်ရင် အဆင်ပြေတယ်လို့ ဆိုကြတယ်။ စီးပွားလာဘ်လာဘ တိုးတက်တယ်လို့ဆိုတယ်။ နို့ပြီး သူက. . ပိုက်ဆံကြေးပြားစိုင်းလေးတွေလဲ ပေးတတ်တော့ ကျုပ်နဲ့တွေ့တော့ သူကကျုပ်ကို ပိုက်ဆံကြေးပြားနှစ်ပြား ပေးဖူးတယ်ဗျ။

ကျွန်ုပ်။ ။ ကျုပ်နဲ့တွေ့တုန်းကတော့ ကျုပ်ကို လှည့်ပြီး မျက်စောင်းထိုးသလိုကြည့်လို့ ကျုပ်ခေါင်ကြက်သီးတစ်ချက်. . ထ,သွားမိသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကျုပ်က စိတ်ဝင်စားတာ။ ကျုပ်ကိုတော့ ကြေးပြားပေးဖို့နေနေသာသာကြေးစည် ထုတဲ့ဖုနဲ့မျှား ထုမလားတောင် အောက်မေ့ရတယ်။

ကောက်စုံ။ ။ (ရယ်မောလျှက်) သူက သူ့အကြောင်းကို စူးစမ်းရင် မကြိုက်ဘူးဗျ။ ခင်ဗျားက သူ့နောက်လိုက်ချောင်းသလိုလုပ်နေတယ်ထင်လို့ နေလိမ့်မယ်။

ကျွန်ုပ်။ ။ ဟုတ်ပေ့ဗျာ။ ကျုပ်က သူ့နောက်ကို မယောင်မလည်နဲ့ လျှောက်လိုက်နေမိတာကိုး။ ဒါကလည်း ကျုပ်ဝါသနာကိုးဗျ။

ကောက်စုံ။ ။ ဘာလဲဗျ။ ခင်ဗျားက လိုက်ချောင်းကြည့်ရတာကို ဝါသနာပါတာလား . . ဟဲ . . . ဟဲ။

ကျွန်ုပ်။ ။ ခင်ဗျားနှယ်ဗျာ ပြောရော့မယ်။ လေ့လာတာပါကိုယ့်လူရဲ့။ ချောင်းတယ်ဆိုတဲ့ ဝေါဟာရက တစ်မျိုး၊ ကျုပ်တို့ အသက်အရွယ်တွေက ကြီးရင့်နေပါပြီဗျာ။ ကလေးတလား အလုပ်မျိုးတွေတော့ ဘယ်လုပ်ပါ့မလဲ။

ကောက်စုံ။ ။ အသက်ကြီးတဲ့လူတွေက ပိုဆိုးတယ်ဗျ။



ဟဲဟဲ . . မယ်ရွေးပွဲတွေမှာ မှန်ပြောင်းကြီးတွေတစ်ကားကားနဲ့ ထိပ်ပြောင်ကြီးတွေ လုပ်နေကြတာလေဗျာ။(ထိုစဉ်က မယ်ရွေးပွဲများ စတင်ကာစ ရှိသေးသည်)

ကျွန်ုပ်။ ။ တော်ပြီဗျာ။ ခင်ဗျားက စကားကောင်းပြောနေရင် ဖောက်လာပြီ။ ကျုပ်တို့ စကားစတောင် ပျောက်တော့မယ်။

ကောက်စုံ။ ။ (သဘောကျသော အမူအရာဖြင့်) ခင်ဗျား သိချင်တာလေးတွေက လက်တွေ့မှပဲ ကောင်းမယ်ဗျာ၊ ကျုပ်နဲ့ တစ်ခါလောက် လိုက်ခဲ့ပါ။ ကျုပ်က သူနဲ့ အတန်ရင်းနှီးတယ်ဗျ။ သိပ်ကြီးတော့ မဟုတ်ပေဘူး။ သူက ဘိုးသူတော်လေးတွေရဲ့ခေါင်းဆောင်ကြီးဗျ။

ကျွန်ုပ်။ ။ (ပို၍ စိတ်ဝင်စားသွားလျှက်) ခင်ဗျား ပြောတာနဲ့ ကျုပ်ဖြင့် ပိုလို့တောင် စိတ်ဝင်စားသွားသဗျာ။ ကဲ . . ပြော . . ဘယ်နေ့လဲဗျ။ ကျုပ်ကဖြင့် အဆင်သင့်ပါပဲဗျာ။

ကျွန်ုပ်သည် စကားပြောရင်းမှပင် ရေနွေးကြမ်းတစ်ခွက် ကောက်ငှဲ့သောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ မိတ်ဆွေကြီး ဦးကောက်စုံသည် ထိုင်ရာမှ ထလိုက်ကာ ကျွန်ုပ်အား ပြုံးကြည့်ရင်း. . .

"အခုလာမယ့် လကွယ်နေ့မှာ လာခေါ်မယ်ဗျာ။ အဲဒီနေ့မှာ သူတို့ဘိုးသူတော်တွေ ညီလာခံသဘောမျိုး ပြုလုပ်လိမ့်မယ်လို့ သိရတယ်ဗျာ"

ဟူ၍ ပြောဆိုပြီးလျှင် ကျွန်ုပ်အား နှုတ်ဆက်လျှက်ထွက်ခွာသွားလေသွားရာ ကျွန်ုပ်သည် မိတ်ဆွေကြီး ဦးကောက်စုံ၏ ကျောပြင်မှ မြင်းဖုကြီးသဏ္ဍာန်အဖုကြီးကို ငေးလျှက်သား ကျန်ရစ်ခဲ့လေတော့သည်။

□ □ □

(၇)

ကျွန်ုပ်နှင့် ဦးကောက်စုံတို့ တွေ့ဆုံကြသည်မှာ လဆန်း ရက်ဖြစ်၍ ကျွန်ုပ်သည် ဦးကောက်စုံနှင့် နောက်ထပ်တွေ့ရန် ဆယ့်လေးရက်မျှကြာအောင် စောင့်ဆိုင်းလျှက်ရှိပေ၏။

ကျွန်ုပ်တို့ နှစ်ဦး ချိန်းဆိုထားသည်မှာ တန်ဆောင်မုန်း တွယ်ညဖြစ်သဖြင့် ရာသီဥတုမှာ လွန်စွာ ကြည်လင်သော အခါ သမယဖြစ်ပေ၏။

www.burmeseclassic.com



တန်ဆောင်မုန်းလသည် ကြယ်တာရာနက္ခတ်များ စုံညီမှုရှိသောလဖြစ်၍ ကောင်းကင်သည် လွန်စွာ ကြည်လင် ရှင်းလင်းလျှက် ရှိပေ၏။

ညနေပိုင်း ခပ်စောစောကပင် ကျွန်ုပ်၏မိတ်ဆွေကြီး ဦးကောက်စုံသည် ကျွန်ုပ်၏အိမ်သို့ ရောက်လျှက်ရှိကာ ကျွန်ုပ်နှင့် ထွေရာလေးပါးပြောဆိုခြင်း၊ ချက်(စ်)ခေါ် စစ်တုရင်ထိုးခြင်း အမှုများကိုပြုလုပ်လျှက် အားလပ်သောသူများ ပြုလုပ်လေ့ ပြုလုပ်ထရှိသည့် အပျင်းပြေကစားနည်းများကို ဆောင်ရွက်ခြင်း ပြုနေကြလေသည်။

ကျွန်ုပ်နှင့် ဦးကောက်စုံသည် ချိန်းဆိုထားသော အချိန် ည(၇)နာရီ ထိုးသည်နှင့် ကျွန်ုပ်၏အိမ်မှ ကျွန်ုပ်၏မိတ်ဆွေကြီး တစ်ဦးက အကူအညီပေးကာ ငှါးလိုက်သော အော်စတင်ကား နက်မှလေး တစ်စီး ဖြင့် ထွက်ခွာခဲ့ကြပေ၏။

ညဘက်မှောင်နေပြီဖြစ်သဖြင့် ကျွန်ုပ်သည် ကားလမ်း များကို မှုန်မွှားမွှားဖြစ်လျှက်သာ တွေ့ရ၏။

ကျွန်ုပ်၏ ပါဝါမျက်မှန်မှာ ဒီဂရီမကိုက်ဖြစ်လျှက် ပါဝါမလဲရသေးသောကြောင့် ညဘက်တွင် ကျွန်ုပ်၏ မျက်စိမှာ ပို၍ မွဲလျှက်ရှိပေ၏။

ကားမောင်းသူမှာ အရပ်လွန်စွာရှည်သော ကျွန်ုပ်၏ မိတ်ဆွေကြီး၏ ကားဒရိုင်ဘာ လောစံဟူသော တရုတ်ကပြား ကြီးတစ်ဦးဖြစ်လျှက် ၎င်းသည် ခပ်မိုက်မိုက် စလေ့ရှိသည်ဟု သိရကာ တစ်စုံတစ်ခုသော အရေးအကြောင်းပေါ်လျှင် ကျွန်ုပ် သည်လောစံအားသာလျှင် အားကိုးရမည်ဟု စိတ်တွင်း၌ ကြိုတင်တွေးထားလျှက် အော်စတင်ကားစုတ်လေး၏ နောက် ဘက်ဆိုဖာပေါ်တွင် ကျွန်ုပ်နှင့် မိတ်ဆွေကြီးဦးကောက်စုံတို့ နှစ်ဦးသားသည် စကားတပြောပြောနှင့် လိုက်ပါလျှက်ရှိကြ လေသည်။



ကျွန်ုပ်တို့နှစ်ဦးသားသည် ဘိုးသူတော်ညီလာခံသို့ တက်ရောက်ရန် သွားကြခြင်းဖြစ်ရာ ကျွန်ုပ်တို့သည် ထိုအ ကြောင်းကိုပြန်ပြောကြရင်း ရယ်များပင် ရယ်မောနေမိကြသေး တော့သည်။

ကားလေးသည် ခပ်မှောင်မှောင် လမ်းတစ်လျှောက်ကို အတန်ကြာ မောင်းနှင်ပြီးနောက် မြေနီလမ်းတစ်ခု အတွင်းသို့ ချိုးကွေ့လိုက်ရန် မိတ်ဆွေကြီးဦးကောက်စုံက ဒရိုင်ဘာလောစံ အား ညွှန်ကြားလိုက်လေသည်။

ဒရိုင်ဘာလောစံသည် ကားကိုကျင်လည်စွာ ချိုးကွေ့ ခြင်းပြုလိုက်သည်။

"ကိုင်း. . . မိုးကောင်းတော့ ရောက်ပြီဗျို့ ၊ ကျုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



ဆင်းကြရအောင်"

ဟူ၍ ကျွန်ုပ်အား မိတ်ဆွေကြီးဦးကောက်စုံသည် လက်တို့လျှက်ပြောပြကာ ၄င်းက ရှေ့မှဦးဆောင်လျှက်ဆင်းသွားလေတော့သည်။

ကျွန်ုပ်သည်လည်း အောက်သို့ဆင်းလျှက် ကျွန်ုပ်သွားရောက်ရမည့် နေရာကို ကြည့်ရှုလိုက်ရာ မိုးကောင်းဘုရားကြီးအား တွေမြင်ဖူးမြော်ရပြီးလျှင် စေတီ၏ထိပ် ၄က်မြတ်နား၌ မီးလုံးလေး သုံးလုံးကို ထွန်းညှိပူဇော်ထားသည်ကို တွေ့ရလေသည်။

မိုးကောင်းဘုရားဝင်း၏ ပတ်လည်၌ မည်သည့်လူသူ အရိပ်အယောင်မျှ တွေ့ရခြင်းမရှိဘဲ ငြိမ်သက်အေးချမ်းလျှက် ဆည်းလည်းကလေးများမှ ချိုသံလေးများကိုသာလျှင် ကြားရလျှက်ရှိဝေသည်။

□ □ □

(၈)

မိုးကောင်းဘုရား၏ ပတ်ဝန်းကျင်မှာ အေးဆေးဆိတ်ငြိမ်လျှက် လူသူလေးပါး လုံးဝကင်းရှင်းလျှက်ရှိသည်ကို တွေ့ရလေ၏။

မိတ်ဆွေကြီး ဦးကောက်စုံသည် ဘုရား၏ ပုရဝုဏ်အတွင်းသို့ ခုပ်သွက်သွက်လှမ်း၍သွားရာ ကျွန်ုပ်သည် ၄င်းနှင့် လှမ်းမကမ်းမှနေ၍ လိုက်ပါလျှက် အခြေအနေကို အကဲခတ်

www.burmeseclassic.com

www.burmeseclassic.com



၍လိုက်ခဲ့ခြင်း ပြုရပေ၏။

မိုးကောင်းဘုရားမှာ တောဘုရား ခပ်ဆန်ဆန်ဖြစ်၍ အနီးအပါး၌ ချုံနွယ်ပိတ်ပေါင်းများစွာနှင့် မြေနီလမ်းကျဉ်းသာ ရှိ၍ ဤနေရာတွင် တစ်စုံတစ်ခုသော ဘေးအန္တရာယ်ကျရောက် လာလျှင် ပြေးရန်လွှားရန် လွယ်ကူခြင်းမရှိဟု တွေးထင်၍ ကျွန်ုပ်၏စိတ်တွင်း၌ မသိုးမသန့် အတွေးများကို တွေးမိခြင်း များ ရှိလာသည်။

ဦးကောင်းစုံသည်ကား ရောက်ဖူး၊ သွားဖူးနေကျ နေရာ ကိုသွားနေသောပုံစံဖြင့် ခပ်သွက်သွက် ရှေ့မှလျှောက်၍ သွား နေလေသည်။

ကျွန်ုပ်တို့ နှစ်ဦးသားသည် ဘုရားကြီးအား တစ်ပတ် လက်ယာရစ်လှည့်၍ ပတ်လိုက်ကြ၏။ ရင်ပြင်တော်ပေါ်၌ လူသ တစ်ဦးတစ်ယောက်မျှ မတွေ့ရပေ။

ဘုရားကြီးပေါ်တွင် အလင်းရောင်မှာ ခပ်မှုန်မှုန်ဖြ သာရှိရာ တစ်စုံတစ်ခုသောနေရာမှ ဥစ္စာစောင့်များ ထွက်လ လေမည်လားဟူ၍ ကျွန်ုပ်၏စိတ်တွင်း၌ ချောက်ချားခြင်းပ ဖြစ်လာမိလေ၏။

မိုးကောင်းဘုရားတွင် ဥစ္စာစောင့်များ ညဘက်၌ ြ ထူးလှသည်ဟူ၍ ပြောသံဆိုသံများကြားဖူးထားရာ ကျွန်ုပ်သ



ဘိုးသူတော်နှင့် မတွေ့ရဘဲ ဥစ္စာစောင့်တွေကိုများ တွေ့ရလေ မည်လားဟူ၍ စိတ်တွင်း၌ အတွေးပေါ်၍လာ၏။

အကြောင်းမူကား ကျွန်ုပ်တို့သည် မိန်းမလှကလေးတစ် ဦးကို ရုတ်တရက် တွေ့လိုက်ကြရခြင်းကြောင့် ဖြစ်ပေ၏။

ထိုမိန်းကလေးသည် ဆံပင်ဖားလျားချထားကာ ရှည် လျားသောဆံပင်ကို ကော့နေအောင်ဖြီးသင်ထားပြီး ဘုရား၏ ရာဟုထောင့်တွင် ရပ်နေပေသည်။

ကျွန်ုပ်သည် ထိုမိန်းကလေးကို ရုတ်တရက် တွေ့လိုက် ရသောအခါ စိတ်ထဲတွင် တုန်လှုပ်သွားကာ. . .

"ဟော့လူ ကိုကောက်စုံ. . ဘိုးသူတော်တွေက ဘယ်မှာ လဲဗျ။ ဟိုမှာတွေ့နေရတဲ့ မိန်းကလေးကို ကျုပ်ဖြင့်. . . သိပ် မရိုးလှဘူး ထင်တယ်"

ဟူ၍ ပြောလိုက်လေရာ ကျွန်ုပ်၏မေးခွန်းကို မိတ်ဆွေ ကြီး ဦးကောက်စုံသည် တစ်စုံတစ်ရာပြန်လည် ဖြေကြားခြင်း မရှိဘဲ ၎င်းအမျိုးသမီးလေး ရပ်လျှက်ရှိသော ရာဟုထောင့် ဘက်သို့ဦးတည်လျှက် ခပ်သွက်သွက်ထွက်သွားလေရာ ကျွန်ုပ် သည် ၎င်း၏နောက်မှ ကပ်လျှက်လိုက်သွားရပေတော့သည်။

☐ ☐ ☐

www.burmeseclassic.com

www.burmeseclassic.com

## (၉)

အနီးသို့ရောက်သောအခါမှ ထိုမိန်းကလေး၏ အဆင်းအသွင်ကို ထင်ထင်ရှားရှားတွေ့မြင်ရတော့သည်။မိန်းကလေးမှာ မိန်းမတစ်ယောက်၏ သင့်တင့်မျှတသော အရပ်အမောင်းအတိုင်းရှိပြီး ရှည်လျားသောဆံပင်သည် ဖနောင့်ရင်းသို့တိုင်ကော့ပျံ့လျှက် ပိတုန်းရောင်အသွင် နက်မှောင်ထွန်းလျှက်ရှိရာ သူမ၏ဖြူနုသွယ်ပျောင်းသော မျက်နှာသည် ထိုဆံပင်၏

www.burmeseclassic.com

www.burmeseclassic.com



ခြံရှုမှုကောင်းခြင်းကြောင့် ဝင်းစိုလှပစွာ ပေါ်လွင်နေပေ၏။

ပေါ်လွင်သော နှာတံ၊ စိမ်းမှောင်သော မျက်ခုံး၊ ကော့မျှသော မျက်တောင်၊ နီထွေးပြေပြစ်အချိုးကျလှသည့် နှုတ်ခမ်း၊ ဘယ်ဘက်တွင် ပါးချိုင့်တစ်ခွက်ပါသော ပါးပြင်နှင့် အတန်မျှမြင့်မားခန့်ကျယ်လှသည့်မဟာနဖူးတို့ဖြင့် ပေါင်းစပ်ထားလေရာ သူမမျက်နှာသည် အလွန်စွဲမက် မြတ်နိုးဖွယ်ကောင်းအောင် လှနေပေတော့သည်ဟု ကျွန်ုပ်၏ စိတ်အတွင်း၌ အကြိမ်ကြိမ် ဝန်ခံနေမိတော့သည်။

မိုးကောင်းဘုရားအတွင်း၌ လျှပ်စစ်မီးလုံး အချို့သာ ခပ်မှိန်မှိန် ထွန်းလင်းလျက်ရှိ၏။

ထက်ကောင်းကင်တွင် ရာသီဥတုကြည်လင်လျက် ကြယ်စုံအောင် မြင်နေရပေသည်။

တန်ဆောင်မုန်း လကွယ်ညဖြစ်ရာ နက္ခတ်များ စုံညီစွာ ထွက်ပေါ်လျက် ဖြူပြာလဲ့သော ကြယ်တာရာရောင်များသည် မြေပြင်သို့တိုင် ရိုက်ခတ်လျက်ရှိသော်လည်း အမှောင်ထုပြိုကွဲအောင်တော့ မလင်းနိုင်ပါချေ။

ထိုသို့ မိုးကောင်းဘုရားအတွင်း အလင်းရောင် မှုန်ပျပျသာရှိနေသော်လည်း အထက်ဖော်ပြပါအတိုင်း ဘုရားကြီးအား လက်ယာရစ် တစ်ပတ်ပတ်လိုက်စဉ် ရုတ်တရက် တွေ့မြင်လိုက်ရ



သော ထူးဆန်းသည့် မိန်းကလေး၏ သွင်ပြင်ကိုမူ မှုန်ပျပျ အလင်းရောင်အောက်၌ပင် ထင်ရှားပီသစွာ မြင်နေရခြင်းမှာ အံ့ဩဖွယ် ကောင်းလှပေသည်။

ကျွန်ုပ်သည် မိတ်ဆွေကြီး ဦးကောက်စုံအားတွင် ရပ်လျက် သူမကို အနီးကပ် ကြည့်ရှုနေခြင်းနှင့် သူမ၏ လှပသော ကိုယ်ခန္ဓာရုံကို အာသာငမ်းငမ်း စူးစိုက်ကြည့်ရှုခြင်းတို့ကြောင့် ဤမျှနည်းပါးလှသော အလင်းရောင်အောက်မှာ သူမ၏သွင်ပြင်ကို ထင်ထင်ရှားရှား မြင်နေရခြင်းပေပဲလား။ သို့တည်းမဟုတ် ဥစ္စာစောင့်များသည် ညအမှောင်မှာပင် ကိုယ်ရောင်တောက်၍ မြင်တွေ့ရတတ်သည်ဟူသော ကြားဖူးသည့် ရှေးစကားအတိုင်း သူမသည် လူသာမန်မဟုတ်သောကြောင့်ပေလား ဟူ၍ ဝေခွဲမရနိုင်ဘဲ စိတ်အတွေး ပျံ့လွင့်နေပေတော့၏။

ထိုအချိန်တွင် မိတ်ဆွေကြီး ဦးကောက်စုံက. . .

"ဟဲ့. . . နာဂနွယ်ရီ၊ နင်က အဖော်မပါဘဲနဲ့ အခုလိုမှောင်မိုက်တဲ့ တန်ဆောင်မုန်းလကွယ်ညမှာ ဘုရားပေါ်မှာ တစ်ယောက်တည်း. . . ဘာ လာလုပ်နေတာလဲ"

ဟု ရုတ်တရက်. . မေးမြန်းလိုက်သည်။

ဦးကောက်စုံ၏ မေးမြန်းသံကို ကြားသိရသောအခါမှ ဤမိန်းကလေးသည် "နာဂနွယ်ရီ"ဟု အမည်ရှိသော သာမန်

www.burmeseclassic.com

www.burmeseclassic.com



လူသားမိန်းကလေးသာဖြစ်ပြီး ဦးကောက်စုံကိုယ်တိုင်နှင့်လည်း သိကျွမ်းရင်းနှီးခင်မင်နေပုံရသည်ကို တွေ့မြင်ရသောကြောင့် ဟိုဟိုသည်သည် တွေးနေမိသော ကျွန်ုပ်၏စိတ်များသည် ငြိမ်သက်သွားလေတော့သည်။

ဆံပင်ဖားလျားချထားသော ထိုမိန်းမချောလေးက ဦးကောက်စုံကို ခပ်စိမ်းစိမ်းကြည့်ပြီး. . .

"ရှင်. . . လူမှား နေပါတယ်။ ကျွန်မက နာဂနွယ်ရီ မဟုတ်ပါဘူး. . ."

ဟု ခန့်ညားပီသသော အသံဖြင့် ပြောလိုက်လေ၏။

ဦးကောက်စုံသည် တစ်ချက်တွေဝေသွားပြီးမှ. . .

"ဩော်. . ဩော်. . . ငါလည်း ရှုတ်တရက်ဆိုတော့ လူမှားသွားတယ်။ နာဂနွယ်ရီရဲ့ဆံပင်က ခြေသလုံးဖော် အထိပဲ ရှည်တာ။ နင်က ဖနောင့်အထိ ဆံပင်ရှည်ကျနေတာဆိုတော့ မန္တလေး မဟာမြတ်မုနိဘုရားက နာဂသီသီပဲ ဖြစ်မယ်"

ဟု အပိုင်ပြောလိုက်၏။

"ကျွန်မ. . နာဂသီသီလဲ မဟုတ်ပါဘူး"

မိန်းမချောက. . အမြန် ငြင်းလိုက်ပြန်သည်။

"ဟင်. . . နင် နာဂသီသီလဲ မဟုတ်ဘူးဆိုရင် ဘယ်သူ ဖြစ်ဦးမှာလဲ။ မြန်မာပြည်မှာ ရုပ်ချင်းခွဲမရအောင်တူပြီး နာမည်



ချင်းလဲဆင်တဲ့ လူဝင်စားမိန်းကလေး နှစ်ယောက်ပဲရှိတာ။ တစ်ယောက်က ရန်ကုန်မြို့ ရွှေတိဂုံဘုရားမှာ နိဗ္ဗာန်ကုန်ဆိုင် ဖွင့်ထားပြီး အဘဦးကြည်၊ အမိ ဒေါ်ငွေရက မွေးတယ်။ ထစ်ယောက်က မန္တလေးမြို့ မဟာမြတ်မုနိဘုရားမှာ နိဗ္ဗာန်ကုန် ဆိုင်ဖွင့်ထားပြီး အဘ ဦးခလယ်၊ အမိ ဒေါ်နန်းရင်ကမွေးတယ်။ ကဲ. . . နင်ဘာငြင်းဦးမလဲ။ ငါကိုယ်တိုင်လဲ နင်တို့ လူဝင်စား နှစ်ယောက်ကို ဆယ်ကြိမ်ထက်မနည်း မြင်ဖူး၊ တွေ့ဖူး၊ စကား ပြောဖူးပါတယ်။ နင်. . ခပ်တည်တည်နဲ့ မငြင်းပါနဲ့။ နင်ဟာ နာဂနွယ်ရီ မဟုတ်တာတော့. . . အမှန်ပဲ၊ နာဂနွယ်ရီက ဆံပင် ဒီလောက် မရှည်ဘူး။ နင်ဟာ. . နာဂသီသီပဲ ဖြစ်ရမယ်"

မိန်းကလေးက ခပ်သာသာ ပြုံးလိုက်ပြီး သူမ၏ လက်ယာဘက် လက်မောင်းကိုမြှောက်၍ ဦးကောက်စုံရှေ့သို့ ထိုး၍ ပြလိုက်သည်။

"ရှင် သေသေချာချာ. . ကြည့်စမ်းပါဦး။ ကျွန်မ လက် မောင်းကနေ လက်ဖျံအထိ ပတ်ဆင်းသွားတဲ့. . . ဒီနဂါးပတ် မှဲ့မျိုးကို ဘယ်သူ့ဆီမှာ ရှင်တွေ့ဖူးလို့လဲ"

သူမသည် အင်္ကျီလက်စက နံ့သာရောင်ကို ဝတ်ထားသော် လက်မောင်းရင်းမှသည် လက်ဖျံအထိ မှဲ့နီမှဲ့နက်ကလေးများ တစ်လုံးစီခြားလျှက် ပတ်ဆင်းသွားသည်မှာ နဂါးတစ်ကောင်၏

www.burmeseclassic.com



အမောက်သဏ္ဍာန်ပါမကျန်၊ တူလွန်းလှသည်ကို အထူးတဆန်း ပင် တွေ့မြင်လိုက်ရလေ၏။

□ □ □

(၁၀)

ဦးကောက်စုံ ဝန်ခံလိုက်ရတော့၏။

"ဟုတ်. . . ဟုတ်တယ်။ ဒီလို နဂါးပတ်မဲ့မျိုးကိုတော့ ကျုပ် တစ်သက်နဲ့တစ်ကိုယ် တစ်ကြိမ်မှ . . မမြင်ဖူးဘူး"

"ကျွန်မနဲ့ တွေ့ပြီးတဲ့နောက်မှာတော့ ရှင်ဟာ ရှင့်နာ မည်ကို ပြောင်းပစ်သင့်ပြီ။ ဘာကြောင့်လဲဆိုတော့ ရှင်ဟာ အရာရာကို ကောက်ယူ၊ တွေ့ရှိ၊ သိမြင် စုံနှံ့ခဲ့ပြီလို့ ထင်နေ

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ဘာကိုမှစုံလင်အောင် မသိသေးလို့ဘဲ. . ဦးကောက်စုံ"

"ဗျာ. . . မင်းက ငါ့နာမည်ကို သိနေတယ်ပေါ့"

"ကျွန်မ သိထားတာတွေ. . အများကြီးရှိပါတယ်ရှင်၊ ရှင်တို့ အခု. . ဒီမိုးကောင်းဘုရားကို ရောက်လာတာဟာ ဗိုက်ပူဘိုးသူတော်လို့ခေါ်တဲ့ မြေလျှောက်ဝိဇ္ဇာ အထုပ်တစ်ရာ ဘိုးသူတော်ညီလာခံကို လာတာမဟုတ်လား။ ရှင်တို့ ပြန်ပေတော့။ ဒီနှစ် ဒီညမှာ ဘိုးသူတော်ညီလာခံ. . မကျင်းပဖြစ်တော့ဘူး"

"ဟင်. . . ဘာကြောင့်လဲ။ နှစ်တိုင်း တန်ဆောင်မုန်းလကွယ်ညရောက်ရင် ဒီမိုးကောင်းဘုရားမှာ ဗိုက်ပူဘိုးသူတော်ဦးဆောင်ပြီး သူ့ရဲ့ ဘိုးသူတော်လေးတွေနဲ့ ဆုံစည်းနေကျပဲဟာ"

"ယခင်နှစ်တွေကတော့ အဲဒီအစဉ်အလာဟာ မှန်ပေလိမ့်မယ်၊ အခုတော့. . . အဲဒီအစဉ်အလာ မျက်သွားပြီ"

"ဘာကြောင့်များလဲ"

"ကျွန်မကြောင့်ပေါ့။ ကျွန်မကြောင့် ဒီအစဉ်အလာဟာ နှစ်စဉ်နှစ်တိုင်း ပျက်သွားပြီလို့ ရှင်မှတ်လိုက်ပါ။ ဗိုက်ပူ ဘိုးသူတော်တို့ရဲ့ညီလာခံကို ကျွန်မဖျက်လိုက်ပြီ"

"မင်းက ဖျက်လိုက်ပြီ. . . ဟုတ်လား။ မင်းလို မိန်းကလေးတစ်ယောက်က ဗိုက်ပူဘိုးသူတော်ကို နှောင့်ယှက်နိုင်သတဲ့လား။ နှောင့်ယှက်နိုင်ပြီ ထားပါဦး။ ဘာကြောင့်. . မင်းက



နှောင့်ယှက်ရတာတဲ့လဲ"

ထိုမိန်းမချော၏ မျက်နှာမှာ တင်းမာခက်ထန်သွားပြီး ဆတ်ခနဲ သူမလက်ကို ဦးကောက်စုံ၏မျက်နှာရှေ့သို့ ဖြန့်ကာလိုက်ပြီး . . .

"တော်ပြီ။ ရှင်မေးတာကို ဒီထက်ရှေ့ဆက်ပြီး ကျွန်မ မဖြေလိုတော့ဘူး။ ဒီတော့ ရှင်တို့. . ပြန်ဖို့အချိန်ကျပြီ။ ဒီမှာဆက်နေရင် ရှင်တို့ကို. . ကျွန်မ အန္တရာယ်ပေးမိလိမ့်မယ်။ ရှင်တို့ ပြန်ကြတော့. . ."

ဟု ပြောလိုက်၏။

ထိုသို့ အသံခပ်မာမာဖြင့် သူမ စကားပြောနေစဉ်တွင် သူမမျက်နှာပေါ်၌ သွေးရောင် ရဲခနဲဖြစ်လိုက်၊ ဖြူခနဲဖြစ်လိုက်နှင့်ထူးဆန်းစွာ ပြောင်းလဲသွားရုံသာမက သူမ၏ မျက်လုံးများသည် အလွန်စူးရဲလာကာ တောက်ပြောင်လာလေတော့သည်။

ရုတ်တရက်ကြည့်လိုက်လျှင် မျက်လုံးထဲမှ မီးတောက်ကလေးများ ထွက်နေသည်ဟုပင် ထင်ရတော့၏။

သူမ၏ အကြည့်ကို တုံ့ပြန်အားပြိုင်ကြည့်နေမိသော ဦးကောက်စုံသည် အကြည့်ဒဏ်ကို မခံနိုင်တော့ဘဲ ခေါင်းကို ရုတ်ခြည်းငုံ့ချလိုက်သည်။

ထို့နောက် တုန်ယင်သောအသံဖြင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေကြီး ၊ ကျုပ်. . . ကျုပ်တို့ ပြန်ကြရအောင်၊ ကျုပ်စိတ်ထဲမှာ ဆက်နေရမှာ ကြောက်လာတယ်။ ဘယ်လိုဖြစ် သလဲ. . . မသိဘူး"

ဟု ပြောကာ ကျွန်ုပ်လက်ကို အတင်းဆွဲခေါ်လေတော့ သည်။

ကျွန်ုပ်လည်း ဦးကောက်စုံ ဆွဲခေါ်ရာနောက်သို့ ခြေ တစ်လှမ်း နှစ်လှမ်းခန့် ပါသွားပြီးနောက် ရုတ်တရက် နောက်မှ ကြားလိုက်ရသော ခေါက်သံကြောင့် ဦးကောက်စုံနှင့်အတူ ခြေလှမ်း တုံ့ခနဲ ရပ်တန့်သွားမိလေတော့သည်။

"ရှင်တို့ နှစ်ယောက်စလုံး. . ရပ်လိုက်စမ်း"

ခါးတစ်ဖက်ထောက်၍ ခပ်စိမ်းစိမ်းကြည့်နေသော မိန်း ကလေးထံမှ ထွက်ပေါ်လာသော အသံဖြစ်သည်။

တစ်ဆက်တည်းပင်. . .

"ရှင်တို့နှစ်ယောက် ဘုရားကိုလာပြီး ပြန်တဲ့အခါ တော့ ဘုရားကို ဦးချရကောင်းမှန်း မသိကြဘူးလား။ အတော် ကိုပဲ အရိုင်းအစိုင်း ဆန်လှတဲ့လူတွေပဲ"

ထိုပြောဆိုသံကို ကြားသောအခါ ဦးကောက်စုံတော့ မည်သို့ဖြစ်မည်မသိ။ ကျွန်ုပ်၏ မျက်နှာပေါ်မှာ ရှိန်းခနဲ၊ ဖိန်းခနဲ ဖြစ်သွားအောင်ပင် ရှက်သွေးများ ဖြန်းသွားမိတော့သည်။



ကျွန်ုပ်က. . .

"ဟုတ်သားပဲ. . . ဦးကောက်စုံ၊ ကျုပ်တို့ ဘုရားကို ဦးချပြီးမှ ပြန်သင့်တာပေါ့"

ဟုပြောလိုက်ကာ ဦးကောက်စုံလက်ကိုဆွဲပြီး ဘုရားရှေ့ တွင် ဒူးတုပ်ထိုင်လျက် ဦးသုံးကြိမ် ချမိကြော့သည်။

"သာဓု. . . သာဓု. . . သာဓု. ."

သာယာကြည်လင်သော သာဓုခေါ်သံသည် အနောက် ဘက်မှ ထွက်ပေါ်လာပြီးနောက် ထိုမိန်းမချောသည် ပြုံးရွှင် သော မျက်နှာထားဖြင့် ကျွန်ုပ်တို့နှစ်ဦးထံ ရွှေဝါရောင်ရှိသော ဝါဆို ဖယောင်းတိုင်ကြီးကို လှမ်းပေးလိုက်ပြီး. . .

"ရှင်တို့အတွက်. . ကျွန်မက ကူညီပံ့ပိုးပြီး ကုသိုလ်လုပ် ပါရစေ။ ဒီဝါဆိုဖယောင်းတိုင်ကို ဘုရားမှာ မီးထွန်းပူဇော်သွား ကြပါဦးရှင်. . ."

ဟု ပြောလိုက်လေ၏။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

ကျွန်ုပ်သည် ဦးကောက်စုံဘက်သို့ ခေါင်းငဲ့ကြည့်လိုက်သောအခါ ဦးကောက်စုံမှာ ထိုမိန်းမချောကို မော့၍ မကြည့်သည့်ပမာ ခေါင်းကိုသာ အတွင်ငုံ့ထားသည်ကို တွေ့ရသဖြင့် ကျွန်ုပ်လည်း ထိုမိန်းမချောလှမ်းပေးနေသော ရွှေဝါရောင်ဝါဆိုဖယောင်းတိုင်ကြီးကို လှမ်းယူလိုက်ရပေတော့သည်။

ထိုမိန်းမချောက ဝါဆိုဖယောင်းတိုင်နှင့်အတူ နတ်သမီး,

www.burmeseclassic.com

www.burmeseclassic.com



တံဆိပ်သစ်သား မီးခြစ်ကိုပါ လှမ်းပေးသောကြောင့် အခန့်သင့် ပင် ဘုရားရှေ့ရှိ ဆီမီးပူဇော်ရာ သံစားပွဲခုံပေါ်သို့ မီးထွန်းညှိ ထားကာ ပူဇော်လိုက်လေတော့၏။

ထိုသို့ ဝါဆိုဖယောင်းတိုင်ကြီးကို သံစားပွဲခုံပေါ်တွင် တင်ထွန်းလိုက်သောအခါ မမျှော်လင့်သောအဖြစ်အပျက်များ က ထူးဆန်းစွာ ဖြစ်ပေါ်လာလေတော့၏။

ထူးဆန်းစွာ ဖြစ်ပေါ်လာပုံမှာ အစပိုင်းတွင်ဖယောင်း တိုင်မီးတောက်သည် တဖျစ်ဖျစ် တခြစ်ခြစ်အသံမြည်လာပြီး **အရှိန်**ပြင်းစွာ တဟဲဟဲ စတင်လောင်မြိုက်ခြင်း ပြုနေလေ၏။

ပတ်ဝန်းကျင်မှ မည်သည့်လေမျှ တိုးတိုက်ခြင်း မပြု... အဘယ်ကြောင့် ဤမျှမြန်ဆန်အားကောင်းစွာ ဝါဆိုဖယောင်း တိုင်ကြီး လောင်မြိုက်ကုန်ဆုံးနေသည်မသိ။

မကြာခင် အချိန်အတွင်းမှာပင် ဖယောင်းတိုင် တစ်ဝက် ကျော်ကျိုးအောင် အရည်ပျော်ကျသွားခဲ့သည်။

ခဏချင်းမှာပင် ဖယောင်းတိုင်မှာ ငါးပုံလေးပုံ လော... ကျွမ်းသွားပြီး ငါးပုံတစ်ပုံသာ ကျန်သောအခါမှ အရှိန်ပြင်း... လောင်ကျွမ်းမှု ရပ်သွား၏။

ပုံမှန်သာ တောက်လောင်နေတော့သည်။

ထိုအချိန်တွင် အလွန်အံ့သြဖွယ် သဏ္ဍာန်ကို မြင်...



...ရပေတော့သည်။

ဖယောင်းတိုင်ပေါ်မှ လောင်ကျွမ်း စီးကျသွားသော ...ယောင်းရည်များသည် သံစားပွဲခုံ မျက်နှာပြင်ပေါ်တွင် ဟိုဟို သည်သည် စီးဆင်းနေရာမှ အလိုအလျောက်ပင် ကြာဖူးကြာပွင့် ကြီးသဏ္ဍာန် ပီပြင်စွာ ဖြစ်ပေါ်လာပေတော့သည်။

အဆိုပါ မိန်းကလေးသည်လည်း ကြာပွင့်သဏ္ဍာန်ကို မြင်တွေ့ရုံ**သာမက** အလွန်စိတ်ဝင်စားစွာ အာရုံစူးစိုက်၍ ကြည့်နေကြောင်း တွေ့မြင်ရလေသည်။

ထို့နောက် စကားလုံး ပီသကွဲပြားခြင်း မရှိသော အာမေဋိတ်သံတစ်ခု သူမထံမှထွက်ပေါ်လာပြီး သူမသည် ...စားပွဲ မျက်နှာပြင်ပေါ်သို့ စီးကျနေသော ဖယောင်းရည်များကို ...မ၏ လက်ညှိုးသွယ်သွယ်ဖြင့် လှမ်း၍ တို့ထိလိုက်၏။

သူမ လက်ညှိုးသွယ်သွယ်ဖြင့် လှမ်း၍ တို့ထိလိုက်သည် ... အပူရှိန်ကြောင့် ပျော့ပျောင်းစီးပျော်နေသော ဖယောင်း ...ည်များသည် ချက်ချင်း အေးခဲသွားလေတော့၏။

ပတ်ဝန်းကျင်မှ ငြိမ်သက်နေသော လေကလည်း ချက် ...း တသုန်သုန် တိုက်ခတ်စပြုတော့သည်။

အေးမြသော လေပြည်လေညင်းကြောင့် ကျွန်ုပ်၏ ...တွင် လန်းဆန်းသွားရပေ၏။

www.burmeseclassic.com



သူမက လက်ညှိုးဖြင့် ထိထားသော အေးခဲနေပြီဖြ
သည့်ကြာပွင့်သဏ္ဍာန်ပေါ်နေသော ဖယောင်းရည်စီးကြောင်း
အနီးကပ် စူးစိုက်ကြည့်နေလေသည်။

ကျွန်ုပ်လည်း သူမ နည်းတူကြည့်လိုက်ရာ ကြာပွ
ပုံသဏ္ဍာန် ဖယောင်းရည်စီးကြောင်းသည် အေးခဲသွားသေ
အခါ အဝါတစ်ကန့် အနီတစ်ကန့်ဖြစ်လျှက် ကြာပွင့်မှာလည်
တစ်ပွင့်တည်း မကတော့ဘဲ ငါးပွင့်ငါးခိုင်သဏ္ဍာန် ပြောင်း
ဖြစ်ပေါ်နေသည်ကို တွေ့ရတော့၏။

ထိုမိန်းမချောလေး၏ မျက်နှာသည် ဖြည်းညင်း
မော့လာပြီးနောက် ကျွန်ုပ်၏မျက်နှာကို တည်ငြိမ်လေးနက်
စိုက်ကြည့်ရင်း. . .

"ရှင့်နာမည်က. . ဘယ်လို ခေါ်ပါသလဲ၊ သိခွင့်ရှိ
တစ်ဆိတ်လောက် သိပါရစေရှင်"

ဟု ကြည်လင်ချိုအေးသောအသံဖြင့် မေးလိုက်၏
ကျွန်ုပ်က နှာခေါင်းပေါ် အနည်းငယ် လျှောကျ
သော ဒီဂရီမျက်မှန်ကို နှာခေါင်းရင်းသို့ လက်မနှင့်တွန်း
လိုက်ရင်း. . .

"သိရပါတယ်ဗျာ၊ ကျွန်တော့်နာမည်. . နေထွန်းလ
ပါတဲ့"



ဟု ကောင်းမွန်စွာ ဖြေကြားလိုက်၏။

သူမက "နေထွန်းလင်း. . . နေထွန်းလင်း"ဟု ကျွန်ုပ်၏
အမည်ကို တဖွဖွရေရွတ်ရင်း ကျွန်ုပ်အား စူးရှသောအကြည့်နှင့်
လှမ်းကြည့်လျှက် ကျွန်ုပ်မျက်နှာပေါ်တွင် ခက်ခဲသောပုစ္ဆာ
တစ်ပုဒ်ကို အဖြေထုတ်နေသည့်ပမာ မျက်တောင်မခတ်စတမ်း
စိုက်ကြည့်နေလေတော့၏။

ထို့နောက်မှ သူမအာရုံထဲတွင် တစ်စုံတစ်ရာကို တွေ့ရှိ
သွားသည့်အလား နှုတ်မှ. . .

"ဟင်"

ဟု အာမေဍိတ်သံပြုပြီး. . မျက်တောင်တဖျတ်ဖျတ်
ခတ်ကာ ကျွန်ုပ်၏မျက်နှာကိုကြည့်နေသော သူမ၏အကြည့်
သည် ပြောင်းလဲသွားလေတော့သည်။

သူမ မျက်လုံးထဲမှအဓိပ္ပါယ်ကို ကျွန်ုပ် အကဲခတ်မိ
သလောက်ဆိုရပါလျှင် ချစ်မြတ်နိုး စုံမက်သော၊ ခင်မင် နှစ်လို
သော၊ တွယ်တာ နှောင်ဖွဲ့သော အကြည့်ဖြစ်ပေသည်ဟု ဆိုဝံ့
ပေသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

သူမက. . .

"ကိုနေထွန်းလင်း။ ရှင့်ရဲ့ကျောပြင်မှာ. . . ကြယ်ပွင့်သဏ္ဍာန်နဲ့ဆင်ဆင်တူတဲ့ စာနီအမှတ်အသားတစ်ခု ရှိတယ်ဟုတ်လား"

ဟု မေးလိုက်၏။

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မှာ အာမေဋိတ်သံတစ်ခုသာ နှုတ်မှလွှတ်ခနဲ ထွက်သွားနိုင်ပြီး. . . အခြား မည်သည့်စကားမျှ မဆိုနိုင်ပါတော့ချေ။

သူမအနေနှင့်. . ကျွန်ုပ်၏ အင်္ကျီအဝတ်အစားများ အောက်ရှိ ကျောပြင်ပေါ်မှ စာနီအမှတ်အသားကို ဘယ်ပုံဘယ်နည်း သိရှိနေပါသလဲဟု စဉ်းစားရန် အလွန်ခက်ခဲလှပေ၏။

"ကျွန်မ ရှင့်ကို ပြန်တွေ့ရတဲ့အတွက်. . ဘယ်လောက် ဝမ်းသာနေတယ်လို့ ထင်သလဲ"

ကျွန်ုပ်သည် မည်သည့်စကားမျှ မဆိုနိုင်ဘဲ ကြက်သေသေ၍သာ သူမကို ငေးကြည့်နေမိတော့၏။

သူမက သက်ပြင်းချလိုက်ပြီး. . .

"အင်းလေ. . . ရှင်ကတော့ ဇာတ်ကြောင်းကို ဘာမှ သိလိမ့်မယ်မဟုတ်ဘူး။ နောင် အခါအခွင့်သင့်မှပဲ ရှင့်ကို အသေအချာ ရှင်းပြပါ့မယ်။ အခုတော့ အချိန်မရှိတော့ပြီမို့ ရှင်ပြန်ပေတော့"

သူမ၏ ရွှန်းရွှန်းစားစား တောက်ပနေသော မျက်ဝန်းများသည် ကျွန်ုပ်၏ ရင်ကိုထွင်းဖောက်ကာ နှလုံးသားကိုလွှမ်းမိုးလျက် အမိန့်ပေးနေသည်ဟု စိတ်တွင်ထင်လာကာ သူမက ပြန်ခိုင်းသည့်အတိုင်း ပြန်ရန်အတွက် ကိုယ်ကို လှည့်လိုက်ပြီး



ခြေလှမ်းမှန်မှန်ဖြင့် မိုးကောင်းဘုရားဝင်း အတွင်းမှ ထွက်ခဲ့ရပေတော့၏။

ဦးကောက်စုံသည်လည်း ကျွန်ုပ်နှင့်အတူ ထက်ကြပ်မကွာ လိုက်ပါလာခဲ့၏။

ထိုအချိန်တွင် ဘုရားဝင်းအတွင်းမှ လှမ်းပြောလိုက်သော သူမ၏အသံကို ပဲ့တင်သံများထပ်လျက် နားအတွင်း၌ ပီပြင်စွာ ကြားလိုက်ရလေသည်။

"ပြန်ပေဦးတော့ ကိုနေထွန်းလင်းရေ. . ၊ ကျွန်မတို့ တစ်ရံတွေ. . . တစ်နေ့နေ့၊ တစ်ချိန်ချိန်မှာ ကျိန်းသေပြန်ဆုံကြပါဦးမယ်၊ ပြန်ဆုံတဲ့အခါကြရင်သာ ကျွန်မကိုမမှတ်မိဘဲ ဖြစ်မနေပါနဲ့၊ ကျွန်မနာမည်. . နာဂမေဏီလို့ ခေါ်ပါတယ်"

"နာဂမေဏီ. . . နာဂမေဏီ. ."

သူမနာမည်ကို တဖွဖွရွတ်ရင်း ခေါင်းငိုက်စိုက်ချ၍ လျှောက်လာရာ ချုံနွယ်ပိတ်ပေါင်းများ ခြံရံလျက်ရှိသော မြေနီလမ်းကလေးအတိုင်း လျှောက်လာသည့် လူတစ်ယောက်နှင့် မျက်နှာချင်းဆိုင် ဝင်တိုးမိလေသည်။

"ဟိုတ်"

"ဟာင်"

ကျွန်ုပ် ခေါင်းကိုမတ်၍ ပြူးပျာသော မျက်လုံးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ရာ အရပ်အမောင်းအလွန်ရှည်သော ကျွန်ုပ်၏ မိတ်ဆွေ ကားဒရိုင်ဘာလောစံဟူသော တရုတ်ကပြားကြီး ဖြစ်နေ၍ အလန့်ပြေသွားရ၏။

လောစံက. . .

"ဆရာတို့ သိပ်ကြာနေတာနဲ့. . စိတ်မချလို့ ကျွန်တော် လိုက်လာတာ. .၊ လမ်းမှာတောင်. . ဆံပင်ဖားလျားချထားတဲ့ မိန်းမခပ်ချောချောတစ်ယောက်နဲ့. . တွေ့ခဲ့သေးတယ်"

ဟု ပြောလေသည်။

ကျွန်ုပ်မှာ ဦးခေါင်း ဆတ်ခနဲ ခါသွားပြီး. . .

"ဘယ်လိုကွ. . . ဆံပင်ဖားလျားချထားတဲ့ မိန်းမခပ်ချောချောတစ်ယောက်ကို တွေ့ခဲ့တယ် ဟုတ်လား။ သူ့ရဲ့ အင်္ကျီက. . နီ့သာရောင်၊ လုံချည်က. . ရေညှိစိမ်းရောင်နဲ့ မဟုတ်လား"

ဟု ကသောကမျော မေးလိုက်မိလေသည်။

လောစံက. . .

"အင်္ကျီက. . . အပြာနုရောင်လို့ ထင်တာပဲ။ လုံချည်အရောင်ကိုတော့ မမှတ်မိလိုက်ဘူး။ ပတ်ဝန်းကျင်မှာ မှောင်ကလည်း မှောင်နေတော့. . ကျွန်တော့် မျက်စိအမြင်ကလည်း မှားချင်. . မှားမယ်လေ ဆရာရယ်. ."



ကျွန်ုပ်မှာ လောစံ၏အဖြေကို ကျေနပ်ခြင်းမရှိလှပေ။ သေသေချာချာကြည့်လိုက်ဖို့ ကောင်းသည်ဟုသာ စိတ်ထဲ၌ တွေးနေမိလေသည်။

သို့နှင့် ကျွန်ုပ်တို့သည် အော်စတင် ကားနက်ကလေး ရှိရာသို့ပြန်ရောက်ခဲ့ကြပြီး ကားပေါ်တက်ကာ အပြန်လမ်းကို မောင်းနှင်ခဲ့ကြရာတွင် ထူးခြားစွာပင် ကျွန်ုပ်တို့သုံးယောက်စလုံး တိတ်ဆိတ် ငြိမ်သက်နေကြ၏။

အထူးသဖြင့် မနားတမ်း စကားများပြောတတ်သော ဦးကောက်စုံသည် ကားပေါ်တွင် ငြိမ်ငြိမ်သက်သက် အတွေးနက်၍ လိုက်ပါလာပေသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက် တစ်လခန့် ကျော်လွန်ပြီးသော တစ်နေ့တွင် ကျွန်ုပ်၏ မိတ်ဆွေကြီး ဦးကောက်စုံသည် သူ့ အလည်အပတ်လာနေကျ ထုံးစံအတိုင်း ကျွန်ုပ်၏နေအိမ်သို့ ရောက်ရှိလာလေသည်။

ကျွန်ုပ်သည် ဖတ်လက်စ,စာအုပ်ကို စားပွဲပေါ်သို့ ထိုး ထားလိုက်ပြီး မျက်မှန်ကိုချွတ်၍ ချွေးသုတ်ရင်း. . .

www.burmeseclassic.com



"လာဗျို့. . . ဦးကောက်စုံရေ၊ ကျုပ်လည်း ခင်ဗျားကို နေ့တိုင်းပဲ. . မျှော်နေမိပါတယ်ဗျာ။ ပြောစရာ စကားတွေက လည်း. . အများကြီး ရှိနေလို့ဗျို့"

ဟု ဝမ်းသာအားရနှုတ်ဆက်ရင်း ပဋိသန္ထာရစကားကို ပြောလိုက်လေ၏။

ဦးကောက်စုံကလည်း အိမ်ခန်းကုလားထိုင်တွင် ဝင် ထိုင်ရင်း ကျောကိုဖျော့မှီ၍ အညောင်းဆန့်ကာ မျက်လုံးကို မှေးစင်းလျက်. . .

"ကျုပ်မှာလဲ. . . ခင်ဗျားနဲ့တွေ့မှ ပြောလို့ဖြစ်မယ့် အကြောင်းအရာတွေက. . လည်ချောင်းဝအထိ ပြည့်လျှံနေ တော့တာပဲဗျာ"

ဟု ဆိုလေသည်။

ကျွန်ုပ်က မျက်မှန်တွင် ချွေးစများ စင်ကြယ်ကြည်လင် ပြီဖြစ်၍ မျက်နှာတွင် ပြန်တပ်လိုက်ပြီး. . .

"ကိုင်း. . . အမောဖြေဦး။ ခင်ဗျားကြိုက်တတ်တဲ့ ကော်ဖီခါးခါး. . . သွားဖျော်လိုက်ဦးမယ်။ ကျုပ်တူမ အလိုင်တို့ လာပို့ထားတဲ့ ဘီစကစ်တွေလည်း ရောက်နေတော့ အတော်ပဲ ပေါ့ဗျာ. ."

ဦးကောက်စုံသည် စားပွဲပေါ်မှ နေ့စဉ်ထုတ် သူရိယ



သတင်းစာကို ကောက်ယူလှန်လှော၍ သတင်းထူးများကို ဖတ်နေလေသည်။

ကျွန်ုပ် ဖျော်၍ယူလာသော ကော်ဖီနှင့်မုန့်များကို တောင်ကြီးမြို့မှ မိတ်ဆွေတစ်ဦးက လက်ဆောင်ပေးထားသော ငွေလင်ပန်းပေါ်တွင် တင်ဆောင်ယူလျက် စားပွဲပေါ် ချပေး ရင်း. . .

"သတင်းစာကို ခဏချထားပြီး. . ကော်ဖီပူပူလေး သောက်လိုက်ဦးဗျို့"

ဟု တိုက်တွန်းလိုက်သည်။

ဦးကောက်စုံကလည်း ကျွန်ုပ် ပြောသည့်အတိုင်းပင် သတင်းစာကိုခေါက်၍ နံဘေးတွင်ချထားပြီး ကော်ဖီခွက်ကို လှမ်းယူလိုက်သည်။

ကျွန်ုပ်က သုတ်ခနဲထလိုက်ကာ ဦးကောက်စုံ နံဘေး တွင်ချထားသော သတင်းစာခေါက်ကို လှမ်းဆွဲယူလိုက်ပြီး ခပ်လှမ်းလှမ်းရှိ သတင်းစာဟောင်းများသိမ်းသော စက္ကူပုံးထဲ သို့ လှမ်းပစ်ထည့်လိုက်၏။

သတင်းစာသည် စက္ကူပုံးထဲသို့ တည့်မတ်စွာ လျှောခနဲ ဝင်သွားလေသည်။

"ဘာ လုပ်တာလဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



ဦးကောက်စုံက မေး၏။

"ခင်ဗျားက သတင်းစာဖတ်မိရင် သတင်းထူး သတင်း ဦးကအစ နာရေးပါမကျန် သတင်းစာ စာမျက်နှာတပ်ထားတာ တွေကုန်အောင် လျှောက်ဖတ်တတ်တဲ့လူ မဟုတ်လား။ အခု အခါက ခင်ဗျားနဲ့ကျုပ်နဲ့ နှစ်ယောက်လုံးမှာ ပြောစရာစကား တွေ အများကြီးရှိနေတဲ့အချိန်ဆိုတော့ ခင်ဗျားကို သတင်းစာ ဖတ်ခွင့် ပေးလို့ မဖြစ်ဘူးလေ။ ဒါကြောင့် ကျုပ်က သတင်းစာကို စက္ကူပုံးထဲပစ်ထည့်ပြီး သိမ်းလိုက်တာပါ"

ဟု ကျွန်ုပ်က ရှင်းပြလိုက်ပြီး ငွေလင်ပန်းထဲမှ အငွေ့ တထောင်းထောင်းထလျက် မွှေးကြိုင်နေသော ကော်ဖီခွက်ကို လှမ်းယူကာ တစ်ကျိုက်မျှ ခပ်သာသာ အရသာခံရင်း မော့၍ သောက်ချလိုက်၏။

ဦးကောက်စုံသည်လည်း ကော်ဖီကို အရသာတွေ့ လေဟန်ဖြင့် . . ခပ်ဖြည်းဖြည်းစိမ်၍ သောက်နေလေသည်။

ဦးကောက်စုံက . . .

"မိတ်ဆွေနဲ့ကျုပ်နဲ့ မတွေ့ကြတဲ့ ဒီတစ်လလောက်ကြာ တဲ့ ရက်တွေထဲမှာ ကျုပ် ဘာတွေလုပ်နေတယ်ဆိုတာကို ခင်ဗျား ခန့်မှန်းနိုင်မလား"

"မိုးကောင်းဘုရားမှာ တွေ့ခဲ့ကြတဲ့ နာဂမေဏီဆိုတဲ့



အမျိုးသမီးအကြောင်း တွေးတောကြံဆနေတယ်လို့ ကျုပ်ထင် တယ်"

"တွေးတော ကြံဆရုံတင် . . . ဘယ်ကလိမ့်မလဲဗျာ။ မန္တလေးနဲ့ရန်ကုန် အသွားအပြန်ခရီးထွက်ပြီး နာဂနွယ်ရီနဲ့ နာဂသီသီတို့ကို တွေ့ရအောင် ကြံဆောင်ခဲ့သေးတယ်ဗျ"

ဖျော့မှိုထားသော ကျွန်ုပ်၏ တော့ျသည် ထောင်မတ် သွားရုံသာမက ရှေ့သို့ပင်ငိုက်ပြီး မိတ်ဆွေကြီး ဦးကောက်စုံထံ အလွန်စိတ်ဝင်စားစွာ အာရုံစိုက်မိလျက် . . .

"ဟင် . . . တယ်ဟုတ်ပါလား။ အဲဒီ နာဂနွယ်ရီနဲ့ နာဂသီသီတို့ကို . . တွေ့ခဲ့သေးလားဗျ"

"မတွေ့ခဲ့ဘူးလေ။ ခဲလေသမျှ . . သဲရေကျပဲ ဗျို့"

"ဟင် . . . ဘာယ်လိုကြောင့်လဲဗျ"

မိတ်ဆွေကြီးဦးကောက်စုံ၏ မျက်လုံးများတွင် အတွေး ်ကသော အရိပ်အယောင်များ ထင်ဟပ်လာ၏။

"တိုက်တိုက်ဆိုင်ဆိုင် ပါပဲဗျာ။ အဲဒီ မိန်းကလေး . . နှစ်ယောက်စလုံး သူတို့ရဲ့နိဗ္ဗာန်ကုန်ဆိုင်တွေမှာ မရှိကြဘူး။ ကျုပ် အသေအချာ အတိအကျ စုံစမ်းကြည့်လိုက်တော့ ရန်ကုန် က နာဂနွယ်ရီက ပဲခူးမြို့ဘက်က မထင်ရှားတဲ့ ကျောင်းသင်္ခမ်း တစ်ခုမှာ မိဘများနဲ့အတူ တရားစခန်း ဝင်နေသတဲ့၊ မန္တလေးက

www.burmeseclassic.com

www.burmeseclassic.com



နာဂသိသိကလဲ ထိုနည်းတူပဲ သူမရဲ့ မိဘများနဲ့အတူ စစ်ကိုင်း
ချောင်ကိုသွားပြီး တရားအားထုတ်နေသတဲ့လေ"

"အေးဗျာ. . . တိုက်ပဲ တိုက်ဆိုင်လွန်းလှတယ်"

"ဒီ မိန်းကလေးတွေနဲ့ ပတ်သက်ရင် တိုက်ဆိုင်မှုတွေက
အလွန်များတော့ တကယ်မှ . . ဟုတ်ပါလေစလို့ သံသယတွေ
တောင် ဝင်လာရသဗျာ"

ဟု ဦးကောက်စုံက သက်ပြင်းချရင်း ပြောလိုက်သည်။

"တိုက်ဆိုင်မှုဆိုတာ တစ်ခါတင်ရံမှာ ဖြစ်တတ်ပြ
ဓမ္မတာမှန်ပေမယ့် ကြိမ်ဖန်များတော့ မရိုးသားမှုတစ်ခုခုရှိနေ
ပြီလို့ ကျုပ်. . ဆိုချင်တယ်"

"အင်း။ အခုဟာက. . . အဲဒီလို ဖြစ်နေပြီဗျ"

ကျွန်ုပ်သည် ကော်ဖီပန်းကန်များကို သိမ်းဆည်းနေ
ကြောလိုက်လေ၏။

□ □ □

(၁၄)

ကျွန်ုပ်၏အကျင့်မှာ မည်သည့်အလုပ်ကိုမဆို အကြွေး
ထားတတ်ဘဲ လက်ငင်းဖြေရှင်းတတ်သော ဓလေ့ရှိသည်။

ကျွန်ုပ်သည် ပန်းကန်များကို ဆေးကြောသိမ်းဆည်းပြီး
နောက် မိတ်ဆွေကြီးဦးကောက်စုံနှင့် ကျွန်ုပ်သောက်ရန် အတွက်
ဘွိတန်စီးကရက်ဘူးကို ထုတ်၍ တည်လိုက်၏။

ကျွန်ုပ်နှင့် မိတ်ဆွေကြီး ဦးကောက်စုံသည် စီးကရက်၊

www.burmeseclassic.com

www.burmeseclassic.com



ဆေးတံစသည်တို့ကို အစဉ်အမြဲစွဲ၍ သောက်လေ့မရှိကြဘဲ တစ်ခါတစ်ရံမှသာ တမင် အရသာခံ၍ ဇိမ်ဆွဲသောက်လေ့ရှိသည်။

တစ်ခါတစ်ရံ သောက်လျှင်လည်း တစ်လိပ်ထက် မပို၊ စီးကရက်ကိုလည်း တစ်မျိုးတည်း မသောက်။ အမျိုးမျိုး ပြောင်းလဲ၍ သောက်လေသည်။

ကျွန်ုပ်က အင်္ဂလိပ်လုပ် ရွှန်ဆင်မီးခြစ် အနက်ရောင်ကလေးကို အလှပြမှန်ဗီရိုထဲမှ အသေအချာထုတ်ယူလျှက် မိတ်ဆွေကြီး ဦးကောက်စုံ၏ နှုတ်ခမ်းတွင်တပ်ထားသော စီးကရက်ကိုလည်းကောင်း၊ ကျွန်ုပ်၏ နှုတ်ခမ်းတွင်တပ်ထားသော စီးကရက်ကိုလည်းကောင်း ကောင်းမွန်စွာ မီးညှိလျှက် ညက်ညောသိမ်မွေ့လှသော စီးကရက်ငွေ့များကို အရသာရှိရှိ ဖြည်းညင်းစွာ ရှူရှိုက်လိုက်ပေတော့၏။

ရွှန်ဆင်မီးခြစ်ကို မှန်ဗီရိုတွင် နေသားတကျ ပြန်ထားပြီး ထိုင်ခုံတွင် အကျအန ပြန်ထိုင်လိုက်၏။

ကျွန်ုပ်တွင် အလွန်ရှားပါးသော တိုင်းတစ်ပါးလုပ် မီးခြစ် အမျိုးမျိုးကို ရှာဖွေစုဆောင်း ထားရှိလေသည်။

ကျွန်ုပ်၏ ဝါသနာများအနက် အားလပ်ချိန်များတွင် ရှားပါးသော ပစ္စည်းကောင်းများကို စုဆောင်းသည့် အလုပ်မှာလည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။



ထိုခေတ် ထိုအချိန်က ကျွန်ုပ် ဝါသနာပါရှိ၍ စွဲစွဲမြဲမြဲ လုပ်ကိုင်နေသော လုပ်ငန်းများသည် အခြား သူများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဟူ၍ အသိအမှတ်မပြုနိုင်သောအခြေအနေတွင်ရှိရကား မသိနားမလည်သူများက ကျွန်ုပ်ကို အလုပ်အကိုင်မရှိဘဲ မိဘထံမှရသည့်အမွေကို ထိုင်၍ သုံးဖြုန်းနေသည်ဟု ထင်မြင်ပြောဆိုကြလေသည်။

အမှန်မှာ ကျွန်ုပ်ဝါသနာသော လုပ်ငန်းအားလုံးက ကျွန်ုပ်အတွက် အလွန်ကောင်းမွန်သော ဝင်ငွေကို ရရှိနေစေကြောင်း မည်သူမျှ မသိကြချေ။

ကျွန်ုပ်သည် ဈာန်ဝင်လျှင် ပန်းချီကားများ ရေးဆွဲသည်။ မြန်မာပြည် ရှုခင်းပုံများကို ဈေးကောင်းပေး၍ ဝယ်ယူသော နိုင်ငံခြားသား မိတ်ဆွေအချို့နှင့် ကျွန်ုပ်အဆက်အသွယ်ရှိသည်။

ကျွန်ုပ် လေ့လာစုဆောင်းထားသော ရှားပါးပစ္စည်းများသည်လည်း ပစ္စည်းဟောင်း စုဆောင်းသူများအတွက် မူလတန်ဖိုးထက် အဆငါးဆယ် အဆသုံးဆယ် တိုးပေး၍ ဝယ်ယူရန် ဝန်မလေးကြသော ပစ္စည်းများချည်း ဖြစ်ပေသည်။

ထို့အပြင် အင်းစိန် ဓော်ဘွားကြီးကုန်းဘက်၌ အငှားချထားသော တိုက်ခံအိမ်သုံးလုံးကလည်း လစဉ် ပုံမှန်ဝင်ငွေရရှိနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မှာ ရံဖန်ရံခါ နယ်စုံပယ်စုံသို့ခရီးထွက်၍ ဈေးဟောင်းပစ္စည်းများဝယ်ယူခြင်းကဲ့သို့သော အကျိုးရှိရှိ ငွေကုန်စေသည့် သုံးစွဲခြင်းမျိုးမှအပ အခြားငွေကြေး ဖြုန်းတီးမှုမျိုးမရှိပေရကား၊ ပန်းချီရေးခြင်းမှ ရရှိသောဝင်ငွေ၊ ပစ္စည်းဟောင်းများ စုဆောင်းရောင်းချခြင်းမှ ရရှိသောဝင်ငွေ၊ အိမ်ငှားခရရှိသောဝင်ငွေစသည့် ဝင်ငွေစုစုပေါင်းသည် ကျွန်ုပ်၏လစဉ်အသုံးစရိတ်ထက်ပင် ပိုလျှံနေမြဲဖြစ်ရာ ကျွန်ုပ်၏ ငွေစုဘဏ်စာရင်းတွင် လစဉ် ဂဏန်းလေးလုံးခန့်တိုးပွားနေကြောင်းကို မိတ်ဆွေရင်းချာများဖြစ်ကြသော ဦးကောက်စုံတို့လို လူမျိုးများသာ သိရှိကြပေ၏။

ကျွန်ုပ်၏ စီးကရက်တစ်ဝက်ကျိုးသွားချိန်တွင် ကျွန်ုပ်၏ အတွေးအာရုံများသည်လည်း ကွန့်မြူးဇာက်ကြွ၍ လာလေသည်။

ကျွန်ုပ်က. . .

"မိတ်ဆွေကြီး ဦးကောက်စုံရယ်. . .။ကျုပ် မေးစမ်းပါရစေဦး။ ရန်ကုန်မြို့ ရွှေတိဂုံဘုရားစောင်းတန်းမှာရှိတဲ့ နိပ္ပာန်ကုန်ဆိုင်ရှင် နာဂနွယ်ရီနဲ့. . . မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီးမှာရှိတဲ့ နိပ္ပာန်ကုန်ဆိုင်ရှင် နာဂသီသီဟာ နာမည်ချင်းဆင်သလို. . ရုပ်ချင်းကော အတော်တူကြရဲ့လား. . "



ဟု စကားလမ်းကြောင်း၍. . မေးလိုက်သည်။

ဦးကောက်စုံကလည်း ကျွန်ုပ်သိလိုသော နာဂနွယ်ရီနှင့် နာဂသီသီတို့အကြောင်းကို. . စတင်ပြောဆိုလေတော့သည်။

"နာမည်ချင်းက. . ဆင်ရုံဆင်တာ၊ ရုပ်ချင်းကတော့ ချွတ်စွပ်ကိုတူတာပဲ. . . မိတ်ဆွေကြီးနေထွန်းလင်းရဲ့. . "

"ဆံပင်ရှည်တာ တိုတာတော့. . ကွဲသေးဆိုဗျ"

"ဒါက. . သာမည ကွဲပြားမှုပဲလေ"

"သူတို့နှစ်ယောက်က ဒီလောက် ရုပ်ချင်းဆင်ပါလျက်နဲ့ တစ်အူတုံဆင်း ညီမအရင်း မဟုတ်ကြဘဲ. . မိဘများက တစ်ခြားစီ ဖြစ်နေကြတယ်နော်"

"ဟုတ်တယ်. . ။နာဂနွယ်ရီရဲ့ မိဘများက ဦးဘကြည်နဲ့ ဒေါ်ငွေရ၊ နာဂသီသီရဲ့ မိဘများကတော့ ဦးခလယ်နဲ့ ဒေါ်နန်းရင်တဲ့။ မိသားစုတွေက. . တစ်ခြားစီပါ"

"နေပါဦးလေ. . . ။ သူတို့တွေဟာ လူဝင်စားတွေလို့ ခင်ဗျားပြောမိတယ် ထင်တယ်. . "

"ဟုတ်တယ်. . .။ သူတို့နှစ်ယောက်စလုံး လူဝင်စားတွေဖြစ်တဲ့အကြောင်း သူတို့မိသားစုနဲ့ ပတ်ဝန်းကျင်က လူတွေအားလုံး. . သိကြတယ်လေ။ နဂါးသိုက်က. . လာတယ်ဆိုလားဗျ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဒါတွေကတော့ ယုံရလဲခက် မယုံရလဲခက်တဲ့ ကိစ္စတွေပါ။ မှန်၏ မမှန်၏ဆိုတာ လက်တွေ့သက်သေပြလို့ရတဲ့ ကိစ္စမဟုတ်ဘူးလေ"

"ဩော်. . . ဒါထက် မိုးကောင်းဘုရားမှာ တွေ့ခဲ့တဲ့ နာဂမဏီက မိတ်ဆွေကြီးနေထွန်းလင်းကို ပြန်လည်တွေ့ဆုံဦးမယ့်အကြောင်း ပြောသွားတယ်နော်"

ဟု ဦးကောင်းစုံက နာဂမဏီအကြောင်းကို စကားစပေးလိုက်ပြန်လေတော့သည်။

□ □ □

(၁၅)

ကျွန်ုပ်၏ရင်ထဲ၌လည်း နာဂမဏီကိုသာ သတိရနေသည်ဖြစ်ကာ စကားစအရှာရခက်နေ၍သာ တမင်ပင်သူမအကြောင်းကို မပြောဆိုဘဲ ရှောင်နေခဲ့ခြင်းဖြစ်၏။

ယခု ဦးကောင်းစုံက စကားစလာသောအခါတွင်မူ ကျွန်ုပ်လည်း မနေသာတော့ဘဲ. . .

"ခင်ဗျားကလဲဗျာ. . . တွေ့တုန်းတွေ့ခိုက်ကြုံသလို

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တဲ့စကားကို အလေးအနက်ထားလွန်းနေပြီ ထင်တယ်. . .။ သူမပြောသွားတဲ့ စကားတွေကို ခင်ဗျားက အယုံအကြည်ရှိလို့လား"

ဟု ဦးကောက်စုံ၏ စိတ်ခံစားချက်ကိုသိနိုင်ရန် ခပ်တည်တည်နှင့် ပြန်လှန် မေးခွန်းထုတ်လိုက်သည်။

"သူမရဲ့ဥပမိရုပ်မျိုးက စကားကို မလိမ်မညာ တည်တည်တံ့တံ့နဲ့ ကတိခိုင်ခိုင် ပြောတတ်တဲ့ အသွင်သဏ္ဌာန်ပဲဗျ။ ဒီအချက်ကိုတော့ ကျုပ် ရဲရဲကြီး အာမခံဝံ့ပါတယ်ဗျာ"

ဦးကောက်စုံသည် လောကီပညာရပ်များကို စုံလင်စွာ တတ်မြောက် ကျွမ်းကျင်သည့်အနက် အင်္ဂါရုပ်ကိုကြည့်၍ စိတ်နေစိတ်ထားကို အကဲခတ်သိရှိနိုင်သော အင်္ဂဝိဇ္ဇာပညာရပ်သည် သူ၏ အထူးပြုဘာသာရပ်တစ်ခု ဖြစ်လေသည်။

ဦးကောက်စုံထံမှ နာဂမေဏီအပေါ် ယုံကြည်သက်ဝင်မှုရှိသော စကားမျိုးကိုကြားရသောအခါ ကျွန်ုပ်စိတ်အတွင်း၌ အထူးပင် ကျေနပ်နှစ်ခြိုက်သွားလေတော့သည်။

ကျွန်ုပ်သည်လည်း နာဂမေဏီကို ကတိစကားလေးနက်တည်ကြည်သူဖြစ်မည်ဟု ယုံကြည်ခဲ့ပါ၏။

တမင်ပင် ဦးကောက်စုံ၏ သဘောထားကို သိလို၍ စကားထောက်ပြီး မေးမြန်းခဲ့ခြင်းဖြစ်သည်။



ကျွန်ုပ်က. . .

"တဆိတ် မေးပါရစေဦး၊ မိတ်ဆွေကြီးကို နာဂမေဏီက စိုက်ကြည့်ပြီး. . . ရှင်ပြန်တော့လို့ နှင်ထုတ်လိုက်တုန်းက မိတ်ဆွေကြီး ကတုန်ကယင်ဖြစ်ပြီး 'ကျုပ်နကြောက်တယ်ဗျာ. . . လာ ပြန်ကြပါစို့'လို့ ပြောတာ ဘာကြောင့်လဲ။ ခင်ဗျားအနေနဲ့ တစ်ကယ်ပဲ အဲဒီအချိန်က. . နာဂမေဏီကို ကြောက်ရွံ့ခဲ့လို့လား"

ဦးကောက်စုံက. . .

"အင်း။ ကြောက်ရွံ့ခဲ့ရပြီကောဗျာ။ အဲဒီ အချိန်က နာဂမေဏီရဲ့ မျက်လုံးအစုံကို ကျုပ် လှမ်းကြည့်မိခဲ့တာ မှားသွားတယ်။ သူမဟာ စိတ်ညို့ပညာကို အဆင့်မြင့်မြင့် တတ်ကျွမ်းထားပုံရတယ်။ သူမ မျက်လုံးထဲက မီးလျှံတွေ ထွက်လာသလား အောက်မေ့ရတယ်ဗျာ။ အခုအချိန်အထိ ပြန်စဉ်းစားလိုက်ရင် သူမရဲ့မျက်လုံးတွေကို ပြန်ပြီး မြင်ယောင်နေမိတုန်းပဲ။ မီးမျက်လုံးတွေလို့သာ. . . ပြောချင်တော့တာပဲဗျာ. . ."

"နေကသိုဏ်း လေ့ကျင့်ထားတာ. . ထင်ပါတယ်"

"နေကသိုဏ်း လေ့ကျင့်ထားတဲ့ လူတွေရဲ့ မျက်လုံးကို ကျုပ်မြင်ဖူးပါတယ်။ နာဂမေဏီရဲ့ မျက်လုံးလိုမျိုး မဟုတ်ဘူးဗျ။ တောက်စိစိ နီရဲရဲနဲ့. . ."

www.burmeseclassic.com



"အင်း. . . နာဂမေဏီနဲ့ တွေ့ခဲ့ရပုံကတော့ စိတ်ဝင်စားစရာ အလွန်ကောင်းသဗျာ။ သူမက. . . ကျုပ်တို့နာမည်တွေကိုတောင် သိနေတာနော်"

"ကျုပ်တို့ချင်း တစ်ယောက်ကိုတစ်ယောက် နာမည်တွေ ထုတ်ခေါ်မိကြတယ် ထင်ပါသဗျာ။ အဲဒါကို ကြားပြီး နာဂမေဏီက. . . ဖိန့်လိုက်တာ ဖြစ်ပါလိမ့်မယ်"

"ကျုပ် စဉ်းစားမိသလောက်တော့ မိုးကောင်းဘုရားထဲကို ဝင်ပြီးဆိုကတည်းက. . . တစ်ယောက်ကို တစ်ယောက် နာမည် မခေါ်မိခဲ့ပါဘူးဗျာ။ ကဲလေ. . . အဲဒီအချက်ကို ထားပါတော့။ ခင်ဗျားကျောပြင်ပေါ်က ကြွယ်ဖွင့်သဏ္ဍာန်ရှိတဲ့ စာနီအမှတ်အသားကို ဘာကြောင့်. . . နာဂမေဏီက သိနေရတာတဲ့လဲ"

ကျွန်ုပ်အနေဖြင့် ဘာစကားကိုမျှ တုံ့ပြန်နိုင်ခြင်း မရှိပါတော့ချေ။

ဦးကောက်စုံက. . .

"နောက်ထပ် ထူးခြားတဲ့ အချက်တစ်ချက်လဲ ရှိသေးတယ်ဗျ. . ."

"ဘာများပါလိမ့်"

"ခင်ဗျားမိတ်ဆွေ ကားဒရိုင်ဘာ ကိုလောစံပြောတဲ့



အချက်လေဗျာ"

"လောစံ. . မြေနီလမ်းအတိုင်း မိုးကောင်းဘုရားထဲကို ဝင်လာတော့ ဆံပင်ဖားလျားချထားတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့လိုက်တယ်ဆိုတဲ့ ကိစ္စလား"

"အေးလေဗျာ"

"အဲဒီညက နာဂမေဏီဟာ နုံ့သာရောင်အင်္ကျီနဲ့ လုံချည်က ရေညှိစိမ်းရောင်ဝတ်ထားတာပါဗျာ။ လောစံတွေ့တဲ့ မိန်းကလေးက အင်္ကျီအပြာနုနဲ့လို့ ဆိုတယ် မဟုတ်လား။ ကျုပ်အထင်တော့ တစ်ခြားမဆိုင်တဲ့ မိန်းကလေးတစ်ယောက် ဖြစ်ပါလိမ့်မယ်ဗျာ"

"ကျုပ်ကတော့ ခင်ဗျားမိတ်ဆွေ လောစံတွေ့ခဲ့တဲ့ မိန်းကလေးဟာ နာဂမေဏီရယ်လို့ မထင်ပါဘူးဗျာ။ ကျုပ်ထင်နေတာက နာဂနွယ်ရီ ဒါမှမဟုတ် နာဂသီသီလေလားလို့"

ဟု ဦးကောက်စံကပြောပြီး သူ့မျက်လုံးများကို မှေးစင်းကာ ကျွန်ုပ်ကို ငေးကြည့်နေလေ၏။

ကျွန်ုပ်လည်း အချက်အလက်များကို မည်သို့မည်ပုံ ဝေခွဲ၍ မရနိုင်သေးသော်လည်း နာဂနွယ်ရီနှင့် နာဂသီသီတို့သည် နာဂမေဏီနှင့် တစ်နည်းမဟုတ် တစ်နည်းတော့ ဆက်စပ်နေရပေမည်ဟု တစ်ထစ်ချ စွဲထင်နေမိပြန်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခြား ထူးထူးခြားခြားစဉ်းစားမိတဲ့အချက်ကော ဘာများ ရှိသေးလဲ"

ဟု ဦးကောက်စုံက မေးလိုက်သည်။

□ □ □

(၁၆)

ကျွန်ုပ်က. . ခေါင်းကို လေးပင်စွာ ခါယမ်းပြလိုက်၏။

ဦးကောက်စုံက . . .

"နာဂမေဏီတို့နဲ့ ပတ်သက်တဲ့ ကိစ္စ ထူးခြားတာရှိရင်တော့. . . ကျုပ်ကို မခြွင်းမချန် အသိပေးအကြောင်းကြားစေချင်တယ်"

ဟု ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က. . .

"နေစမ်းပါဦး . . ဦးကောက်စုံရဲ့။ ခင်ဗျားကို အသိ ပေးအကြောင်းကြားရအောင်ဆိုတာက. . ခင်ဗျားက နေရပ် ဒေသတစ်ခုခုမှာ အတည်တကျ နေထိုင်တာမဟုတ်လေတော့ ကျုပ်က ဘယ်နေရာကို. . . အကြောင်းကြားရမှာတဲ့လဲ"

ဟု ရယ်မော၍ မေးလိုက်၏။

ဦးကောက်စုံက ကျွန်ုပ်နှင့်အတူ လိုက်ပါရယ်မောခြင်း မရှိဘဲ လေးနက်စွာ တစ်စုံတစ်ခုကိုတွေးနေသည်။

ကျွန်ုပ်နှင့်ဦးကောက်စုံတို့သည် ရွှေတိဂုံဘုရားကြီး၏ တန်ဆောင်းတစ်ခုတွင် အမှတ်မထင် ကြုံကြိုက်တွေ့ဆုံရင်းနှီး ခဲ့ကြရာမှ စကားစပ်ဟပ်ပြောဆိုမိရင်း ခင်မင်ခဲ့ရာတွင် နောက် ပိုင်း၌အရင်းနှီးဆုံး မိတ်ဆွေကောင်းများ ဖြစ်လာခဲ့ကြသော် လည်း ယနေ့တိုင် ဦးကောက်စုံ၏ နေရပ်လိပ်စာကိုငင်း အဘယ်မှာနေထိုင်၍ ဘာအလုပ်လုပ်ကိုင်သည်ကိုငင်း ကျွန်ုပ် အနေနှင့် လုံး၀ မသိခဲ့ရပါချေ။

အကြောင်းရှိလျှင် ဦးကောက်စုံကသာ ကျွန်ုပ်၏ လာရောက်ဆက်သွယ်ပြီး တွေ့ဆုံကြခြင်းဖြစ်၏။

ဦးကောက်စုံသည် မိတ်ဆွေသင်္ဂဟ အလွန်ပေါများသ ဖြစ်ရာ သူ၏ မိတ်ဆွေအမြောက်အမြားနှင့် ကျွန်ုပ်ကို မိတ်ဆက်



ပေးထားခဲ့၏။

သူ့ မိတ်ဆွေများမှာ. . . လူစုံဖြစ်သည်။

ကုန်သည်များ ပါသည်။ မင်းစိုးရာဇာ အစိုးရ အမှုထမ်း များလည်း ပါသည်။

ရဲဘက်နယ်ဘက် ဥပဒေ၀န်ထမ်းများလည်း မကျန် ပါပေ။

ဦးကောက်စုံ၏ မိတ်ဆွေသင်္ဂဟ မှန်သမျှတို့သည် ဦးကောက်စုံအပေါ်၌ အလွန်ယုံကြည်စိတ်ချပြီး ဦးကောက်စုံ ၏စကားအတိုင်း အစဉ်သဖြင့် လိုက်နာကြမြဲဖြစ်သည်။

သို့သော် အံ့ဩဖို့ကောင်းသည်မှာ သူတို့အားလုံး သည်လည်း ကျွန်ုပ်နည်းတူပင် မည်သူတစ်ဦးတစ်ယောက်ကမျှ ဦးကောက်စုံအခြေချနေထိုင်ရာ အိမ်ခြံ၏ လိပ်စာကို မသိကြ ခြင်းပင်ဖြစ်သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

(၁၇)

ဦးကောက်စုံသည် လေးနက်စွာပင် ဆက်လက်၍ တွေးတောနေပြီးနောက် ကျွန်ုပ်ကို စူးစိုက်ကြည့်လိုက်ပြီး. . .

"မိတ်ဆွေကြီး နေထွန်းလင်း။ ခင်ဗျားကို လေးနက်တဲ့ စကားတစ်ခွန်း ပြောချင်တယ်"

"ပြောပါ ဦးကောက်စုံ၊ ကျုပ်ကလဲ လေးလေးစားစား နားထောင်နေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"နာဂမေဏီနဲ့ ပတ်သက်တဲ့ကိစ္စဟာ ခပ်ပေါ့ပေါ့ ကိစ္စတော့မဟုတ်ဘူးဗျ။ ခင်ဗျားအတွက်ရော ကျုပ်အတွက်ပါအလွန်အရေးကြီးတဲ့ကိစ္စ ဖြစ်လာမှာ သေချာတယ်။ အထူးသဖြင့် ခင်ဗျားအတွက်. . . အသက်နဲ့တောင် ရင်းနှီးရမယ့် ကိစ္စမျိုးတွေအထိ ဖြစ်လာနိုင်တယ်"

"ဒီအထိတောင်ပဲလားဗျာ"

"ဒီထက်မကဘူးလို့. . ကျုပ် အတိအကျဆိုချင်တယ်"

ဦးကောက်စုံသည် ယတိပြတ်အသံဖြင့် ပြောလိုက်၏။

"အင်းလေ။ ကျုပ်. . . သတိထားပါ့မယ်"

"သတိထားရုံတင်မကပဲ ခင်ဗျားအနေနဲ့ နာဂမေဏီနဲ့ပတ်သက်တဲ့ ကိစ္စမှန်သမျှကို. . အစစအရာရာ ကျုပ်နဲ့တိုင်ပင်ပြီးမှ ဆောင်ရွက်စေချင်တယ်"

"ဦးကောက်စုံရဲ့ဆန္ဒအတိုင်း. . ကျုပ် တတ်နိုင်သမျှ လိုက်နာ ဆောင်ရွက်ပေးပါ့မယ်"

"ဒီလိုဆိုရင်ဖြင့် ခင်ဗျားအတွက် တယ်လီဖုန်းနံပါတ် တစ်ခုကို ကျုပ်ပေးထားမယ်၊ နာဂမေဏီကိစ္စ ထူးခြားချက်ဖြစ်ပေါ်လာရင်. . . ကျုပ်ပေးထားတဲ့ တယ်လီဖုန်းနံပါတ်အတိုင်း ဆက်သွယ်ပြီး ပြောပြပါ'

ကျွန်ုပ်လည်း အလွန်အံ့အားသင့်ခဲ့ရပါ၏။



အကြောင်းမှာ မည်သူ့ကိုမျှ သူနှင့် ဆက်သွယ်နိုင်သည့် အချက်အလက် တစ်စုံတစ်ရာမျှ မပေးခဲ့ဖူးသော ဦးကောက်စုံသည် ယခု ပထမဆုံးအကြိမ်အဖြစ် ကျွန်ုပ်အား သူ့ထံသို့ အချိန်မရွေးဆက်သွယ်နိုင်သည့် တယ်လီဖုန်းနံပါတ်တစ်ခုကို ပေးလိုက်သောကြောင့်ပေတည်း။

'၁၁၄. .'

"ကျုပ် တယ်လီဖုန်း နံပါတ်ကို ခင်ဗျားမှတစ်ပါး အခြားဘယ်သူ့ကိုမှ အသိမပေးပါနဲ့"

အထက်ပါအတိုင်း ဦးကောက်စုံက တားမြစ်ခဲ့သောကြောင့် သူကိုပေးခဲ့သည့်ကတိအတိုင်း မဖျက်လိုပါ၍ ဤနေရာတွင် သူ၏တယ်လီဖုန်းနံပါတ်ကို အပြည့်အစုံ မဖော်ပြခြင်းအား ခွင့်လွှတ်ပါရန်. . .။

"ကဲ. . . အချိန်လဲ လင့်ပြီ၊ ကျုပ်လဲ ပြန်ပေဦးမှပဲ"

ဟုဆိုကာ ဦးကောင်းစုံသည် သူလာစဉ်က အတိုင်းပင် ခြင်းမဆင့်၊ ပုံမဆင့်ဘဲ ကျွန်ုပ်အိမ်မှ ရုတ်တရက်ထွက်ခွာသွားသတော့သည်။

ဦးကောက်စုံ ပြန်သွားသော်လည်း ကျွန်ုပ်သည် ကျွန်ုပ်မိတ်ဆွေကြီး ဦးကောက်စုံ၏ ရှေးဟောင်းပညာ ဘာသာရပ်တွင် နှံ့စပ်ကျွမ်းကျင်ပုံ၊ ဘာသန္တရ၊ ဒေသန္တရ ဗဟုသုတ

www.burmeseclassic.com



ပြည့်စုံပုံ၊ ဂမ္ဘီရ ပညာရပ်၊ ဝိဇ္ဇာမယ ပညာရပ်များတွင် နှံ့စပ်ပုံများကို တောင်စဉ်ရေမရ တွေးတောနေမိလေ၏။

တွေးတောမှု၏ အဆုံးတွင် နာဂမေကြီး၏ ချစ်ဖွယ်သော မျက်နှာလေးကို ပြန်လည် မြင်ယောင်ရင်း . .

"ပြန်ပေဦးတော့ . . ကိုနေထွန်းလင်းရေ၊ ကျွန်မတို့ တစ်တွေ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ကျိန်းသေ ပြန်ဆုံကြပါဦးမယ်လေ"

ဟူသော သူမ၏ ကြည်လင်ပီသသည့်အသံကို အကြိမ်ကြိမ်ပြန်လည်၍ ကြားယောင်နေမိလေသည်။

"ဆရာ . . . ဆရာ . ."

ခေါ်သံကြောင့် . . ကျွန်ုပ်သည် ပျံ့လွင့်နေသော အတွေးများကို ပြန်လည်စုစည်းလိုက်ပြီး မှိတ်ထားသော မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်၏။

ကျွန်ုပ်၏ ရှေ့တွင် ရပ်နေသူမှာ ကျွန်ုပ်၏တပည့်ကျော် မောင်ဆိတ်ကျောင်းပင် ဖြစ်လေသည်။

မောင်ဆိတ်ကျောင်းသည် ကျွန်ုပ်ထံ ယခုကဲ့သို့ တပည့်အဖြစ် ရောက်မလာမီက ဂမ္ဘီရ စာရေးဆရာကြီးတစ်ဦးထံတွင် တပည့်လက်သား ခံခဲ့ဖူးသည့်အလျောက် အတွေးသမားတို့၏ အထာကို ကောင်းစွာ သိမြင်ရကား ကျွန်ုပ်စိတ်အနှောင့်အယှက်



မဖြစ်အောင် ကျိုးနွံရှိသေစွာ ဆက်ဆံနိုင်စွမ်းပါပေသည်။

မောင်ဆိတ်ကျောင်းသည် ကျွန်ုပ်ရှေ့တွင် ကျုံ့ကျုံ့ယုံ့ယုံ့ ရပ်နေပြီး သူ၏လက်အတွင်း၌ ကျွန်ုပ်အလိုရှိသော ကာလီဒါသ ဆရာမြတ်ရေးသားသည့် သျှတ္တရကျမ်းစာအုပ်ကို အလွန်ဟောင်းအိုသောသားရေဖုံးဖြင့် ဝမ်းသာဖွယ်ရာ တွေ့မြင်ရလေသည်။

ကျွန်ုပ်သည်တပည့်ကျော်မောင်ဆိတ်ကျောင်းကို ဤကျမ်းစာအုပ်ရရှိရန်အတွက် လိုက်လံ စုံစမ်းခိုင်းခဲ့သည်မှာ သီတင်းတစ်ပတ်ခန့်ပင် ကြာခဲ့ပေပြီ။

မောင်ဆိတ်ကျောင်းသည် ကျွန်ုပ်လိုချင်သော ပစ္စည်းမှန်သမျှကို မရမရှိလေအောင် အရှာအဖွေ ကောင်းလှပေ၏။

ရက်နှေးတာနှင့် ရက်မြန်တာပဲရှိသည်။

မရမရှိ ရသည်ချည်း ဖြစ်သည်။

ကျွန်ုပ်မှာ အိမ်သူမရှိသည့် အားလျော်စွာ မောင်ဆိတ်ကျောင်းကိုသာ အားကိုးအားထားပြုလျှက် အိမ်၏ ဗာဟီရကိစ္စများနှင့် ချက်ရေးပြုတ်ရေး ရှုပ်ရှုပ်ထွေးထွေးတို့ကို မောင်ဆိတ်ကျောင်းကိုသာ လွှဲအပ်ကြည့်ရှုပြီး စီမံဆောင်ရွက်စေခဲ့သည်။

သို့သော် ယခုလို မောင်ဆိတ်ကျောင်းတစ်ယောက် အပြင်ထွက်ပြီး ကျွန်ုပ်လိုချင်သော ပစ္စည်းကို ရှာဖွေနေစဉ်၌မူ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့နှစ်ဦးအတွက် ထမင်းချိုင့်ကို ဆိုင်မှမှာစားနေရသည်ဖြစ်ရကား မောင်ဆိတ်ကျောင်း ရောက်လာပြီး မရှေးမနှောင်းမှာပင် ဒေါ် အိထမင်းဆိုင်မှ ထမင်းချိုင့်လာပို့သည်တွင် ဆာလောင်မွတ်သိပ်နေသော မောင်ဆိတ်ကျောင်းသည် ထမင်းချိုင့်ကို မျက်စောင်းတထိုးထိုးဖြစ်နေလေရာ ကျွန်ုပ်က အလိုက်တသိပင် မောင်ဆိတ်ကျောင်းကို ဦးစွာစားနှင့်စေရန် ခွင့်ပေးလိုက်ရပေတော့၏။

ကျွန်ုပ်ကိုယ်တိုင်မှာမူ ကာလီဒါသ၏ သျှတ္တရကျမ်းစာအုပ်ကို ချက်ချင်းဖွင့်လှန်၍ အငမ်းမရ ဖတ်ရှုနေပေရကား ထမင်းနှင့်ဟင်းကိုပင် သတိမရနိုင်ဘဲ ရှိနေတော့သည်။

ဤကျမ်းစာအုပ်၏ အဆိုအရ ကျွန်ုပ် မြင်တွေ့ခဲ့ဖူးသော နာဂမေဏီမိန်းကလေး၏ ရုပ်သွင်ပြင်နှင့် တိုက်ဆိုင်ညှိနှိုင်းလိုက်သောအခါ သူမသည် မိန်းမမြတ်စာရင်းတွင် ဝင်နေကြောင်း တွေ့သိရသဖြင့် ကျွန်ုပ်၏ရင်ထဲ၌ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရပေတော့သည်။

ဤကျမ်းစာအုပ်ကို တန်ဖိုးကြီးကြီးပေး၍ ခုနှစ်ရက်ခန့်အချိန်ကုန်ခံပြီး ရှာဖွေဝယ်ယူရခြင်းမှာ ဝယ်ရကျိုးနပ်ပေသည်ဟု တွေးထင်နေမိလေသည်။

အရှာအဖွေ နှံ့စပ်သိမြင်လှသော တပည့်ကျော် မောင်



ဆိတ်ကျောင်းကို. . . ၎င်း၏ ထူးချွန်မှုအတွက် ဆုကြေးငွေ ထိုက်ထိုက်တန်တန် ချီးမြှင့်ရပေဦးမည်ဟု စဉ်းစားရင်း ကျေနပ်နှစ်ခြိုက်စွာ ပြုံးလိုက်မိသည်။

ကျွန်ုပ်အပြုံးကို မြင်လိုက်သော မောင်ဆိတ်ကျောင်းသည် သူ့ဟင်းခွက်ထဲမှ ကြက်အသည်းဖတ်ကို ပါးစပ်ထဲသွင်း၍ ဝါးရင်း. . .

"ဆရာ ကျေနပ်အောင် ဆောင်ရွက်ပေးနိုင်တဲ့အတွက် ကျွန်တော်ဂုဏ်ယူပါတယ်. . . ခင်ဗျာ"

ဟု ပြောလေ၏။

ကျွန်ုပ်ကလည်း အိတ်ကပ်ထဲမှ ငွေစက္ကူအချို့ကို နှိုက်ယူပြီး မောင်ဆိတ်ကျောင်းထံ ကမ်းပေးကာ. . .

"ငါ့ကျေနပ်အောင် ဆောင်ရွက်ပေးနိုင်တဲ့ မင်းအတွက်လဲ ဒီငွေစက္ကူအချို့နဲ့ ဂုဏ်ပြုသကွာ"

ဟု ပြောလိုက်ရာ မောင်ဆိတ်ကျောင်းသည် သူ၏ဆိတ်ပါးစပ်ကြီးကိုဖြဲလျက် တစ်အား ပြုံးလိုက်သောကြောင့် သူ့ပါးစပ်ထဲမှ ကြက်အသည်းတုံးကလေးသည် ကြမ်းပေါ်သို့ ပြုတ်ကျသွားလေတော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

ရက်သတ္တပတ် တစ်ပတ်ခန့်အတွင်းမှာပင် ကျွန်ုပ်သည် ဦးကောက်စုံထံ ဖုန်းဆက်ရန်အကြောင်း ပေါ်ပေါက်လာလေတော့သည်။

ဖုန်းဆက်ရန် အကြောင်း ပေါ်ပေါက်လာပုံမှာ ဤသို့ဖြစ်ပေသည်. . .

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ကျွန်ုပ်သည် ပက်လက်ကုလားထိုင် တစ်လုံးပေါ်တွင် စာအုပ်တစ်အုပ်ကို ဖတ်ရင်း ငိုမ်ကျနေခိုက် အိမ်ပေါက်ဝမှ မောင်ဆိတ်ကျောင်း၏ ဆူညံပူညံအသံကို ကြား လိုက်ရသောကြောင့် ဖတ်လက်စ စာအုပ်ကို စားပွဲပေါ် လှမ်း တင်ပြီး အိမ်ရှေ့ခန်းသို့ ကတိုက်ကရိုက် ထွက်လာခဲ့ရ၏။

အိမ်ရှေ့တံခါးပေါက်ဝတွင်ကား မောင်ဆိတ်ကျောင်းကို လည်ကုပ်မှကိုင်မြှောက်ပြီး အိမ်ထဲသို့ဝင်လာသော ဗိုက်ပူ ဘိုး သူတော် (ခေါ်) အထုပ်တစ်ရာ ဘိုးသူတော်ကြီးကို အံ့အားသင့် ဖွယ် မြင်တွေ့လိုက်ရပေတော့သည်။

ဗိုက်ပူဘိုးသူတော် (ခေါ်) အထုပ်တစ်ရာ ဘိုးသူတော် ကြီးမှာ အရပ်မြင့်မားသော ကျွန်ုပ်၏အရပ်ထက်ပင် ခေါင်းတစ် လုံးပိုမြင့်ပြီး အလွန်ဝဖီးသောခန္ဓာကိုယ်နှင့် စူကားနေသော ဝမ်းဗိုက်ကြီး ရှိပေသည်။

လက်မောင်းလုံးကြီးများမှာလည်း အလွန်ကြီးမာ သန်မာလှပေရကား ကျွန်ုပ်တပည့်ကျော် မောင်ဆိတ်ကျောင်း သည် သူ၏လက်တစ်ဖက်ကြားတွင် ဘဲကောင်ကို ကုပ်မှဆွဲမြှောက် ထားသလို ကိုးရိုးကားရားနှင့် အောက်ခြေလွတ်လျက်ရှိပေ၏။

ကျွန်ုပ်သည် ဒေါသ ထောင်းခနဲ ထွက်သွားသည် အလျောက် ဗိုက်ပူ ဘိုးသူတော်ကို ငေါက်ခနဲ လက်ညှိုးထိုးက



အလွန် ပြင်းထန်ကျယ်လောင်သော အသံဖြင့်. . .

"ဟော့. . . သူတော် ကျုပ်တပည့်ကို ခုချက်ချင်းလွှတ် လိုက်ပါ။ မဟုတ်ရင် ခင်ဗျား ခေါင်းနဲ့ကိုယ် အိုးစားကွဲသွားမယ်"

ဟုအော်လိုက်ရင်း ကျွန်ုပ်နောက်ကျောနံရံတွင် ချိတ်ဆွဲ ထားသော အနော်ရထာမင်းလက်ထက်က လောကီအတတ် ပညာ အစွမ်းထက်လှသော ပွဲကျောင်းဘုန်းကြီး ဝိဇ္ဇာဓရကိုင် ဆောင်သည့် သံမဏိနက်ကို လှမ်းဆွဲထုတ်ကိုင်လိုက်သည်။

ကျွန်ုပ်၏လက်မှ သံမဏိနက်ကိုမြင်၍လော၊ ကျွန်ုပ်၏ ဒေါသကိုပင်တွေ့၍လော မသိ။ ဗိုက်ပူ ဘိုးသူတော်ကြီးသည် ကျွန်ုပ်တပည့် မောင်ဆိတ်ကျောင်းကို လွှတ်ပေးလိုက်ပြီး. . .

"ကျုပ်လာတာက. . မောင်ရင်နဲ့ တွေ့ဆုံစကားပြော ဖို့ပဲ။ ကျုပ်ကို. . ဝင်ခွင့်မပြုဘဲ တားမြစ်နေလို့ သူ့ကိုရန်ပြု မိတာပါ။ ကျုပ် တောင်းပန်ပါတယ်။ ကိုင်း. . ကျုပ်ကို စကား အနည်းငယ် ပြောခွင့်ပြုပါ"

ဟု ပြောလေ၏။

"ဘာပြောစရာရှိလို့လဲ. . ဘိုးသူတော်ကြီး-ကျုပ်မှာလဲ အလုပ်ကိစ္စတွေ ရှုပ်ထွေးများပြားနေလို့ အချိန်. . သိပ်မရှိဘူး။ ဘိုးသူတော်ကြီး ပြောစရာရှိရင်. . . အခုပဲ အဲဒီနေရာက ပြောပေတော့. . ."

www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က အမြင်ကတ်ကတ်ရှိသည်နှင့် ခပ်ဆတ်ဆတ် ပြောချလိုက်သည်။

ဗိုက်ပူ ဘိုးသူတော်ကြီးသည် သူ၏ ခွင်ခွက်နေသော ခြေထောက်များကို ကွတကွတနှင့် သုံးလှမ်းခန့်လျှောက်က ဧည့်ခန်းအတွင်းဝင်လာသည်။ ကျွန်ုပ်နှင့် လက်တစ်ကမ်းအကွ တွင်ရပ်ပြီး. . .

"မောင်ရင်ဟာ တာမွေဈေးကြီးထဲမှာ ကျုပ်ကို နောက် ယောင်ခံလိုက်ခဲ့ဖူးတယ်။ တန်ဆောင်မုန်း လပြည့်နေ့ကလ အော်စတင် ကားနက်ကလေးနဲ့ မိုးကောင်းဘုရားကို လိုက်လာ တယ်၊ မောင်ရင်ဟာ နာဂမေဏီတို့အဖွဲ့နဲ့ တစ်ပူးတစ်ပေါင် တည်းဆိုတာ ကျုပ်သိတယ်။ အခုအချိန်ကစပြီး ကျုပ်ကို နောက် ယှက်တဲ့လုပ်ငန်းကို ရပ်တန်းကရပ်ပြီး နောက်ဆုတ်ပါလို့ ကျု က. . သတိပေးလိုက်တယ်။

"ကျုပ် သတိပေးချက်ကို မလိုက်နာရင်တော့ မောင်ရ သာမကဘဲ နာဂမေဏီပါ အသက်နဲ့ခန္ဓာကိုယ် အိုးစားကွဲသွာ လိမ့်မယ်ဆိုတဲ့အကြောင်း နာဂမေဏီကို မောင်ရင်ကိုယ်တိုင် ပြောဖြစ်အောင်. . . ပြောပြလိုက်ပါ။"

ဟု ကြောင်စိစိ နီရဲရဲ မျက်လုံးကြီးများဖြင့် စူးစိုက်ကြည ရင်း အလွန်မာကြောသောလေသံဖြင့် ပြောလေသည်။



ကျွန်ုပ်က ဗိုက်ပူဘိုးသူတော်ကြီးအား ပမာမခန့် င်းထောက်၍ ပြန်ကြည့်လိုက်ပြီး. . .

"ဒီမယ်. . . ဘိုးသူတော်ကြီး၊ ခင်ဗျားပြောတဲ့စကား ထဲမှာ ပထမအချက်ဖြစ်တဲ့. . တာမွေဈေးထဲမှာ ခင်ဗျားကို နောက်ယောင်ခံလိုက်ခဲ့တယ်ဆိုတဲ့ အချက်က မှန်တယ်။ ဒါက သည်း စိတ်ဝင်စားလို့ ရိုးရိုးသားသား လိုက်ကြည့်ခဲ့မိတာပါ။ ုတိယအချက်ဖြစ်တဲ့. . . အော်စတင် ကားနက်ကလေးနဲ့ းကောင်းဘုရားကို လာတယ် ဆိုတာလဲ မှန်တယ်။ သို့သော်လဲ တတိယအချက်ဖြစ်တဲ့. . . နာဂမေဏီအဖွဲ့ထဲမှာ ကျုပ်က တစ်ပူးတစ်ပေါင်းတည်းဆိုတာတော့. . . လုံးဝ မဟုတ်ဘူး"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေ၏။

ဗိုက်ပူဘိုးသူတော်ကြီးက သူ့ပုခုံးတွင် လွယ်ထားသော လွယ်အိတ်အစုတ်ကြီးတစ်ခုအတွင်းမှ တစ်စုံတစ်ရာကို ဆွဲထုတ် က်ယူလိုက်ပြီး. . .

"မင်းက. . လက်ဆုပ်လက်ကိုင်တွေ့တာတောင် 'ဘူး' ယ်ပြီး ငြင်းချင်သေးသကိုးကွ။ မိုးကောင်းဘုရားကို မင်းတို့ လာတဲ့ညက ငါ့တပည့် ဘိုးသူတော်ကလေးတစ်ယောက်က ညင်ပင်ကြီးပေါ်မှာ တက်နေပြီး မင်းတို့ကို ချောင်းကြည့်ခဲ့လို ာဂမေဏီနဲ့ စကားလက်ဆုံကျ၊ ဘုရားအတူဖူး၊ ဆီမီးပါ

www.burmeseclassic.com

www.burmeseclassic.com



ပူဖော်ခဲ့သေးတယ် ဆိုတာအကုန်သိပြီးပါပြီကွ။ မင်း ပြင်းေ လဲ အပိုပါပဲကွာ၊ ကိုင်း. . . ကိုင်း. . . ဟောဒီ အရာကို မင် အသေအချာကြည့်စမ်း"

ဟု သူ၏ လက်ဝဲကြီးဖြင့် ဆုပ်ကိုင်ထားသော အ ရောင်သစ်သားတစ်မျိုးနှင့် ထွင်းထုထားသော တင်ပျဉ်ခွေထို ပုတီးစိပ်နေသော ဘိုးသူတော်ရုပ်ထုတစ်ခုကို လှမ်း၍ပြလိုက် လေသည်။

ကျွန်ုပ်လည်း နာဂမေဏီနှင့် ကျွန်ုပ်သည် တစ်ဖွဲ့တည် မဟုတ်ကြောင်း လေကုန်ခံ၍ ရှင်းမပြတော့ဘဲ. . . သူ ပြနေ သော အနီရောင်ဘိုးသူတော်ရုပ်တုကိုသာ စူးစိုက်၍ကြည့်လိုက် မိ၏။

ကျွန်ုပ်မှာ ရှေးဟောင်းပစ္စည်းများကို ဝါသနာပါသူဖြင့် ပေရကား သူ၏လက်အတွင်းမှရုပ်တုကို အမှန်ပင် စိတ်ဝင်စာ မိ၍ ရှေ့သို့ ခြေတစ်လှမ်းတိုးကာ အနီးကပ် ငုံ့ကြည့်လိုက်သည်

"ကြည့်ပါ. . . ကြည့်ပါ၊ ဒါ. . မတစ်လုံး၊ ဝတစ်လုံး ဘိုးသူတော်ရုပ်တု အစစ်ပဲ"

ရုပ်တု၏အောက်ခြေတွင် မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသ တော်ရုပ် ဟု ကမ္ပည်းထိုးထားကြောင်း တွေ့ရှိရလေသည်။

ကျွန်ုပ်က အရုပ်ကို စိတ်ဝင်စားစွာဖြင့် ကြည့်ရှုရ



သက်ရာ အလွန်မြောက်လှပြီး မျက်နှာမူ၊ မျက်နှာမောင်းမှာ အသက်ဝင်လှသောကြောင့် . . .

"ဗိုက်ပူဘိုးသူတော်။ ဒီအရုပ်ကို. . ခင်ဗျား ကျုပ်ကို ရောင်းမလို့လား"

ဟု ကျွန်ုပ်က အမှန်ပင်ဝယ်လိုသောစိတ်ဖြင့် ရိုးရိုးသား သား ပြောလိုက်သည်။

သို့သော် ဗိုက်ပူဘိုးသူတော်သည် အလွန်စိတ်ဆိုးသွား သောဟန်ဖြင့် ရှုံ့ရှုံ့ရှားရှား ဖြစ်ကာ. . .

"မင်းက ငါ့ကို. . နောက်သလို၊ ပြောင်သလို မလုပ် ပါနဲ့ကွ၊ နာဂမေဏီကို အသေအချာ ပြောလိုက်ပါ၊ ငါ့လက်ထဲ ကို မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရုပ် ရောက်နေပြီလို့၊ အကယ်၍ နာဂမေဏီအနေနဲ့ ငါ့ကိုဆက်ပြီး နှောင့်ယှက်နေရင် မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရုပ်တုကို မီးရှို့ဖျက်ဆီး ပစ်လိုက်မှာ မုချပဲဆိုတဲ့အကြောင်း တိတိကျကျ ပြောလိုက်ပါ"

ဟု ဒေါနှင့်မောနှင့်ပြောပြီး သူ၏ လွယ်အိတ်စုတ်ကြီး ထဲသို့ အနီရောင် ဘိုးသူတော်ရုပ်တုကို ထိုးထည့်လိုက်လေ၏။

ထို့နောက်. . .

"ဒါပဲ. . . ငါသွားမယ်"

ဟုပြောကာ ဗိုက်ပူဘိုးသူတော်သည် သူ၏ ခန္ဓာကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးကို လေးတိလေးတွဲရွှေ့လျားကာ ခန္ဓာကိုယ်ကို တစ်ပတ်လှည့်၍ ကွတကွတနှင့်လျှောက်ရင်း ကျွန်ုပ်၏ အိမ်အပေါက်ဝသို့ ထွက်ခွာသွားလေသည်။

□ □ □



(၁၉)

ဗိုက်ပူဘိုးသူတော်ကြီး ကျွန်ုပ်၏ အိမ်အပေါက်ဝသို့ ရောက်လျှင် အိမ်အကွယ်မှနေ၍ မောင်ဆိတ်ကျောင်းသည် ဓတ်တရက် ခုန်ထွက်လာပြီး သူ၏လက်အတွင်းမှ မြောက်ကိုင်ထားသော သံတူရွင်းအရှည်ဖြင့် ဗိုက်ပူဘိုးသူတော်ကြီး၏ ခေါင်းပေါ်သို့ ရိုက်ချလိုက်လေ၏။

ကျွန်ုပ်က. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . မောင်ဆိတ်ကျောင်း. . မောင်ဆိတ်ကျောင် မလုပ်နဲ့. . . မလုပ်နဲ့. . ."

ဟု ကျွန်ုပ်က အော်ဟစ်၍ဟန့်တားပါသော်လည် နောက်ကျ သွားချေပြီတည်း။

မောင်ဆိတ်ကျောင်းလက်ထဲမှ သံတူရွင်းသည် အရှိ ပြင်းစွာဖြင့် ဗိုက်ပူဘိုးသူတော်၏ ဦးခေါင်းပေါ်သို့ ကျရောက် သွားလေသည်။

သို့သော် ထိုအချိန်တွင် မည်သို့မျှ မျှော်လင့်မထား ဗိုက်ပူဘိုးသူတော်၏ လက်တစ်ဖက်သည် မထင်မှတ်နို လောက်သော လျှင်မြန်မှုဖြင့် မြှောက်တက်သွားပြီး သံတူရွင်း ခံဆောင်လိုက်၏။

"ခေါင်"

သံတူရွင်းမှာ ဗိုက်ပူဘိုးသူတော်၏ လက်ဖျံရိုးနှင့်ထိ မိမိရိုက်မိပြီး အရှိန်ဖြင့်ပြန်ကန်ကာ မောင်ဆိတ်ကျောင်း ခေါင်းပေါ်သို့ ကျရောက်သွားလေ၏။

"ခွပ်. . ."

မောင်ဆိတ်ကျောင်းမှာ တုံးခနဲ ပစ်လဲကျသွားပြီးလ ဦးခေါင်းမှာလည်းကွဲသွားကာ သွေးတို့ဖြင့် ရဲခနဲဖြာထွ သွားပေ၏။



ဟင်. . မောင်ဆိတ်ကျောင်း. . မောင်ဆိတ်ကျောင်း"

ကျွန်ုပ်က မောင်ဆိတ်ကျောင်းကို ပြေး၍ပွေ့လိုက်စဉ် ာပင် ဗိုက်ပူဘိုးသူတော်ကြီးက သံတူရွင်းကြီးကို ပြန် ကောက်ကိုင်လိုက်လျှက် သူ၏လက်ဖြင့် ထက်အောက်စုန်ဆန် အပြန်အလှန် သပ်လိုက်ပြီးနောက် သံတူရွင်းကြီးကို မြှောက် လိုက်ကာ သူ၏ ပြောင်တင်းနေသော ဦးခေါင်းထိပ်ပေါ်တင် ိုက်ပြီး လက်နှစ်ဖက်ဖြင့်ဖိ၍ ကွေးချလိုက်ရာ အလွန်တရာ ာကျောလှသော သံတူရွင်းကြီးမှာ ဖယောင်းသားပမာ ကွေး ွတ်၍သွားလေတော့၏။

"ဟင်. . ."

ကျွန်ုပ် အလွန်အံ့အားသင့်၍ ငေးကြည့်နေမိစဉ်မှာပင် ိုက်ပူဘိုးသူတော်ကြီးက ကွေးကောက်နေသော သံတူရွင်းကြီး ို ကြမ်းပေါ်သို့ ဒုန်းကနဲ ပစ်ချလိုက်ပြီး. . .

"ဗိုက်ပူသူတော်တဲ့ဟေ့. . . ငါ့ကိုလာမစမ်းနဲ့. . . မ်းတဲ့သူ ခံသွားရမယ်။ ဟား. . . ဟား. . . ဟီး. . . ဟီး. . . ဟား. . . ဟေး. . ."

ဟု အသံနက်ကြီးဖြင့် ကျယ်လောင်စွာ ရယ်မောလျှက် ျွန်ုပ်၏အိမ်ထဲမှ. . ထွက်ခွာ သွားလေတော့သည်။

ဗိုက်ပူသူတော်ကြီး ထွက်ခွာသွားပြီးနောက် ကျွန်ုပ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတွင် သွေးသံတရဲရဲဖြင့် သတိလစ် မေ့မျောနေသေ
မောင်ဆိတ်ကျောင်းကို ပခုံးပေါ် မနိုင်မနင်းထမ်းပိုးလျှက် ကျွန်
နေထိုင်သော လမ်းထိပ်ထောင့်ရှိ "မဏိဇောတဆေးကုခန်း"
သယ်ဆောင်ခေါ်ငင်သွားရလေတော့သည်။

မောင်ဆိတ်ကျောင်းသည် လမ်းမှာပင် ပြန်လည်
သတိရလာပြီး နာကျင်သောကြောင့် အဆက်မပြတ်ပင် အေ
ဟာစ်ညည်းညူနေတော့၏။

ဆေးခန်းသို့ရောက်သောအခါ ဒေါက်တာဘညို
စမ်းသပ်ကြည့်ပြီးနောက်. . .

"ဦးခေါင်းနဲ့အုတ်ခဲ့ကတော့. . ဘာမှ မဖြစ်ပါဘူ
အရေပြားလေးပဲ ကွဲသွား. . တာပါ။ ဒါပေမယ့်. . ချု
ဖြစ်မယ်။ ဒီမှာက. . ထုံဆေးမရှိတော့ နီးစပ်ရာဆေးရုံ
သွားရင်ကောင်းမယ်"

ဟု ပြောလေ၏။

ကျွန်ုပ်က ဒက်ရာဒဏ်ချက်ဖြင့် ဆေးရုံရောက်သွားလျှ
အမှုရှုပ်မည်ဖြစ်သောကြောင့် တိုတိုနှင့် ကိစ္စပြီးစေရန်. . .

"ဒေါက်တာရယ်. . ။ ကျွန်တော့်တပည့် မောင်ဆိ
ကျောင်းက အလွန် သတ္တိရှိပါတယ်. . ။ ထုံဆေးပေးစရာ မ
ပါဘူး။ ဒီအတိုင်းပဲ. . အစိမ်းချုပ်ပေးပါဆရာ။ ဆေးကုခကို



ဆရာကြိုက်သလောက်. . ပိုယူပါ ဆရာ"

ဟု ချော့မော့၍ပြောလိုက်ရသည်။

ထို့နောက် မျက်လုံးပြူးနေသော မောင်ဆိတ်ကျောင်း၏
နားသို့ ကပ်၍. . .

"မောင်ဆိတ်ကျောင်းရေ. . ။ အောင့်သာခံကွာ။ အိမ်
ပြန်ရောက်ရင် မင်းကြိုက်တဲ့ ဆိတ်ကလီစာဟင်းကို ငရုတ်သီး
မဆလာနိုင်နိုင်နဲ့ ငါကိုယ်တိုင် ချက်ကျွေးပါ့မယ်"ဟု မြူဆွယ်
လိုက်ရ၏။

အစားကောင်း အလွန်မက်သော မောင်ဆိတ်ကျောင်း
မှာ မညိတ်ချင်ညိတ်ချင်နှင့် ဦးခေါင်းကို ညိတ်ပြလိုက်သည်။
ထိုအခါမှ ဒေါက်တာဘညိုက အစိမ်းချုပ်ပေးရန် သဘောတူ
လိုက်ပြီး ချုပ်ရန် ပြင်ဆင်လေတော့သည်။

"အားလား လား. . . အောင်မလေးဗျ. . . နာလိုက်
တာ၊ အား. . . အား"

လေးချက်တိတိ အစိမ်းချုပ်ရပေရာ နာကျင်လွန်းသဖြင့်
မောင်ဆိတ်ကျောင်းက အော်ဟစ်လူးလွန့်နေသောကြောင့်
ငြိမ်သက်စေရန် ကျွန်ုပ်က မနည်းချုပ်ကိုင်ထားရပေသောကြောင့်
ကျွန်ုပ်တစ်ကိုယ်လုံးလည်း ချွေးများဖြင့် ရွှဲစိုနေရတော့၏။

အိမ်ပြန်ရောက်ပြီးနောက် ထိုနေ့ ညနေပိုင်းကို ကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



ကတိပေးထားသည့်အတိုင်း ဆိတ်ကလီစာဟင်း ဖြင့် ချက်ပြုတ်လုပ်ကိုင်ရပြန်သေး၏။

ဟင်းနံ့မွှေးမွှေးက ကျွန်ုပ်၏တစ်ဖိမ်လုံးတွင် သင်းပျံ့နေပြီဖြစ်သော်လည်း မောင်ဆိတ်ကျောင်းမှာ အနာရှိန်ဖြင့် ကိုယ်ပူကာ အဖျားတက်လျှက် ကိုယ်ပူရှိန်မြင့်နေသောကြောင့် ထိုနေ့ညနေစာကို မစားနိုင်ဘဲရှိရကား ကျွန်ုပ်တစ်ဦးတည်းသာလျှင် ဆိတ်ကလီစာဟင်းများကို မြိန်ရှက်စွာဖြင့် တစ်ဝကြီး ဗိုက်ကားအောင် စားသောက်ခဲ့ရပေသည်။

ကျွန်ုပ်သည် ပြုံးရယ်လျှက်. . .

"မင်းက ဘာကြောင့်များ. . ဗိုက်ပူဘိုးသူတော်ကြီးကို သံတုတ်ရှင်းနဲ့ တွယ်ရတာလဲ. . . မောင်ဆိတ်ကျောင်းရဲ့. . "

ဟု မေးလိုက်၏။

မောင်ဆိတ်ကျောင်းသည် အဖျားတက်လျှက်မှပင် တဟီးဟီးရယ်မောကာ. . .

"ကျွန်တော်က. . ကျွန်တော့်ကို စော်ကားသမှုပြုလာရင် ဘယ်သူ့ကိုမှ ခေါင်းငုံ့မခံနိုင်ဘူးလေ။ အဲဒီ ဗိုက်ပူသူတော်ဆိုတဲ့လူကြီးက ကျွန်တော့်လည်ကုပ်ကို ကိုင်မြှောက်ပြီး ဗိုလ်ကျခဲ့တော့ သူ့ကို. . လက်တုံ့ပြန်လိုက်တာပေါ့"

"မင်းလက်တုံ့ပြန်တာက အရေးမကြီးဘူး။ မင်းက



မနိုင်ဘဲ. . မင်းပဲခံရတာက ဆိုးသကွာ"

မောင်ဆိတ်ကျောင်းသည် မချိသွားဖြဲ ရယ်မောနေလေ၏။

ကျွန်ုပ်က ထမင်းပန်းကန်များကို သိမ်းဆည်းရင်းလေချဉ်တက်လိုက်လေရာ ဆိတ်ကလီစာ ဟင်းနံ့ကလေးက သင်းပျံ့မွှေးသွားလေ၏။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

အထက်ဖော်ပြပါအတိုင်း ထူးခြားသော အဖြစ်အပျက်များ ပေါ်ပေါက်ခဲ့ပြီးနောက် ကျွန်ုပ်သည် ဦးကောက်စုံပေးထားသော ဖုန်းနံပါတ်ဖြစ်သည့် "၁၁၄. . . "ကို ဒေါက်တာဘညို၏ ဆေးခန်းရှိ ဖုန်းမှတစ်ဆင့် ဆက်သွယ်လိုက်ပေတော့သည်။

ဖုန်းခေါ် သံမြည်ပြီး မကြာခင်မှာပင် လူတစ်ယောက်က ဖုန်းကို လာကိုင်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို. . . ဘယ်သူပါလဲ၊ အမိန့်ရှိပါ"

ဟု အသံအောအောကြီးဖြင့် ပြောဆိုသံ ကြားရ၏။

"ကျွန်တော့်နာမည် ဦးနေထွန်းလင်းပါ။ ကျွန်တော် ဦးကောက်စုံနဲ့ စကားပြောချင်ပါတယ်"

"ဒီအိမ်မှာ. . . ဦးကောက်စုံ မရှိပါဘူး"

"ဦးကောက်စုံက ကျွန်တော့်ကို. . . သူနဲ့ ဆက်သွယ်ချင်ရင် ဆက်သွယ်ဖို့ အဲဒီဖုန်းနံပါတ်ကို ပေးခဲ့တာပဲ"

"ခင်ဗျား မှာချင်တာရှိရင်. . . ကျွန်တော့်ကို ပြောပါ။ ဦးကောက်စုံကိုတွေ့ရင်. . ကျွန်တော် ပြောလိုက်ပါ့မယ်"

"ကျွန်တော့်မှာ သတင်းထူးရှိတယ်။ မနက်ဖြန်ကျရင် အိမ်ကို ဆက်ဆက်လာခဲ့ပါလို့ ဦးကောက်စုံကို ပြောလိုက်ပါ"

ထို့နောက် ကျွန်ုပ်သည် ဖုန်းကိုချပြီး ဒေါက်တာဘညိုကို ကျေးဇူးတင်ကြောင်းပြောကာ အိမ်သို့ပြန်ခဲ့ပေ၏။

စိတ်ထဲမှာတော့. . . ဦးကောက်စုံကို အတော်ပင် မကျေမနပ် ဖြစ်နေမိ၏။

သူပေးထားခဲ့သော ဖုန်းနံပါတ်အတိုင်း ဆက်သွယ်ခဲ့သော်လည်း. . . သူနှင့် မဆက်သွယ်မိသောကြောင့်ပင်။

□ □ □



နောက်တစ်နေ့တွင် ကျွန်ုပ်သည် ဦးကောက်စုံ ရောက်လာလိမ့်မည်ဟု လုံးဝမျှော်လင့်မထားခဲ့ပေ။

သို့သော် ဦးကောက်စုံသည် စောစီးစွာ ကျွန်ုပ်၏အိမ်သို့ ရောက်ချလာလေ၏။

ဦးကောက်စုံက. . .

"သတင်းထူးတယ်ဆိုလို့. . ချက်ချင်းထလာတာပဲ"

ကျွန်ုပ်က. . .

"ခင်ဗျားပေးထားတဲ့ တယ်လီဖုန်းနံပါတ်အတိုင်း ကျုပ်ဆက်ကြည့်တော့ တစ်ဖက်လူက ခပ်ပေါ့ပေါ့ဆဆပြန်ပြောတာကြောင့် ကျုပ်ကတော့ ဒီကနေ့မှာ ခင်ဗျားရောက်လာလိမ့်မယ်လို့. . ထင်ကို မထင်မိဘူးဗျာ"

"ကျုပ်ပြောတဲ့ တယ်လီဖုန်း နံပါတ်မှာရှိနေတဲ့ ကျုပ်မိတ်ဆွေက စကားကိုခပ်ပေါ့ပေါ့ပြောတတ်တာ ဓလေ့တစ်ခုလို

www.burmeseclassic.com



ဖြစ်နေလို့ပါဗျာ။ သူက စကားကို ခပ်ပေါ့ပေါ့ပြောပေမယ့် အလုပ်တော့ လေးနက်ပါတယ်ဗျ။ ဒီမနက်မှာ ကျုပ်ရှိနိုင်မယ့် နေရာတွေကို သူကသိထားလေတော့ မတွေ့တွေ့အောင် လှည့်ပတ်ရှာဖွေပြီး ခင်ဗျားပြောတဲ့ စကားကို ကျုပ်ဆီရောက်အောင် လာပြောပါတယ်ဗျာ"

"နို့ ။ ကျုပ်က. . ခင်ဗျားမိတ်ဆွေရဲ့စရိုက်ကို သိမှ မသိဘဲလေ"

ဦးကောက်စုံက. . .

"ကိုင်း. . . မိတ်ဆွေကြီး **ကိုနေထွန်းလင်း**ရေ ပြောစရာရှိတဲ့ သတင်းစကားကို **အမြန်ပြော**ပါဗျာ။ ဆောင်ရွက်စရာ ကိစ္စရှိရင်လဲ စောစောစီးစီး **ဆောင်ရွက်**နိုင်တာပေါ့"

ဟု လောဆော်လိုက်လေ၏။

ကျွန်ုပ်က. . .

"ကော်ဖီလေး ဘာလေး. . . **မသောက်**တော့ဘူးလား ဗျ။ အေးအေးဆေးဆေးပဲ မဟုတ်လား"

"ဒီမနက် ကျုပ်အတွက် ဘာမှ မလိုအပ်တော့ပါဘူး စားစရာ၊ သောက်စရာတွေ အကုန်လုံး. . စားသောက်ခဲ့ပြီးပြီ တစ်ဆိတ်ဗျာ ကိုနေထွန်းလင်း၊ သတင်းအချက်အလက်ဆို အချိန်နဲ့အမျှ အရေးကြီးတတ်တယ်။ အသိနောက်ကျလို့ ဘာ



မဆောင်ရွက်နိုင်ဘဲရှိရင် ခက်မယ်လေ။ ပြောစရာရှိရင် ပြောပါတော့ဗျာ"

"ကျုပ် ပြောစရာရှိတဲ့သတင်းက. . . သိပ်အထူးကြီး တော့ မဟုတ်ပါဘူး။ မနေ့က ကျုပ်တပည့် မောင်ဆိတ်ကျောင်း တစ်ယောက် ခေါင်းကွဲသွားတဲ့ အကြောင်းကိစ္စပါဗျာ"

"ဟင်၊ မောင်ဆိတ်ကျောင်း ခေါင်းကွဲသွားတာနဲ့ ကျုပ်ကို လှမ်းအကြောင်းကြားတာကတော့ မဆီလျော်လှပါ ဘူးလားဗျာ။ ဆေးရုံဆေးခန်းကို သွားရုံရှိတာပဗျာ. . ."

ဟု ဦးကောက်စုံမှာ ဒေါသမထွက်စဖူး ဒေါသထွက် လျှက် ကျွန်ုပ်ကို မျက်နှာထိ၊ မျက်နှာထားနှင့် ပြောလေ၏။

ဦးကောက်စုံသည် သူမျှော်လင့်ထားသော နာဂမေဃ တို့၏ သတင်းစကားကို မကြားရဘဲ သာမန်သာရေး နာရေး တော်တဆထိခိုက်မှုကိစ္စကို ကြားလိုက်ရ၍ စိတ်တိုသွားပုံ ရသည်။

အတန်ကြာမှ ဦးကောက်စုံက သူ့စိတ်ကိုသူထိန်းလိုက် ဟန်တူပြီး. . .

"အင်းပါလေ. . . ခင်ဗျား တပည့်ကျော် ခေါင်းကွဲ တာလဲ ကျုပ်တပည့် ခေါင်းကွဲသလိုပါပဲ။ ကျုပ်နဲ့လဲ သက်ဆိုင် ပါတယ်လေ။ ဘယ့်နှယ်လဲ. . ဆေးခန်းတွေ ဘာတွေသွားပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြီလား။ ဘယ်လို ဖြစ်တာလဲဗျ"

ဟု မေးလိုက်လေတော့၏။

□ □ □

(၂၀)

ကျွန်ုပ်က ပြုံးရယ်လျှက် . . .

"ဆေးခန်းကို သွားပြီးပါပြီဗျာ၊ လေးချက်တိတိ အစိမ်းလိုက် ချုပ်လိုက်ရတယ်၊ ဖြစ်ပုံကတော့ ကျုပ်တပည့် မောင်ဆိတ်တောင်းကို ဗိုက်ပူဘိုးသူတော်ကြီးက သံတူရွင်းနဲ့ နှက်ထည့်လိုက်တာလို့ ပြောရမှာပဲဗျာ"

ထိုစကားကိုကြားလျှင် မိမိနံဘေးမှ သားကောင်တစ်

www.burmeseclassic.com

www.burmeseclassic.com



ကောင် ဖြတ်သွားသည်ကို အနံ့ရလိုက်သဖြင့် ဆတ်ခနဲ ခေါင်းထောင်ထလာသော ကျားရဲကြီးတစ်ကောင်ပမာ ဦးကောက်စုံသည်ခေါင်းမတ်လာပြီး အရောင်များတောက်ပလာသည့် မျက်လုံးများဖြင့် ကျွန်ုပ်မျက်နှာကို စူးစမ်းကြည့်ရှုကာ. . .

"ဗျာ. . . ခင်ဗျား ဘယ်လိုပြောလိုက်တာလဲဗျ၊ ဗိုက်ပူဘိုးသူတော်ကြီးက ခင်ဗျားတပည့်မောင်ဆိတ်ကျောင်းကို သံတူရွင်းနဲ့ နှက်သွားတယ် ဟုတ်လား၊ တယ်ထူးဆန်းတဲ့ သတင်းပဲဗျို့၊ ဘယ်နေရာမှာ ဘာကြောင့် သူကမောင်ဆိတ်ကျောင်းကို နှိပ်သွား ရတာတဲ့လဲ"

ဟု ဦးကောက်စုံထံမှ မေးခွန်းများ ဆက်တိုက်ထွက်ပေါ်လာတော့သည်။

"နှိပ်သွားတာကတော့ ကျုပ် အိမ်ထဲမှာပါပဲ၊ ဘာကြောင့်လဲဆိုတာကတော့ နည်းနည်းရှည်ရှည် ရှင်းပြရပေလိမ့်မယ်"

ဟု အစချီကာ ကျွန်ုပ်သည် ဗိုက်ပူဘိုးသူတော်ကြီး ကျွန်ုပ်အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပုံမှစ၍ ကျွန်ုပ်ကိုခြိမ်းခြောက်ပုံ၊ နာဂမေဏီတို့အဖွဲ့ကဟု ကျွန်ုပ်ကို စွပ်စွဲလိုက်ပုံ၊ ထူးခြားသော အနီရောင်ရှိသည့် သစ်သားဖြင့် ထုလုပ်ထားသော မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရုပ်ပုံကိုပြပုံ၊ သူ့ကို နှောင့်ယှက်လျှင် ထိုဘိုးသူတော်ရုပ်ကို မီးရှို့ဖျက်ဆီးမည်ဖြစ်ကြောင်း



နာဂမေဏီအား အကြောင်းကြားပေးရန် မှာကြားပုံနှင့် မောင်ဆိတ်ကျောင်းက သံတူရွင်းနှင့် ရိုက်နှက်လိုက်သော်လည်း မောင်ဆိတ်ကျောင်းသာ ခံလိုက်ရပုံတို့ကို ဇာတ်စုံခင်း၍ ပြောပြလိုက်ရပေသည်။

ဦးကောက်စုံသည် အရောင်တဖျပ်ဖျပ် တောက်ပနေသော မျက်လုံးအစုံကိုပြူးကြည့်ကာ. . .

"ဒါဟာ အလွန်အရေးကြီးတဲ့ သတင်းတစ်ခုပဲ မိတ်ဆွေကြီး ကိုနေထွန်းလင်းရဲ့"

ဟု ပြောလိုက်လေ၏။

ကျွန်ုပ်ကမူ အဆိုပါသတင်းသည် ထူးခြားလှသည်ဟု မထင်မိချေ။

ဦးကောက်စုံက အနီရောင်သစ်သားဖြင့် ထုလုပ်ထားသော မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရုပ်တုကြီးအကြောင်းကို ခရေစေ့တွင်းကျ မေးမြန်း ဆန်းစစ်နေလေတော့သည်။

ကျွန်ုပ်လည်း ဦးကောက်စုံမေးသမျှကို တစ်ခုမကျန် စေ့စေ့စပ်စပ် စိတ်ရှည်ရှည်ဖြင့် ပြန်လည်ရှင်းလင်းပြောကြားလိုက်၏။

"အဲဒါ သိပ်အရေးကြီး အချက်ပဲဗျ ကိုနေထွန်းလင်းရဲ့၊ အနီရောင်အသားနဲ့ ထုထားတဲ့ မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူ

www.burmeseclassic.com

www.burmeseclassic.com



တော်ရုပ်တုက အစစ်သာမှန်ရင် ငွေကြေးအားဖြင့် အင်မတန်တန်ကြေးကြီးတဲ့ ရုပ်တုပဲဖြစ်မယ်၊ တစ်စုံတစ်ယောက်အတွက်ကတော့ အသက်နဲ့ထပ်တူထပ်မျှ တန်ဖိုးရှိတယ်၊ ဝိဇ္ဇာမယအဖွဲ့ တစ်ဖွဲ့အတွက်ကတော့ သူတို့အဖွဲ့ရဲ့ အနာဂတ်လမ်းကြောင်းဟာ အဲဒီရုပ်တုပေါ်မှာ မူတည်နေတယ်ဗျ. . "

"ဗျာ။ ဒါဆိုရင် . . . ဒီရုပ်တုဟာ တန်ကြေးအားဖြင့် သုံးမျိုးသုံးစားတောင် တန်နေတာပေါ့"

"မှန်တယ်၊ ကိုနေထွန်းလင်း"

"ကျွန်တော့်ကို တစ်ချက်ချင်း . . တန်ဖိုးကြီးပုံရှင်းပြနိုင်မယ်ဆိုရင်တော့ သိပ်ကောင်းမှာပဲ ဦးကောက်စုံ"

"အင်းလေ . . . ကျုပ် သိ သလောက် တော့ ခင်ဗျားသိရမှာပေါ့၊ သို့သော်လည်း ကျုပ်လိုလူသည်ပင်လျှင် သိသလောက်ပဲ သိထားတယ်လို့ . . ခင်ဗျား မှတ်ထားစေချင်တယ်"

"ဘယ်လိုပဲဖြစ်ဖြစ် သိတန်သလောက် သိရရင်လဲ ဗဟုသုတ တိုးတာပေါ့ဗျာ"

"ပထမဆုံးအချက် သိရမှာက အဲဒီရုပ်တုကို ထုလုပ်ထားတဲ့ သစ်နီသားဟာ အကယ်၍ ဆေးဆိုးထားတာမဟုတ်ဘဲ အစစ်အမှန်သာဖြစ်ခဲ့ရင် အလွန်ဆေးဖက်ဝင်တဲ့ ရှားပါးသစ်ပင်



တစ်မျိုးဖြစ်တယ်၊ ဆေးဖက်ဝင်ပုံက ပျားရည်ပုလင်းတစ်ထောင်ကိုကျိုလိုက်လို့ အရည်ခန်းပြီး တစ်ပုလင်းရရင် အဲဒီပျားရည်တစ်ပုလင်းရဲ့ အင်အားဖြစ်ထွန်းစေတဲ့အစွမ်းဟာ အဲဒီသစ်နီသားကို ကျောက်ပျဉ်မှာ ရေနဲ့သွေးလို့ရတဲ့ ကြေဖွန်းတစ်ဖွန်းစာနဲ့ ညီမျှသတဲ့၊ တစ်နေ့ တစ်ဖွန်း မှန်မှန်သောက်လို့ သုံးလပြည့်ခဲ့ရင် ကာယသိဒ္ဓိတောင် ပြီးနိုင်တယ်လို့ စာဆိုရှိတယ်၊ ဂမုန်းနီမျိုးနွယ်ဝင် ပင်ကြီးဂမုန်းနီလို့ ခေါ်တယ်၊ အားဆေးအရာမှာတော့ တုနှိုင်းမဲ့ထွတ်ခေါင်ပဲဗျ. . . "

"တယ်ဟုတ်ပါလားဗျာ၊ ဒီအချက်ကို ဗိုက်ပူဘိုးသူတော် သိပုံမရဘူးဗျ"

"တော်ရုံတန်ရုံ ဗဟုသုတကြွယ်ဝတဲ့ပုဂ္ဂိုလ်တွေ မသိနိုင်တဲ့ အရာတွေပေါ့ဗျာ ကျုပ်ကိုတောင် ဗဟုသုတကြွယ်တဲ့ ပုဂ္ဂိုလ်ထူးတစ်ယောက်က လျှို့ဝှက်ချက်ကို ဖွင့်ပြောလို့သိရတာ၊ ဒီတော့ ခင်ဗျားကလဲ သိသမျှကို နှုတ်လုံရမယ်ဆိုတာ အထူးပြောဖို့ မလိုပါဘူးနော်"

"ဟာ. . . အဲဒီကိစ္စအတွက်တော့ စိတ်ချပါဗျာ။ ဒြော် ဒါနဲ့ . . . ခင်ဗျားကိုပြောပြတဲ့ ပုဂ္ဂိုလ်ထူးဆိုတာက ဘယ်သူလဲဗျ"

"နောင်ကျတော့ ခင်ဗျားကို အဲဒီပုဂ္ဂိုလ်ထူးအကြောင်း ပြောပြပါ့မယ်ဗျာ၊ အခုက. . အချိန်မကျသေးဘူး"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"သို့ကလိုဖြစ်ရင်လဲ ရုပ်တုအကြောင်း ဆက်ရှင်းပြစမ်းပါဦးဗျာ"

"အဲဒီရုပ်တုရဲ့ပါးစပ်ထဲမှာ အလွန်အဖိုးတန်တဲ့ ပတ္တမြားတစ်လုံး ထည့်မြုပ်ထားသတဲ့"

"ဟင်။ ပတ္တမြားဆိုရင်တော့. . တန်ကြေးက အလွန်ကြီးပေလိမ့်မယ်ထင်တယ်"

"အရွယ်အစားကလဲ သင့်တင့်တဲ့အရွယ်အစား၊ အရည်အသွေးကလဲ အလွန်ကောင်းတယ်ဆိုတော့ တန်ကြေးက ဘယ်မကြီးဘဲ နေလိမ့်လေမလဲဗျာ"

BURMESE CLASSIC .com

"ဘာရည်ရွယ်ချက်နဲ့များ ဒီရုပ်တုရဲ့ ပါးစပ်ထဲမှာ ဒီလောက် အဖိုးတန်တဲ့ပတ္တမြားကို မြှုပ်ထားရတာတဲ့လဲ"

"ဒီရုပ်တုနဲ့ ချွတ်စွတ်တူတဲ့ မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ဆိုတာက အလွန်အဖိုးတန်တဲ့ လူတစ်ယောက်ကိုးဗျ၊ မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ဆိုတာ ဝိဇ္ဇာမယ လောကီပညာအဖွဲ့တစ်ဖွဲ့ရဲ့ခေါင်းဆောင်ပဲ၊ သူ့ကိုယ်စား သူ့ကိုယ်ပွားဖြစ်တဲ့ရုပ်တုမှာ သူ့ရဲ့ တန်ဖိုးကို သရုပ်ဖော်တဲ့အနေနဲ့ ပတ္တမြားတုံးကို ထည့်ထားတာပေါ့"

" အဲဒီ မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်က ဣဒ္ဓိပါဒ်အစွမ်းသတ္တိတွေ ရှိမရှိတော့ မသိဘူး၊ အတော့်ကို ကြွယ်ဝချမ်း



သာပုံတော့ ရတယ်၊ ဘာကြောင့်ဆိုတော့ အဖိုးတန်ပတ္တမြားကို ရုပ်တုထဲမှာ ထည့်ထားနိုင်တာကိုး"

"ကြွယ်ဝမှုအတိုင်းအဆကိုတော့ မခန့်မှန်းနိုင်အောင်ပါပဲ။ သူက သူ့အဖွဲ့အတွက်ရည်ရွယ်၊အဓိဋ္ဌာန်ထားပြီး မဟာမြိုင်တောနက်ကြီးထဲမှာ ရွှေတောင်ငွေတောင်ကို သွားရှာတဲ့အခါ တောနေပုဂ္ဂိုလ်တစ်ယောက်က ညွှန်ပြမှုတစ်ခု ပြောလိုက်တယ်။ အဲဒီ တောနေပုဂ္ဂိုလ်ရဲ့ ညွှန်ပြမှုအတိုင်း ရခိုင်ရိုးမတောင်တန်းပေါ်မှာသွားရှာတဲ့အခါ ပိုင်ရှင်မဲ့ ရတနာသေတ္တာကြီးတစ်လုံး ရလာခဲ့တယ်၊ သေတ္တာကြီးက အလွန်လေးလို့ ရတနာအချို့ကိုပဲ ယူဆောင်ပြီး ပြန်လာခဲ့ရတယ်၊ အပြန်လမ်းမှာ တောတွင်းတစ်နေရာက အလွန်အဆိပ်ပြင်းတဲ့ ပင့်ကူကြီးတစ်မျိုးက သူ့ကို အသေအကျေ ကိုက်ခဲ တိုက်ခိုက်ခဲ့တယ်၊ သာမန်လူဆိုရင် သေတာကြာလှပြီ၊ သူကတော့ ထူးခြားတဲ့ပုဂ္ဂိုလ်ဖြစ်တော့ ပင့်ကူကြီးရဲ့ရန်ကို အန်တုနိုင်ခဲ့တယ်၊ သို့သော်လည်း မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ဟာ သတ္တဝါတွေအသက်ကို မသတ်ဘူးလို့ အဓိဋ္ဌာန်ရှိထားတော့ ပင့်ကူကြီးအသက်ကို မထိခိုက်စေဘဲ ကိုယ်လွတ်ရုန်းရတဲ့အတွက် သူ့ သွေးကြောထဲကို အဆိပ်အချို့ ရောက်ခဲ့တယ်၊ သူ့အဖွဲ့သားတွေဆီ ပြန်ရောက်တဲ့အခါ ပင့်ကူအဆိပ်ကြောင့် သတိမေ့လျော့တဲ့ရောဂါ ဖြစ်ခဲ့ရတယ်၊ သူ့အဖွဲ့

www.burmeseclassic.com



သားတွေကတော့ ဒီကိစ္စကို မသိကြဘူးလေ၊ ပါလာတဲ့ရတနာ တွေကိုရောင်းချပြီး သာသနာပြုလုပ်ငန်းကို လုပ်ကိုင်ကြတယ်၊ မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ဟာ အဆိပ်ကြောင့် အရာရာ ကို မှေးမှေးလျော့လျော့ဖြစ်နေတယ်ဆိုတာကို နှစ်အတော်ကြာ မှ အဖွဲ့သားတွေက သတိထားမိတယ်"

"ဟင်. . . ဒီလိုဆိုရင် ရှခိုင်ရိုးမတောထဲမှာ ချန်ထား ခဲ့ရတဲ့. . ရတနာ့သေတ္တာကြီးကို ပြန်မယူနိုင်တော့ဘူးပေါ့"

"ဟုတ်တယ်. . . အဲဒီကိစ္စတွေကို လုံးဝသတိမေ့လျော့ နေရာကနေ တစ်နေ့မှာ မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ဟာ ဂမုန်းနက်အပွင့်ရဲ့ရနံ့ကို အမှတ်တမဲ့ ရှူရှိုက်မိပြီး အဆိပ်တွေ ပြေလျော့သွားတယ်၊ အဆိပ်က ခေတ္တပဲပြေလျော့တာဆိုတော့ သူက သူ့တပည့်တစ်ဦးကို ဂမုန်းနက်ပွင့်တွေကို ရှာဖွေစု ဆောင်းခိုင်းတယ်၊ ဂမုန်းနက်ဆိုတာက ရှားပါးလေတော့ သူတို့ အဖွဲ့သားတွေအားလုံး နယ်အနှံ့ တောအနှံ့ ရှာဖွေစုဆောင်း သော်လည်း စုစုပေါင်းငါးပွင့်ပဲ ရတယ်၊ ရတဲ့ ဂမုန်းငါးပွင့်ကို ဆေးဖော်စားသောက်တဲ့ အခါ ဆေးအစွမ်းကြောင့် တစ်လ တိတိ သတိကောင်းမွန်နေမယ်ဆိုတာကို မတစ်လုံး၊ ဝတစ်လုံး ဘိုးသူတော်က သိတယ်"

"အဲဒီတော့. . . သူ ဘယ်လို ဆက်လုပ်သလဲ"



"ကဲ. . . ခင်ဗျားမေးတာကို ကျုပ်က မဖြေခင် ခင်ဗျား သာသူ့နေရာမှာဆိုရင် ဘာဆက်လုပ်မလဲဆိုတာ. . စဉ်းစားပြီး ဖြေကြည့်စမ်းပါဦးဗျာ. . .။"

ဟု ဦးကောက်စုံက စကားဆက်တိုက်ပြောရသည်ကို မောသွားဟန်ဖြင့် ရေနွေးတစ်ခွက် ကောက်မော့လိုက်ရင်း ကျွန်ုပ်ကို ပြန်လှန်မေးခွန်းထုတ်လိုက်လေ၏။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

"ကျုပ်သာဆိုရင်တော့ သတိရလာတဲ့ . . တစ်လအတွင်းမှာ တောထဲက ရတနာသေတ္တာကြီးကို ရအောင်သွားယူလိုက်မှာပဲ"

"သူကတော့ . . ခင်ဗျားစိတ်ကူးအတိုင်း မလုပ်ဘူး၊ သူက အင်္ဂလိပ်ရတ်ပညာကို ကောင်းစွာတတ်ကျွမ်းလေတော့ အဆိပ်အတောက်အားလုံးကို အနိုင်ရနိုင်တဲ့ စိန်မာကလုံးကို

www.burmeseclassic.com



အဂ္ဂိရတ်ပညာနဲ့ ဖိုထိုးအမိဖမ်းပြီး သိဒ္ဓိရှိတဲ့ဓာတ်ကို အရယူနိုင်ခဲ့တယ်"

"ဒါဆိုရင် သူ့ကိုယ်ထဲကအဆိပ်တွေ. . အားလုံး ပြေကုန်တာပေါ့နော်. ."

"အလုပ်တစ်ခုဆိုတာက ဒီလောက်လဲ လွယ်လွယ်ကူကူနဲ့. . . ဘယ်ပြီးပါ့မလဲလေ"

"ဒီလိုဆိုတော့. . . ဘာတွေ ဆက်ဖြစ်ကြသေးသလဲ"

"စိန်ဓာတ်လုံးကို အဂ္ဂိရတ်ပညာနဲ့ အမိဖမ်းပြီးတဲ့နောက်မှာ စိန်ဓာတ်လုံးရဲ့ အခိုးအခင်းတွေ အပြီးတိုင်စင်ကြယ်သွားအောင် ပင်ကြီးဂမုန်းနီရဲ့ အသားနဲ့လုပ်ထားတဲ့ ကြုတ်ထဲမှာကို သုံးလတိတိ စိန်ဓာတ်လုံးကိုမြှုပ်နှံထားဖို့က လိုနေပြန်သေးတယ်လေ"

"ဩော်. . . စိန်ဓာတ်လုံးနဲ့ သစ်သားနီရုပ်တုနဲ့က ဆက်စပ်နေတာကိုး"

"သူ့ရဲ့အဖွဲ့သား တပည့်တပန်းတွေက စိန်ဓာတ်လုံးအငိုသတ်ဖို့လိုအပ်နေတဲ့ ပင်ကြီးဂမုန်းနီခေါ်တဲ့ သစ်သားနီကို ပင်ပင်ပန်းပန်းရှာဖွေကြလို့ရလာတဲ့ အခါကျတော့မှ တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို ရလာတဲ့သစ်သားနီနဲ့ မစာစ်လုံး၊ ဝတာစ်လုံး ဘိုးသူတော်ရုပ်တုတစ်ခု ထုလုပ်ပြီးတဲ့နောက်မှာ အဲဒီရုပ်တုရဲ့



ဝမ်းဗိုက်ကို အခေါင်းထွင်းပြီး ကြုတ်သဏ္ဍာန်လုပ်လိုက်ပြီးမှ စိန်ဓာတ်လုံးကို ထည့်သွင်း မြှုပ်နှံထားခဲ့တယ်လေ"

"ဟင်. . . ဒါဆိုရင် အဲဒီရုပ်တုထဲမှာ ပတ္တမြားရော၊ စိန်ဓာတ်လုံးပါ ရှိနေတာပေါ့"

"ပတ္တမြားက. . ပါးစပ်ထဲမှာ။ စိန်ဓာတ်လုံးက ဝမ်းဗိုက်ထဲမှာထွင်းထားတဲ့ ကြုတ်ရဲ့အတွင်းထဲမှာလေ၊ သုံးလတိတိပြည့်တဲ့အချိန်မှာ စိန်ဓာတ်လုံးကိုထုတ်ယူပြီး မစာစ်လုံး၊ ဝတာစ်လုံး၊ ဘိုးသူတော်ကို ဆေးကုသပေးရမယ်၊ မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ကတော့ တစ်လကြာတဲ့အခါမှာ သတိမေ့လျော့တဲ့ ရောဂါပြန်ပေါ်လာပြီး အစီအစဉ်အားလုံးကို မေ့သွားတယ်လေ. . ."

"အင်း. . . ဆက်ပြောပါဦးဗျ"

"နှစ်လလောက်အကြာမှာ မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရဲ့တပည့်ရင်းဖြစ်တဲ့ ပါဒရဆိုသူဟာ သစ်နီသားရုပ်တုထဲကပတ္တမြားကြီးကို လောဘတက်ပြီး ရုပ်တုကို ခိုးယူထွက်ပြေးသွားတော့တယ်"

"ဟင်. . . ဒုက္ခပါပဲ၊ ဒီလိုဆိုရင်. . ခမျာမှာ ရောဂါပျောက်နိုင်တော့ဘူးပေါ့"

"စိန်ဓာတ်လုံး မရှိတော့. . ရောဂါ ဘယ်ပျောက်နိုင်မ

www.burmeseclassic.com



လဲလေ”

“ရုပ်တုထဲကပတ္တမြားကို. . . ပါဒရဆိုတဲ့လူက ရသွားတာလား”

“ပါဒရကလည်း သူတို့အဖွဲ့ရဲ့ ကျိန်စာသင့်တယ် ထင်ပါရဲ့၊ ရုပ်တုခိုးယူသွားပြီးတဲ့နောက်မှာ ပတ္တမြားလုံးကို မထုတ်ယူနိုင်ခင်မှာဘဲ ရုတ်တရက် သွေးအန်ပြီး သေဆုံးသွားခဲ့ရတယ်၊ ရုပ်တုကတော့ တစ်ဆင့်လက် တစ်ဆင့်ပြောင်းပြီး ရွှေ့လျောလာခဲ့တယ်၊ ရုပ်တုကို လက်ဆင့်ကမ်းရရှိသူတွေကဲ ရုပ်တုကို တန်ဖိုးရှိမှန်းတော့ သိကြတယ်၊ ဘာကြောင့် တန်ဖိုးရှိမှန်းတော့ အတိအကျ မသိကြဘူး၊ ဒီလိုနဲ့ ရုပ်တုရဲ့သတင်းဟာ တစ်နှစ် နှစ်နှစ် အတွင်းမှာ သတင်း တိမ်မြုပ်ပျောက်ကွယ်သွားခဲ့တယ်”

“အခု. . . ဗိုက်ပူဘိုးသူတော်ရဲ့ လက်ထဲကို ရုပ်တု ရောက်နေပြီလေ”

“အင်း. . . ဗိုက်ပူဘိုးသူတော်ရသွားတဲ့ ရုပ်တုဟာ အစစ်အမှန်သာဆိုရင်တော့ ရုပ်တုထဲက ပတ္တမြားကို အခုချိန်မှာ ထုတ်ယူထားပြီး ဖြစ်နေလောက်ပါပြီ၊ ဗိုက်ပူဘိုးသူတော်က အကြားအမြင် အလွန် နှံ့စပ်တဲ့လူပဲလေ”

ကျွန်ုပ်က. . .

“ဗိုက်ပူဘိုးသူတော်က ရုပ်တုကို မီးရှို့ဖျက်စီးပစ်မယ်



ဆိုတဲ့စကားနဲ့ နာဂမေ့ဏီတို့ကို ခြိမ်းခြောက်လိုက်တာက ဘာသဘောလဲဗျ”

ဦးကောက်စုံထံမှ အတန်ကြာအောင် မည်သည့်စကားမျှ တုန့်ပြန်ပြောဆိုသံမကြားရဘဲ တွေဝေစဉ်းစားနေသည်ကိုသာ တွေ့ရပေ၏။

အတန်ကြာမှ ဦးကောက်စုံက. . .

“ကျွန်ုပ်အထင်ကိုပြောရရင်တော့ မဟုတ်မှလွဲရောပဲ၊ နာဂမေဏီတို့ဟာ မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရဲ့ အဖွဲ့ထဲက ဖြစ်ပုံရတယ်၊ အကယ်၍ ရုပ်တုကို ဖျက်စီးပစ်လိုက်ရင် စိန်တစ်လုံးနဲ့ ပျက်စီးသွားမှာဖြစ်တဲ့အတွက် မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရဲ့ရောဂါကို ဘယ်လိုမှ ကုနိုင်တော့မှာ မဟုတ်ဘူးလေ”

“အင်း. . . ဒီရုပ်တုဟာ ကြည့်တော့သာ ဘာမှမဟုတ်ပေမယ့်. . . အတော် အရေးပါတဲ့ ရုပ်တုပဲနော်”

“အရေးပါဆို ရခိုင်ရိုးမတောနက်ထဲက ပိုင်ရှင်မဲ့ ရတနာသေတ္တာကြီးကို သူတို့အဖွဲ့သားတွေ ရနိုင်၊ မရနိုင်ဆိုတာ ဒီရုပ်တု သူတို့လက်ထဲ ပြန်ရောက်၊ မရောက်ဆိုတဲ့ အချက်ပေါ် မူတည်နေတာပဲလေ”

“ဟုတ်တာပေါ့ဗျာ”

www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်ပူဘိုးသူတော်ကတော့ ကျုပ်ကို နာဂမေဏီနဲ့ အဆက်အသွယ်ရှိတယ်လို့ တထစ်ချယုံကြည်နေပြီး သူ့ရဲ့ ခြိမ်းခြောက်စကားကို နာဂမေဏီဆီ ကျုပ်ကပြောပေးဖို့ တာဝန်ပေး သွားတော့တာပဲဗျ"

"သူ့ရဲ့ခြိမ်းခြောက်စကားကို နာဂမေဏီတို့ အမြန်ဆုံးသိဖို့က. . သိပ်ကို အရေးကြီးတယ်လို့ ကျုပ်ထင်တယ်"

"နို့. . . ဘယ်လို လုပ်ကြမလဲ၊ ကျုပ်တို့က နာဂမေဏီနဲ့ မှ အဆက်အသွယ်မရှိဘဲ"

ဦးကောက်စုံက . . .

"ကျုပ်မှာ အကြံတစ်ခုရှိပါတယ်၊ အဲဒီ အကြံအတိုင်း အကောင်အထည် ဖော်လိုက်ရင်တော့ နာဂမေဏီနဲ့ အဆက် အသွယ် ရနိုင်ကောင်းပါရဲ့"

"ဘာလဲဗျ. . . ခင်ဗျား အကြံက. ."

"သဘက်ခါကျရင် ခင်ဗျားဆီ ကျုပ်လာခဲ့မယ်၊ အဲဒီ အခါမှာ ကျုပ်အကြံကဘာလဲဆိုတာ ခင်ဗျားသိရပါစေ့မယ်၊ အခု တော့ ကျုပ်မှာ တစ်ခြားအရေးကြီးတဲ့ကိစ္စလေးတွေ လုပ်စရာ နေလို့ ပြန်ခွင့်ပြုပါအုံးဗျာ"

"ကောင်းပြီလေ၊ သဘက်ခါကျရင်သာ ဆက်ဆက်လာ ခဲ့ဗျာ၊ ကျုပ်. . . မျှော်နေမယ်"



"ကျုပ်က. . စကားတစ်ခွန်းပြောပြီးရင် ဘာအကြောင်းနဲ့မှ. . . ပျက်ကွက်လေ့ မရှိပါဘူးဗျ"

ဦးကောက်စုံသည် စိုက်စိုက် စိုက်စိုက်နှင့် ကျွန်ုပ် အိမ်ထဲမှ ထွက်ခွာသွားလေ၏။

□ □ □

www.burmeseclassic.com

(၂၇)

ချိန်းဆိုထားသော ရက်သို့ ရောက်သောအခါ နေ့စဉ်ထုတ် သူရိယသတင်းစာကို ကျွန်ုပ်ဖတ်နေစဉ်မှာပင် ဦးကောင်းစုံ ရောက်လာခဲ့သည်။

ခရီးရောက်မဆိုက်ပင် ဦးကောက်စုံက . . .

"ဘယ့်နှယ့်လဲဗျို့ . . . သတင်းစာထဲမှာ တွေ့ပြီးပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်ရာ ကျွန်ုပ်လည်း ဘာကို ဆိုလိုမှန်းမသိ သောကြောင့်. . .

"ဘာကို တွေ့ရမှာလဲ. . ဦးကောက်စိုးရဲ့"

ဟု ပြန်လည်မေးမြန်းလိုက်မိလေ၏။

ထိုအခါမှ ဦးကောက်စိုးက သူရိယသတင်းစာ၏ ကြော်ငြာစာမျက်နှာကိုလှန်ကာ တစ်နေရာရှိ နှစ်လက်မတစ်ကော်လံ စာများရှိသော ကြော်ငြာတစ်ပုဒ်ကို လက်ညှိုးထိုးပြလေသည်။

ပြန်လည်တွေ့ဆုံချင်ပါပြီ

မိုးကောင်းဘုရားရဲ့ တန်ဆောင်

မုန်းညမှာ၊ ပြောခဲ့တဲ့ ကတိစကား

ကို အမြန်ဆုံးအကောင်အထည်

ဖော်စေချင်ပြီ၊ မတစ်လုံး ဝတစ်လုံး

ကိစ္စ ပြောချင်သည်။

မေဇာ်ရဲ့

နေထွန်းလင်း



ကြော်ငြာပါ စာသားများမှာ အထက်ပါအတိုင်းပင်ဖြစ်လေသည်။

ကျွန်ုပ်က. . ဦးကောက်စိုးကို အံ့အားသင့်စွာကြည့်လျက်. . .

"ဩော်. . . ခင်ဗျားပြောတဲ့ အကြံဉာဏ်ဆိုတာက ဒါကိုး ဗျ"

ဦးကောက်စိုးက. . .

"အဲဒီကြော်ငြာဟာ သတင်းစာထဲမှာ ငါးရက်တိတိ ဆက်ပါနေလိမ့်မယ်၊ စမ်းကြည့် လိုက်တာပေါ့ဗျာ၊ နာဂမေဇာ်သို့မဟုတ် သူတို့အဖွဲ့သားတွေထဲက တစ်ဦးဦးက သတင်းစာကြော်ငြာကို ဖတ်မိပါစေလို့. . ဆုတောင်းရတာပဲ"

ကျွန်ုပ်ကတော့ ၎င်းကြော်ငြာစာကိုဖတ်ပြီး ရင်တုန်ပန်းတုန် ဖြစ်နေမိသည်ဟု ဆိုရပေမည်။

ကြော်ငြာပါစာသားများမှာ ဘာလိုလို ညာလိုလိုဖြစ်နေရာ နာဂမေဇာ်နှင့်တွေ့လျှင် မျက်နှာပူစရာဖြစ်တော့မည်ဟု တွေးပူပြီး စိုးရိမ်နေမိတော့၏။

ကျွန်ုပ်၏ခံစားချက်ကို ဦးကောက်စိုးအား ပြောပြသောအခါ ဦးကောက်စိုးက. . .

"အိုးကမပူ စလောင်းကပူ၊ မြင်းကမလှုပ် ခုံကလှုပ်" ဆို

www.burmeseclassic.com

www.burmeseclassic.com



တဲ့စကားပုံဟာ ခင်ဗျားအတွက် ရည်ရွယ်ခဲ့တာဖြစ်ရမယ်၊ မိန်းကလေးဘက်က စိတ်လှုပ်ရှားဖို့လဲ ချန်ထားပါဦးဗျာ"

ဟု ခပ်ငေါက်ငေါက် ပြောလိုက်သောကြောင့် ကျွန်ုပ်လည်း မည်သို့မျှ အထွန့်မတက်သာတော့ဘဲ ငြိမ်ကျသွားရသည်။

ဦးကောက်စုံက . .

"ကျုပ် . . ဒီနေ့ကစပြီး ခုနစ်ရက်တိတိ ခင်ဗျားအိမ်မှာပဲ အိပ်လိုက်စားလိုက် နေတော့မယ်"

"ဗျာ. . . ဘယ်လို အကြောင်းထူးများရှိလို့ဝါလိမ့်၊ ထူးထူးဆန်းဆန်းဗျာ"

"ခင်ဗျားကို . . နာဂမေဏီက လာဆက်သွယ်ရင် ခင်ဗျားဘေးမှာ . . . ကျုပ် ရှိနေချင်လို့ပါဗျာ"

"ဒီနေ့ချက်ချင်းတော့ နာဂမေဏီတို့ဘက်က ဆက်သွယ်လိမ့်မယ် မထင်ပေါင်"

"အို . . . နာဂမေဏီတို့ကို အထင်သေးပြီး ခပ်ပေါ့ပေါ့ သဘောထားလို့မရဘူးဗျ"

"ကျုပ်က ခင်ဗျားကို . . ကျုပ်အိမ်မှာ မနေစေချင်လို့ မဟုတ်ပါဘူး၊ အကျိုးအကြောင်းကိုသာ ပြောပြတာပါ၊ နေတာကတော့ ခင်ဗျားစိတ်တိုင်းကျသာ ကိုယ့်အိမ်လို သဘောထားပြီး နေပေတော့"



"ခင်ဗျားစိတ်သဘောရင်းကို ကျုပ် သိပြီးသားပါဗျာ၊ အဲ . . . တစ်ခု မေးစရာရှိတာက ခင်ဗျားတပည့်ကျော် မောင်ဆိတ်ကျောင်းကို စိတ်ချရပါ့မလားဆိုတာပဲ"

"ကျုပ်သဘောကတော့ . . . စိတ်ချရနိုင်မယ်ထင်ပါတယ်၊ ဒီသူငယ်က . . ရိုးသား ဖြောင့်မတ်မှုရှိပါတယ်"

"ကျုပ် ခင်ဗျားအိမ်ထဲမှာ ခိုအောင်းနေတာကို . . အပြင်လူ ဘယ်သူမှ မသိစေချင်ဘူး"

"မောင်ဆိတ်ကျောင်းကို အကျိုးအကြောင်းပြောပြပြီး နှုတ်ပိတ်ထားလိုက်ပါ့မယ်၊ သို့သော်လဲ ပြောသာပြောရတယ်၊ မောင်ဆိတ်ကျောင်းက အိမ်နီးနားချင်းတွေနဲ့လဲ မိတ်ဖွဲ့ခြင်းမရှိ၊ ဒီအရပ်မှာလဲ သူ့မိတ်ဆွေသင်္ဂဟတစ်ဦးမှ မရှိလေတော့ အဲဒီကိစ္စအတွက် သိပ်စိုးရိမ်ရမယ် မထင်ပါဘူး"

"ဘယ်လိုပဲဖြစ်ဖြစ် သတိဆိုတာ ပိုတယ်မရှိ၊ လိုတယ်သာရှိတယ် မဟုတ်လား၊ ပြောဖြစ်အောင်တော့ ပြောလိုက်ပါဗျာ၊ အဲ . . တစ်ဆက်တည်း နောက်တစ်ခုမှာချင်တာက ကျုပ်ဟာ မနက်တိုင်း ဘုရားဝတ်တက်ရင် ဘုရားပန်းကပ်လေ့ရှိတော့ မောင်ဆိတ်ကျောင်း ဈေးသွားရင် ဘုရားပန်းနေ့တိုင်း မှန်မှန်ဝယ်ပေးဖို့ပါပဲ၊ ကျုပ်က ခင်ဗျားဆီမှာ နေတဲ့ရက်ထဲမှာ ဘာအကြောင်းနဲ့မှ . . အပြင် မထွက်ချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ. . . ဦးကောက်စုံ၊ ခင်ဗျား မှာထားတာတွေ ကျုပ် ဆောင်ရွက်ပေးပါ့မယ်"

ဟု ဂတိပေးလိုက်ရလေတော့သည်။

□ □ □

(၂၄)

ထိုနေ့မှစ၍ မောင်ဆိတ်ကျောင်းဈေးသွားသည့်အခါ ဦးကောက်စုံက လိုအပ်သမျှတို့ကို စုံစေအောင်ပင် မှာလိုက်လေ့ရှိတော့သည်။

ဦးကောက်စုံ၏ ထူးခြားချက်မှာ နံနက်စိုင်းတစ်နပ်သာ ထမင်းစားခြင်း၊ စားသောအခါတွင်လည်း သတ်သတ်လွတ်ကိုသာစားခြင်း၊ နံနက်ပိုင်းဘုရားဝတ်တက်ချိန် မှန်ကန်ခြင်း၊ ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ပန်းကို နေ့စဉ်လဲလှယ်ခြင်း၊ အိမ်ထဲက အိမ်မြင်မထွက်သော်လည်း ကိုယ်လက်လှုပ်ရှားမှုအဖြစ် ယောဂကျင့်စဉ်ကို ကျင့်ခြင်း၊ ဦးနှောက်သန်စွမ်းရေး လေ့ကျင့်ခန်းအဖြစ် လျှပ်တစ်ပြက်မေးခွန်းများကို တစ်မုဟုတ်ချင်း စဉ်းစားတွေးခေါ် ဖြေဆိုခြင်းစသောလုပ်ငန်းများကို နေ့တစ်ဓူဝ ပုံမှန် မပျက်မကွက်ပြုလုပ်လေ့ရှိခြင်းပေတည်း။

သူရိယသတင်းစာတွင် ကြော်ငြာပါပြီး နောက်သုံးရက်မြောက်နေ့တွင် မောင်ဆိတ်ကျောင်းသည် ဈေးမှ အပြန်၌ မျက်နှာအမူအရာ တစ်မျိုးဖြစ်နေသည်ကို အရိပ်အကဲအရာ၌ အထူးကျွမ်းကျင်သော ကျွန်ုပ်သည်. . . သေချာစွာ သိမြင်လိုက်လေသည်။

သို့သော် ဦးကောက်စုံရှေ့တွင် မမေးမြန်းလိုသေးသောကြောင့် အသာပင် ငြိမ်နေလိုက်၏။

ဦးကောက်စုံ ဘုရားပန်းလဲပြီး ဘုရားဝတ်တက်သော အခါတွင်မှ ထမင်းချက်ခန်းတွင် ထမင်းဟင်းလျာများ စီမံချက်ပြုတ်နေသော မောင်ဆိတ်ကျောင်းရှိရာသို့ ကျွန်ုပ်ရောက်သွားရလေသည်။

ကျွန်ုပ်ရောက်သွားလျှင် ရောက်သွားချင်း အထူးမျက်နှာပျက်နေသော မောင်ဆိတ်ကျောင်းသည် သူ၏ ရှပ်အင်္ကျီအိတ်



ထဲမှ ပန်းနုရောင်စာအိတ်ချော့နှင့် အသေအချာ ထည့်ထားသော စာတစ်စောင်ကို ကျွန်ုပ်အား ထုတ်ပေးလေ၏။

ကျွန်ုပ်က. . .

"ဒီစာကို. . . ဘယ်သူ ပေးလိုက်တာလဲ"

"ဈေးကအပြန် ဈေးဝမှာတွေ့တဲ့ မိန်းမချောကလေးတစ်ဦးက. . . ကိုနေထွန်းလင်းကို ဒီစာပေးလိုက်ပါဆိုပြီး ကျွန်တော့်လက်ထဲ. . ထည့်ပေးလိုက်တာပဲ"

မောင်ဆိတ်ကျောင်းသည် ကျွန်ုပ်မေးသည့် မေးခွန်းကို ပြန်ဖြေရင်းမှာပင် သူ၏မျက်လုံးများမှာ မှုမမှန်တော့ဘဲ ခြေလက်များပင် ကတုန်ကယင်ဖြစ်လာသည်ကို တွေ့ရ၏။

"ဟေ့. . မောင်ဆိတ်ကျောင်း။ မင်း ဘာဖြစ်နေတာလဲကွ၊ မင်း တစ်ကိုယ်လုံးလည်း ကတုန်ကယင်ဖြစ်နေပါလား"

"ကျွန်တော်. . . ကျွန်တော်. . . ဈေးထဲမှာ ဘီလူးတစ်ကောင်နဲ့ တွေ့ခဲ့လို့ပါခင်ဗျာ"

"ဟာ။ ဘယ့်နှယ်. . ဘီလူးတစ်ကောင်လဲ၊ မဖြစ်နိုင်တဲ့စကားကွာ။ ကြံ့ကြံ့ဖန်ဖန်။ စောစောက မင်းပြောတုန်းကတော့ မိန်းမချောကလေးနဲ့. . . တွေ့တာဆို"

"ဟုတ်ပါတယ် ဆရာ၊ ပထမတော့ မိန်းမချောကလေးနဲ့တွေ့တာပါပဲ၊ အဲဒီ မိန်းမချောလေးရဲ့နောက်မှာ အသက်

www.burmeseclassic.com



ခပ်ကြီးကြီး လူကြီးတစ်ယောက် အဖော်ပါလာတယ် ဆရာရဲ့၊ မိန်းကလေးက ကျွန်တော့်ကိုစာပေးပြီး ဆရာ့လက်ထဲကို ထည့်ဖို့ အမှာစကားပြောပြီးတဲ့နောက်မှာ အဲဒီလူကြီးက ဟီးခနဲရယ်ပြီး သူ့ပါးစပ်ကြီးကို ဖြဲပြလိုက်တယ်။ မောင်မလေး ဆရာရယ်. . . သူ့ပါးစပ်ထဲမှာ နည်းတဲ့အစွယ်ကြီးမဟုတ်ဘူး ဆရာရေ့။ မရှိဘူးဆို. . လေးလက်မ ငါးလက်မလောက် ရှိမယ်၊ ဖြူးနေတာပဲ၊ သူ့ရဲ့. . . နီရဲပြူးကြောင်တဲ့ မျက်လုံးကြီးနဲ့ ကျွန်တော့်ကို စိုက်ကြည့်ပြီး သူ့ပါးစပ်ထဲကအစွယ်တွေကို ထုတ်ပြလိုက်ပုံမှာဖြင့် ခုထိ မျက်လုံးထဲမြင်ပြီး ကြက်သီးမွေးညင်းထနေတော့တာပဲ ဆရာရယ်၊ မဟုတ်မှ လွဲရော. . ။ အဲဒါ လူတော့ ဟုတ်ပုံမရဘူး. . . ဆရာရဲ့"

ကျွန်တော်က မောင်ဆိတ်ကျောင်း၏ ပြောစကားကို အစဉ်းစားရခက်သွားသော်လည်း ကျွန်ုပ် မျက်နှာပေါ်တွင် အမူအရာ မပျက်စေဘဲ ကြွေလုပ်ကာ. . .

"လူတော့. . လူပါပဲကွာ၊ သို့သော်လဲ တစ်ချို့လူတွေဟာ ရှေးဘဝကုသိုလ်ကံ အကျိုးပေးမကောင်းလို့ ယခုဘဝတွေမှာ အချို့က နွားနဲ့တူတဲ့ မျက်နှာရှိတယ်၊ အချို့က ဆိတ်နဲ့တူတဲ့ မျက်နှာရှိတယ်၊ အချို့က မြွေနဲ့တူတဲ့ မျက်နှာရှိတယ်၊ အချို့က ခွေးနဲ့တူတဲ့ မျက်နှာရှိတယ်၊ အချို့ကတော့ ထူးထူးခြားခြား ရှိ



ဆိုးအကျည်းတန်ပြီး ဆင်နဲ့တူတာ၊ ဝံပုလွေနဲ့ တူတာ၊ ဘီလူးသရဲနဲ့တူတာတွေ ရှိပါတယ်ကွာ"

"ဆရာက ကျမ်းတတ်ပေတတ် ပုဂ္ဂိုလ်ကြီးဆိုတော့ ဆရာ့စကားကို ကျွန်တော်က မငြင်းဆန်ဝံ့ပါဘူး၊ သို့သော်လဲ ကျွန်တော့်မျက်စိနဲ့ တပ်အပ်သေချာ အနီးကပ်မြင်လိုက်ရတာကတော့ အစွယ်ကြီးကိုဖြူးလို့ ဆရာရဲ့၊ မောင်မယ်လေး လေး၊ ပြောရင်း ကျွန်တော့်မျက်စိထဲ ပြန်မြင်လာပြန်ပြီဆရာရယ်"

,မောင်ဆိတ်ကျောင်းမှာ ကြက်သီးမွေးညှင်းများ ထသွားဟန်ဖြင့် တစ်ကိုယ်လုံး တုန်သွားလေသည်။

ကျွန်ုပ်က. . .

"မင်း ဒီလောက်ကြောက်နေရင်လဲ မင်းကိုငါ သင်ပေးထားတဲ့ ဇလွန်မြို့ ဆုတောင်းပြည့် ပြည်တော်ပြန်မြတ်စွာဘုရားကြီးရဲ့ အန္တရာယ်ကင်း ဓမ္မခဏ်ဂါထာတော်ကို ရွတ်ဆိုလိုက်ပါလားကွယ်"

ဟု တိုက်တွန်းလိုက်၏။

မောင်ဆိတ်ကျောင်းလဲ ထိုအခါမှ သတိရသွားဟန်ဖြင့် အောက်ပါအတိုင်း အန္တရာယ်ကင်း ဓမ္မခဏ်ဂါထာတော်ကို စိတ်အားထက်သန်စွာ ရွတ်ဆိုလိုက်ပါလေတော့သည်။

"ဣတိပိ ပိဋကတ္တယံ၊ အနိစ္စံ ဒုက္ခံ အနတ္တံ သတ္တ

www.burmeseclassic.com

www.burmeseclassic.com



ဗောဇင်ဂေါ၊ အဠဂ်ီကောမဂ္ဂေါ စတု(သတိ) ပဌာန်၊ သဏ္ဍ သံကန္ဓော၊ သဟာသဿ္ဍ ရိယော ဩြာင်းနမော မေတ္တာ်န် ရာဇဘာယံ၊ စောရဘာယံ၊ ဥဒကဘာယံ၊ အဂ္ဂိဘယံ၊ သတ္တဘာယံ သဗဘာယံ၊ ဇေယျော၊ ဇေယတုမင်္ဂလံ၊ အနိစ္စံသခ်တံ၊ ပဋိစ္စ သမုပ္ပန္နံ ခယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓဓမ္မံ၊ ခမတိ"

"သာဓု . . . သာဓု . . . သာဓု . . ."

ကျွန်ုပ်ပင်လျှင် မောင်ဆိတ်ကျောင်း၏ ဘုရားရှိခိုးရွတ် ဆိုသံကြောင့် စိတ်အတွင်းမှ ကြည်နူးမိလျက် သာဓုအကြိမ်ကြိမ် ခေါ်မိလေတော့၏။

□ □ □



(၂၅)

မောင်ဆိတ်ကျောင်းက . . .

"ဆရာရေ . . . အံ့သြစရာပဲ၊ ကျွန်တော့် စိတ်ထဲက ကြောက်စိတ်တွေ လုံးလုံးပျောက်သွားပြီ ဆရာ၊ အခုချိန်မှာဆို ခင်ဖြင့် ဘီလူး၊ သရဲ၊ တစ္ဆေ အကောင်တစ်ကောင်ကိုလည်း ကြောက်တော့ဘူး ဆရာ"

"အကြောက်အရွံ့ကင်းပြီး ရဲရင့်ခြင်းဟာ သိပ်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ ငါ့တပည့်ရယ်။ ကဲ. . . ဆရာလည်း ဒီစာကို သွားဖတ်လိုက်ဦးမယ်"

ကျွန်ုပ်သည် ကျွန်ုပ်၏ ကိုယ်ပိုင်စာအုပ်စာတမ်းများဖြင့် နံရံသုံးဖက်စလုံး ပြည့်နှက်နေသော ကျွန်ုပ်၏ သီးသန့်စာဖတ် ခန်းထဲသို့ဝင်ကာ ပန်းနုရောင်စာအိတ်ကိုဖောက်၍ အတွင်းမှ စာကို ထုတ်ယူလိုက်သည်။

စာတွင်ပါရှိသော စာသားများကို လက်ရေးလှလှ မိန်းကလေး လက်ရေးဖြင့်ရေးသားထားပြီး မင်ကျမင်န သေသပ်လျှက် မင်အရောင်မှာ အနက်ရောင်ဖြစ်ရကား၊ သူမ၏ လှပခြင်း၊ လေးနက်ခြင်း၊ ရဲရင့်ခြင်းများကို ကိုယ်စားပြုဖော်ပြနေပေသည်။

စာပါအကြောင်းအရာများမှာ. . . အောက်ပါအတိုင်းဖြစ်လေသည်။

သို့. . .

သတိရခြင်းများစွာဖြင့် ဤစာကို ရေးသားလိုက်ရပါသည် ကိုနေထွန်းလင်းရှင့်။

ရှင့်ကို မိုးကောင်းဘုရားတွင် တွေ့တွေ့ချင်း ကျွန်မ မမှတ်မိပါ။



သို့သော် ရှင်ထွန်းညိုပူဇော်လိုက်သော ဖယောင်းဆီများမှာ အောက်ခံသံပြားပေါ်တွင် ကြာပွင့်ပုံသဏ္ဍာန်မေါ် လာသော အခါမှ ကျွန်မငယ်စဉ်က စစ်ကိုင်းချောင်ဘက်သို့ ကျွန်မ မိဘများ

နှင့်အတူ စစ်ပြေးရှောင်ရင်း ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်တစ်ခုကို ရုတ်ချည်းပင်သွား၍ သတိရလိုက်မိပါတော့သည်။

ကိုနေထွန်းလင်းနှင့် ကျွန်မသည် ငယ်စဉ်ကပင် အဆိုပါစစ်ကိုင်းချောင်၌ တွေ့ခဲ့ဖူးခြင်းဖြစ်ပါသည်။

ထိုအချိန်တွင်တွေ့ခဲ့စဉ်က. . ရှင်သည် ကျွန်မထက် အသက်ငါးနှစ်ခန့် ငယ်ပါသည်။

ကျွန်မက (၁၀)နှစ်သမီးအရွယ်၊ ရှင်က (၅)နှစ် သားသာရှိပါသေးသည်။ ယခုကျွန်မ၏ ရုပ်ရည်က အလွန်နုပျိုနေသောကြောင့် ရှင့်ထက်ငယ်ရွယ်သည်ဟု ထင်မှတ်စရာဖြစ်နေပါ၏။

အမှန်က ကျွန်မ၏ ကျင့်စဉ်တစ်ရပ်နှင့် မှီဝဲစားသောက်သော ဆေးကောင်းဝါးကောင်းများ၏ အစွမ်းကြောင့် ကျွန်မ၏ ရုပ်ရည်နုပျိုအရွယ်တင်ပြီး အသက်အလွန်ငယ်ရွယ်သည်ဟု ထင်မှတ်ရခြင်းဖြစ်ပါသည်။

အထက်ဖော်ပြပါ ငယ်ရွယ်စဉ်က အကြောင်းအရာကို ဆက်လက်ဖော်ပြရပါလျှင် ကျွန်မသည် ငယ်ရွယ်စဉ်ကပင်

www.burmeseclassic.com

www.burmeseclassic.com



အကြားအမြင်ရသလိုဖြစ်ကာ ကျွန်မရှေ့တွင် ရောက်လာသော လူများ၏ အတိတ်အဖြစ်အပျက်နှင့် အနာဂါတ်ဖြစ်စဉ်များကို စိတ်၌ ထင်မြင်သလို ဟောပြောရာ၌ အလွန်မှန်ကန်သည်ဟု နာမည်ကြီးခဲ့ပါသည်။

ကျွန်မမိဘများမှာ အလွန်ဆင်းရဲကြလေရာ ကျွန်မ၏ အကြားအမြင်ဟောပြောချက်ကို နှစ်ခြိုက်သူများက ပေးကမ်း စွန့်ကြဲသော ငွေအသပြာကို သုံးစွဲ၍ စစ်အတွင်း ကာလ တစ်လျှောက်လုံး အသက်မွေးခဲ့ကြရပါသည်။

ကိုနေထွန်းလင်း၏ မိဘများမှာ အလွန်ချမ်းသာကြွယ်ဝ ပြီး သားဖြစ်သူ သင့်ကိုလည်း အလွန်ချစ်ခင်ကြလေရာ၊ စစ်တိုင်း ချောင်တွင် ကျွန်မတို့နှင့် တွေ့ဆုံကြုံကြိုက်သောအခိုက်၌ ကျွန်မထံတွင် သူတို့ကိုယ်တိုင်လည်း အကြားအမြင် ဗေဒင်မေး ခြင်း၊ သူတို့ချစ်သော သားဖြစ်သူ ကိုနေထွန်းလင်း ကိုလည်း ကျွန်မထံပြသကာ အကြားအမြင်ဗေဒင် မေးစေခဲ့သည်။

ထိုအချိန်က ကျွန်မသည် ကိုနေထွန်းလင်းကို မြင်မြင် ချင်းမှာပင် ကိုနေထွန်းလင်းသည် အသက်(၄၀)ကျော်သည်နှင့် ဘာသာရေးနယ်ပယ်အတွင်းသို့ ဝင်ရောက်ပြီး မြင့်မြတ်သော ကျင့်စဉ်များ ကျင့်ကြံလျှက် ထူးခြားသော ပုဂ္ဂိုလ်ဖြစ်မည်ဟု အာရုံတွင် ပေါ်လွင်လေသည်။



ထို့ကြောင့် ကျွန်မက ကိုနေထွန်းလင်းကို ဝါဆို ဖယောင်းတိုင်ကြီးတစ်တိုင်၌ မီးထွန်းညှိစေပြီး ကျွန်မကိုယ်တိုင် ကိုနေထွန်းလင်းကိုယ်စား အဓိဋ္ဌာန်ပြုကာ ဘုရားဆီမီးပူဇော် ခဲ့ပါသည်။

အလွန် အံ့သြဖွယ်ကောင်းစွာပင် စီးကျလာသော ဖယောင်းရည်များသည် ပဒုမ္မာကြာပွင့်သဏ္ဌာန်သို့ အလို အလျောက် ဖြစ်ထွန်းခဲ့လေသည်။

ထိုဖြစ်ပေါ်လာသော သင်္ကေတ၏ အနက်အဓိပ္ပာယ် မှာ ကိုနေထွန်းလင်းသည် ဘာသာရေး၌ အထူးကိုင်းညွတ်ခြင်း၊ ကိုနေထွန်းလင်းနှင့် ပတ်သက်သူ အားလုံးသည် ဘေးအန္တရာယ် များ ကင်းဝေးစေနိုင်သော အစွမ်းသတ္တိ ကိုနေထွန်းလင်း၌ ရှိခြင်းဟူ၍ ပေါ်လွင်နေပေသည်။

ကျွန်မက ထိုအချက်အလက်များကို ကိုနေထွန်းလင်း၏ မိဘများအား ဟောပြောခဲ့ရာ ကိုနေထွန်းလင်းမိဘများက ချမ်းသာအားရဖြစ်လျှက် ကျွန်မကို ပတ္တမြားတွင်မြရံထားသော လက်စွပ်တစ်ကွင်းအား ပေးစွန့်ခဲ့လေ၏။

အလွန်ကြွယ်ဝသော ကိုနေထွန်းလင်း၏မိဘများအ တွက် ပတ္တမြားလက်စွပ်တစ်ကွင်းသည် အရေးအရာမဟုတ်လှ သော်လည်း ကျွန်မတို့လို ဆင်းရဲသူများအတွက် အဖိုးအနဂ္ဃ

www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန်သော အရင်းအနှီးကြီးတစ်ရပ် ဖြစ်ခဲ့ရပါသည်။

စစ်ကြီးပြီးသောအခါ ကျွန်မသည် ကျွန်မမိဘများနှင့် အတူ ရန်ကုန်မြို့သို့ရောက်လာပြီး အင်းစိန်မြို့ ရွာမရပ်ထဲတွင် အခြေချ နေထိုင်ခဲ့ရသည်။

ထိုအခါ ကိုနေထွန်းလင်းမိဘများ ပေးစွန့်ခဲ့သည့် လက်စွပ်ကြီးကို အရင်းအနှီးအတွက် ရောင်းချခဲ့လေရာ စစ်ကြီး ကလည်းပြီးဆုံးလျှက် စီးပွားရေးပြန်လည် တည်ငြိမ်လာပြီဖြစ် ရာ ပတ္တမြားကလည်း အရည်အသွေး ကောင်းမွန်လှသော ကြောင့် ဈေးကောင်းစွာရခဲ့ပါသည်။

ထိုငွေကို ရင်းနှီးပြီး ကုန်စုံဆိုင်ကြီးဖွင့်ရာမှ တစ်စတစ်



ကြီးပွားကာ ကျွန်မကိုယ်တိုင်အရွယ်ရောက်သောအခါ မိအ နှစ်ပါးမှာ ဂုဏ်သရေရှိကုန်သည်ကြီးများဖြစ်နေလျှက် ကျွန်မ အတွက် ဥစ္စာဓနအမြောက်အမြား စုဆောင်းနိုင်ခဲ့ပြီ ဖြစ်ပါ တော့သည်။

အရင်းစစ်လျှင် ကိုနေထွန်းလင်းမိဘများ၏ ကျေးဇူး ပင် ဖြစ်ပါတော့သည်။

တစ်နည်းအားဖြင့် ကိုနေထွန်းလင်းရဲ့ ကျေးဇူးလည်း



ဖြစ်ပါသည်။

သို့အတွက် တစ်နေ့တွင် ကိုနေထွန်းလင်းအား ကျေးဇူး ပြန်ဆပ်နိုင်ပါရန် နေ့စဉ်ဘုရားမှာ ဆုတောင်းခဲ့ပါသည်။

ပြောရင်းဖြင့် စကားလမ်းကြောင်း ဘေးသို့ ချော်သွားပါ သည်။

စစ်ကိုင်းချောင်တွင် တွေ့ခဲ့ရသော ကိုနေထွန်းလင်း အကြောင်းကို ပြန်ကောက်ရပါဦးမည်။

ကိုနေထွန်းလင်းနှင့် ပတ်သတ်၍ ကျွန်မအာရုံတွင် ထင် မြင်လာသည်မှာ အသက်အရွယ်ကြီးရင့်သောအခါ ကျွန်မနှင့် နောက်တစ်ကြိမ် ပြန်လည်တွေ့ဆုံလျှက် အလွန်ရင်းနှီးမှု ရကြ လိမ့်မည်ဟူ၍ ဖြစ်ပါသည်။

ထိုအချက်ကိုတော့ ကိုနေထွန်းလင်း မိဘများအား မပြောလိုက်ပါ။

မည်သို့ပင်ဖြစ်စေ ထိုအချက်သည် ယခုအခါ မှန်ကန် လာတော့မည်ဟု ဆိုရပါတော့မည်။

ကိုနေထွန်းလင်းနှင့်ပတ်သက်၍ ဒုတိယအချက် ပြော ချန်ရှိသည်မှာ နတ်ရေတွင်းတစ်ခု၏ အေးမြလှသော စမ်းချောင်း တွင် စစ်ပြေးမိသားစုများအတူစု၍ ရေချိုးကြရာတွင် ကိုနေထွန်း လင်း၏ ကျောပြင်ပေါ်မှ ကြယ်တာရာသဏ္ဌာန်အနီမှတ်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



အမှတ်ထင်ထင် တွေ့မြင်ခဲ့ရခြင်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မကမိုးကောင်းဘုရားတွင် ကိုနေထွန်းလင်းကိုတွေ့မြင်ရစဉ်က ဦးစွာ မမှတ်မိသော်လည်း ဘုရားဆီမီးပူဇော်ပြီးနောက် ကြာပွင့်သဏ္ဍာန်ဖယောင်းရည်များ ပုံပေါ်လာသည့် တိုက်ဆိုက်မှုကြောင့် ငယ်စဉ်အဖြစ်များကို စီကာစဉ်ကာ သတိရလာပြီး ကိုနေထွန်းလင်း၏အမည်ကို ပြောနိုင်ခြင်း၊ ကိုနေထွန်းလင်း၏ ကျောမှ ကြယ်ပွင့်ပုံအနီမှတ်အကြောင်း ပြောနိုင်ခြင်း ဖြစ်ခဲ့ပါသည်။

နောက်ထပ် ရှင်းပြရမည့် အချက်တစ်ခုမှာ ဦးကောက်စုံနှင့် ပတ်သက်၍ ဖြစ်ပါသည်။

ကျွန်ုပ်မသည် ငယ်စဉ်ကပင် လောကီဝိဇ္ဇာပညာရပ်များကို ဝါသနာပါခဲ့သည်ဖြစ်ရာ ယခုအခါတွင် ဝိဇ္ဇာမယ လောကီပညာအဖွဲ့တစ်ခုတွင်ပါဝင်လျက် ပညာရပ်ဆိုင်ရာ ကိစ္စရပ်များ၊ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါ၏။

ထိုသို့အဖွဲ့ကိစ္စများ ဆောင်ရွက်နေစဉ်၌ ဦးကောက်စုံနှင့် ကျွန်ုပ်မသည် သုံးလေးကြိမ်ထက်မနည်း ရင်ဆိုင်တွေ့ဆုံခဲ့ရပါသည်။

သာမန်စဉ်းစားလျှင် တိုက်ဆိုင်မှုဟု ဆိုနိုင်သော်လည်း အသေအချာ ဆန်းစစ်စဉ်းစားသောအခါ တိုက်ဆိုင်မှုမဟုတ်



ရည်ရွယ်စီစဉ်ထားသော တွေ့ဆုံမှုဖြစ်ကြောင်း မသင်္ကာဖွယ်ရာ သိရှိခဲ့ရပါ၏။

သို့ဖြစ်ရာ ကျွန်ုပ်မသည် ဦးကောက်စုံနှင့် ပတ်သက်၍ စုံစမ်းခဲ့ရပါတော့သည်။

ဦးကောက်စုံ၏ နေရပ်လိပ်စာကို လုံးဝ စုံစမ်းမေးမြန်း၍မရခြင်း၊ တစ်ခါတစ်ရံတွင် လနှင့်ချီ၍ ဦးကောက်စုံပျောက်ဆုံးနေခြင်း၊ ဝိဇ္ဇာမယ လောကီပညာအဖွဲ့များ အားလုံးလိုလိုနှင့် စပ်စပ်စုစု ပတ်သက်နေခြင်းစသည်ဖြင့် မသင်္ကာဖွယ်ရာ များစွာကို တွေ့ရှိခဲ့ရပါသည်။

အထက်ပါအကြောင်းများကို စုစည်း၍ ဦးကောက်စုံအပေါ် ကောက်ချက်ဆွဲရပါလျှင် ကျွန်ုပ်မအနေဖြင့် ဦးကောက်စုံကို လုံးဝ မယုံကြည်နိုင်ပါ။

ကျွန်ုပ်မသည် သူရိယသတင်းစာတွင် ကျွန်ုပ်မထံ လှမ်း၍ အကြောင်းကြားသောကြော်ငြာကို ပထမဆုံးနေ့မှာပင် စတင်တွေ့ရှိပါသည်။

ကျွန်ုပ်မသည် စာပေပညာရပ်များကိုပါ လေ့လာလိုက်စားလေ့ရှိရာ သတင်းစာကိုလည်း . . . နေ့စဉ် စေ့စေ့စုံစုံ ဖတ်ပါသည်။

ထို့ကြောင့် ကြော်ငြာ စတင်ပါလာသောနေ့မှာပင်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကျွန်မသည် ကြော်ငြာကိုတွေ့ပြီးနောက် သူရိယသတင်းစာတိုက်သို့သွားကာ ကြော်ငြာဌာန၏ တာဝန်ခံဖြစ်သော ဦးခန့်ကြီး ကြိုက်တတ်သည့် နဂါးနီဆေးပြင်းလိပ်တစ်ထုပ် လက်ဆောင်ပေးကာ အထက်ပါကြော်ငြာကို မည်သူလာထည့်သနည်းဟု စုံစမ်းမြင်း ကြော်ငြာလာထည့်သူ၏ ပုံသဏ္ဍာန်ကို သူ့ထံတွင် မေးမြန်းစုံစမ်းခဲ့ပါသည်။

ဦးခန့်ကြီး၏ ပြောပြချက်အရဆိုလျှင် ကြော်ငြာလာထည့်သူ၏ပုံပန်းသဏ္ဍာန်မှာ ဦးကောက်စုံနှင့်တစ်ထပ်တည်းကျနေပါတော့သည်။

ထိုအခါ ဒုတိယအဆင့်အနေဖြင့် ကိုနေထွန်းလင်း၏အိမ်ကို . . ကျွန်မ၏ လူအချို့နှင့် စောင့်ကြည့်စေခဲ့ပါသည်။

ကိုနေထွန်းလင်း၏တပည့် မောင်ဆိတ်ကျောင်းမှအပ အိမ်ပြင်သို့ အခြားမည်သူမျှ ဝင်ထွက်သည်ကို မတွေ့ရပါ။

သို့သော် မောင်ဆိတ်ကျောင်းအနီးမှ ထက်ကြပ်မကွာ နောက်ယောင်ခံလိုက်သွားသော ကျွန်မလူ၏ ပြန်လည် အစီရင်ခံချက်အရ မောင်ဆိတ်ကျောင်းသည် ဟင်းလျာများကို နှစ်မျိုးနှစ်စား ဝယ်ယူနေကြောင်းတွေ့ရ၏။

ဝယ်ရိုးဝယ်စဉ် သားငါးဟင်းလျာများအပြင် သတ်သတ်



လွတ်ဟင်း တစ်မည်ကို ရှာဖွေဝယ်ယူခြင်း၊ နေ့စဉ် ဘုရားပန်းများဝယ်ယူခြင်းကို တွေ့ရပါသည်။

ကျွန်မသည် ဦးကောက်စုံအကြောင်းကို လေ့လာစုံစမ်းခဲ့ကြောင်း အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ဦးကောက်စုံသည် သူ၏မိတ်ဆွေများ နေအိမ်တွင် တည်းခိုသည့်အခါ နေ့စဉ်ဘုရားပန်းလဲ၊ ဘုရားဝတ်တက်သော ဓလေ့ရှိခြင်း၊ အစဉ်အမြဲ သတ်သတ်လွတ်ဟင်းကိုသာ စားခြင်း စသည့် အမူအကျင့်များကို သိထားခဲ့ပါသည်။

ထို့ကြောင့် မောင်ဆိတ်ကျောင်းဈေးဝယ်ရာတွင် ဖြစ်ပေါ်နေသောထူးခြားချက်သည် ဦးကောက်စုံ၏ ဓလေ့စရိုက်နှင့် ထပ်တူ ဖြစ်နေလေရာ ကျွန်မအနေဖြင့် ကိုနေထွန်းလင်း၏အိမ်အတွင်းသို့ ဝင်ရောက်ကြည့်ရှုခြင်း မပြုပါဘဲနှင့်ပင် ဦးကောက်စုံသည် နေအိမ်အတွင်း၌ ပုန်းအောင်းနေထိုင်လျက် ကျွန်မကိုနေထွန်းလင်းထံ ရောက်အလာကို စောင့်မျှော်နေကြောင်း သေချာစွာ သိရှိခဲ့ရပါသည်။

ကိုနေထွန်းလင်းရှင့် . . .

ကိုနေထွန်းလင်းသည် ဦးကောက်စုံနှင့် ကြံဖော်ကြံဖက်အဖြစ် ကျွန်မတို့အဖွဲ့အပေါ် တစ်စုံတစ်ရာ ရည်ရွယ်ဆောင်ရွက်နေသည်ဆိုပါလျှင်တော့ ကျွန်မအနေဖြင့် အလွန်ဝမ်းနည်းမိပါ

www.burmeseclassic.com



ကြောင်း ပြောလိုပါသည်။

အကယ်၍ ကိုနေထွန်းလင်းသည် ဦးကောက်စုနှင့် ကြံဖော်ကြံဖက် မဟုတ်ဘဲ ကျွန်မအပေါ် သံယောဇဉ်စိတ်ဖြင့် သတင်းစာကြော်ငြာတွင် ပါသည့်အတိုင်း ကျွန်မတို့အကျိုး အတွက် မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရုပ်တုအကြောင်း ပြောကြားရန်ရှိသည့် ဆိုပါလျှင်တော့ 'ညနေသုံးနာရီတိတိ' တွင် ရွှေတိဂုံဘုရားရင်ပြင် စနေထောင့်၌ ကျွန်မစောင့်မျှော်နေပါ မည်။

မည်သူ့ကိုမျှ အသိမပေးဘဲ . ကိုနေထွန်းလင်း တစ်ယောက်တည်း လာခဲ့ပါ။

ဤစာကိုလည်း လုံခြုံစွာ သိမ်းဆည်းထားပါရန် မေတ္တာရပ်ခံပါသည် ရှင့်။

အစဉ်ထာဝရ သတိရလျှက်

နာဂမေဏီ

ကျွန်ုပ်သည် နာဂမေဏီ၏ စာရှည်ကြီးကိုဖတ်ပြီးနောက် စိတ်ရောလူပါ မောပန်းနွမ်းနယ်သွားခဲ့လေသည်။

ကျွန်ုပ်သည် စာကို လုံခြုံစွာ သိမ်းဆည်းပြီးနောက် အိမ်ရှေ့ဧည့်ခန်းရှိ ပက်လက်ကုလားထိုင်တွင် ထွက်ထိုင်ကာ



မောင်ဆိတ်ကျောင်းကို ကော်ဖီခါးခါးတစ်ခွက် ဖျော်ခဲ့ရန် စေခိုင်းလိုက်ရပါတော့၏။

ကော်ဖီခါးခါးကို တစိမ့်စိမ့်သောက်ရင်း ကျွန်ုပ်၏ ယံဘာဝကို ပြန်လည် စဉ်းစားကြည့်လိုက်သောအခါ နာဂမေဏီ ၏စာတွင် ပါရှိသည့်အကြောင်းအရာများကို ခပ်ရေးရေးမြင် တွေ့လာရသည်ဟု ထင်မြင်မိပေ၏။

နတ်ရေတွင်း၌ ရေချိုးပုံ၊ စစ်ကိုင်းချောင်မှာ ဆော့ကစား ခဲ့ပုံ၊ ဆံတောက်ဖားဖားနှင့် မိန်းကလေးရှေ့မှာ ဗေဒင်မေးခဲ့ပုံ၊ ဝါဆိုဖယောင်းတိုင်ကြီးတွင် မီးထွန်းညှိပုံ၊ မိခင်နှင့် ဖခင်တို့ ဥစ္စာ ခနကြွယ်ဝချမ်းသာပုံစသည်ဖြင့် ရုပ်သေဓါတ်ပုံများပမာ တရေးရေး တရိတ်ရိတ် ပေါ်ပေါက်လာလေသည်။

နာဂမေဏီ၏စာကိုဖတ်ပြီး စိတ်စွဲကာ အတွေ့ပုံရိပ်များ ဖြစ်ပေါ်လာသည်လားတော့ မသိချေ။

မည်သို့ဖြစ်စေ မိခင်နှင့်ဖခင်တို့သည် ကြွယ်တောင့် ကြွယ်ပိုးဖြစ်လေရာ အလှူအတန်းဝါသနာပါလှကြောင်းကိုတော့ မှတ်မိသိရှိ နေလေသည်။

မိမိအရွယ်ရောက်လာပြီးနောက် မိခင်နှင့်ဖခင်ကြီးတို့ အိုမင်းလာချိန်တွင် ရှိသမျှအတွင်းပစ္စည်းများကို ကျွန်ုပ်အတွက် သီးသန့်ဖယ်ထားပြီး ပိုသမျှ ရွှေငွေရတနာများကို ထုခွဲရောင်း

www.burmeseclassic.com

www.burmeseclassic.com



ချကာ ဘုရားတည်၊ ကျောင်းဆောက်အလှူကြီးပေးခဲ့သည်ကို ပျော်ရွှင်ကြည်နူးဖွယ်ရာ ပြန်လည်တမ်းတ မှတ်မိနေလေတော့သည်။

ကျွန်ုပ်သည် ညှော်ခန်းနံရံပေါ်တွင် ချိတ်ဆွဲထားသော ကျွန်ုပ်၏ဖခင်နှင့်မိခင်တို့ အတူယှဉ်တွဲထိုင်နေကြသော ပုံတူပန်းချီကားကြီးကို လှမ်းမျှော်ကြည့်လိုက်မိ၏။

ပုံတူပန်းချီရေးဆရာကြီး ဦးဘခိုင်ကို အပ်နှံရေးဆွဲစေခဲ့သော ပန်းချီကားကြီးဖြစ်၏။

ရေးမူဟန်အတိုင်း တိုက်ပုံနှင့် ခေါင်းပုံနှင့် ပိုးပုဆိုးနှင့် မိခင်ကြီးကလည်း ဘီးဆံပတ်ထုံးကြီးချလျှက်၊ ရင်ဖုံးအင်္ကျီနှင့် ခန့်ထည်လှပေ၏။

ရှေ့က ကွမ်းအစ်ကြီးနှင့် ခင်းထားသောကော်ဇော ကွက်ကြီးများကလည်း လှပ ဝင့်ဝါနေသည်။

ပန်းချီကားကြီး၏ အောက်ခြေတွင် 'ဘုရားဒကာ ကျောင်းဒကာ ဦးနေထွန်းမင်းနှင့် ဒေါ်ဝေလင်းတို့၏ပုံတူ' ဟူသောစာတန်းကို နန်းတွင်းလက်ရေးလှလှနှင့် ရေးထိုးထားလေ၏။

"မိတ်ဆွေကြီး နေထွန်းလင်းတစ်ယောက်. . . ငယ်စဉ်ဘဝအကြောင်းကို ပြန်ပြောင်းတွေးတောနေတယ် ထင်ပါရဲ့



မည်သည့်အချိန်က အခန်းထဲသို့ ရောက်ရှိနေသည် မသိရသော ဦးကောက်စုံ၏အသံကို အနီးကပ်ကြားလိုက်ရသောကြောင့် အတွေးစများ ပြတ်တောက်သွားသည်။

ဦးကောက်စုံက ကျွန်ုပ်၏အတွေးကို အကဲဖမ်းသိရှိပေရာ သူ၏ စေ့စေ့စပ်စပ် ကြည့်မြင်တွေးခေါ်တတ်ခြင်းနှင့် အကင်းပါးလှမှုကို ကျွန်ုပ် သတိပြုမိရလေသည်။

"အင်း. . . ဦးကောက်စုံက မိမိတွေ့မြင်သမျှ အပေါ်မှာ စေ့စေ့စပ်စပ်ကြည့်မြင်တတ်ပြီး အကြောင်းအကျိုး ဆက်စပ်တွေးခေါ်တဲ့ စွမ်းရည်ကတော့ အတော်ပဲ ထက်မြက်ပါတယ်၊ ဦးကောက်စုံ ယူဆချက်ကို ကျုပ်က ဝန်ခံရမှာဖြစ်ပါတယ်၊ ကျုပ်ရဲ့ငယ်ဘဝကို ပြန်ပြောင်း စဉ်းစားနေမိပါတယ်"

ကျွန်ုပ်က ဦးကောက်စုံ၏အရည်အချင်းကို ချီးကျူးလိုက်သောအခါ ဦးကောက်စုံ၏ မျက်နှာသည် တန့်ခနဲ တည်ငြိမ်သွားလေသည်။

ဦးကောက်စုံ၏ မျက်နှာပေါ်တွင် ဖြစ်ပေါ်သွားခဲ့သော ဤအမူအရာသည် သဘာဝ မကျလှပေ။

အများအားဖြင့် လူတိုင်းလိုလိုပင် မိမိတို့၏ အရည်အချင်းကို ထုတ်ဖော်ချီးကျူးပါက သဘောကျ နှစ်ခြိုက်ကြသူများသည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဦးကောက်စုံသည် သူ၏ အရည်အချင်းကို ထိုးထွင်းသိမြင်သူအပေါ် သဘောကျ နှစ်ခြိုက်ပုံမရပေ။

ကျွန်ုပ်က ဦးကောက်စုံ၏ အရည်အချင်းကို ချီးကျူးမိပုံမှာ ဦးကောက်စုံသည် ကျွန်ုပ်၏ တွေဝေးသော အမူအရာ ကို သတိပြုမိခြင်း ၊ ကျွန်ုပ်၏ မျက်လုံးအစုံက မိဘနှစ်ပါး၏ပုံတူ ပန်းချီကားကြီးကို ငေးမျှော်နေသည်ကို တွေ့မြင်ခြင်း၊ ထိုတွေ့မြင်ချက်များအပေါ် ဆက်စပ်ပြီး ကျွန်ုပ်သည် ငယ်စဉ်ကလေးဘဝကို ပြန်ပြောင်းတွေးတောနေသည်ဟု ပြောနိုင်ခြင်းမှာ လူတိုင်းတွင် မရှိသော အရည်အချင်းဖြစ်ပေသည်။

ဦးကောက်စုံကတော့ နာမည်နှင့်လိုက်အောင်ပင် အရာ ရာသော အချက်အလက်များကို ကောက်ယူစုဆောင်းပြီး စုံစမ်း တွေးခေါ်တတ်သောသဘော ရှိပုံရလေသည်။

သို့သော် သူ့ကိုချီးကျူးသောအခါတွင် သတိထားသော မျက်လုံးများဖြင့် ကျွန်ုပ်ကိုပြန်ကြည့်လိုက်ကြောင်း တွေ့ရ၏

ကျွန်ုပ်က. . မမြင်ဟန်ပြုကာ နေလိုက်သည်။

အာလာပ သလ္လာပစကားများ အပြန်အလှန်ပြောဆိုပြီးနောက် ဦးကောက်စုံက. . .

"အေးဗျာ. . . သတင်းစာမှာ ကြော်ငြာပါတာ သုံးရက်တောင်ရှိနေပြီ၊ နာဂမေဏီတို့ဘက်က ခုချိန်ထိ ဆက်သွယ်



မလာသေးတာကိုတော့ အံ့သြနေတယ်၊ အမှန်တော့ ကျုပ်က လိုရမည်ရဆိုပြီးတော့ သတင်းစာထဲမှာငါးရက်ကြော်ငြာဖို့ စီစဉ်ခဲ့တာ၊ သို့သော်လည်း နာဂမေဏီတို့အဖွဲ့ဟာ ဒီလောက်လူညံ့တွေ မဟုတ်ပါဘူး၊ ခုအချိန်လောက်ဆိုရင် သတင်းစာကို ဖတ်ပြီးလောက်ပါပြီ၊ ဘာကြောင့်များ. . မဆက်သွယ်သေးတယ် မသိဘူး"

ဟု တစ်ဦးတည်း ညည်းညူသလိုပြောကာ သူ၏မျက်လုံးအစုံကမူ ကျွန်ုပ်အား စူးစူးစမ်းစမ်း စိုက်ကြည့်နေလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် သူ၏အကြည့်အောက်၌ မျက်နှာမပျက်အောင် မနည်း သတိထားနေလိုက်ရသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

(၂၆)

ဦးကောက်စုံသည် ကျွန်ုပ်၏မျက်နှာပေါ်၌ အဓိပ္ပာယ်တစ်စုံတစ်ရာကို ရှာဖွေနေပုံရ၏။

သို့သော် ကျွန်ုပ်မျက်နှာပေါ်၌ မည်သည့်အမူအရာကိုမျှ တွေ့ရသောကြောင့်လား မသိ. . . သူ၏ အကြည့်က လွဲဖယ်သွားပြီး. . .

"ကျုပ်ရဲ့ အတွက်အဆ,တွေ တစ်နေရာရာမှာ လွဲချော်

www.burmeseclassic.com

www.burmeseclassic.com



ချွတ်ယွင်းနေပုံရတယ်၊ ဘယ်နေရာမှာ လွဲချော်သွားတယ်သာ စဉ်းစား မရတာ၊ တစ်ခုခုတော့ . . . တစ်ခုခုပဲ”

ဟု စဉ်းစဉ်းစားစား ပြောဆိုလေ၏။

ကျွန်ုပ်လည်း ဦးကောက်စုံ၏ သတိကြီးမှုကို အမှတ်ထင်ထင် ဂရုပြုမိကာ ဦးကောက်စုံနှင့်ပတ်သက်၍ ပေါ့ပေါ့ဆဆ သဘောထားဆောင်ရွက်၍ မရကြောင်းကို အလေးအနက်မှတ်သားထားလိုက်လေ၏။

သို့နှင့် ကျွန်ုပ်က စကားအလိုက်သင့်ဖြစ်စေရန် . . .

“မနက်ဖြန်၊ သဘက်ခါအထိ စောင့်ကြည့်ကြသေးတာပေါ့ . . . ဦးကောက်စုံရယ်”

ဟု ပြောလိုက်ရလေ၏။

ဦးကောက်စုံကတော့ ဦးခေါင်းကို လေးပင်စွာခါယမ်းလိုက်ပြီး တစ်ဦးတည်းဆက်လက်၍ လေးနက်စွာတွေးတောနေလေ၏။

ကျွန်ုပ်က ဦးကောက်စုံကို ယခုပြဿနာအား မစဉ်းစားမတွေးခေါ်စေချင်ပေ။

သူ၏အာရုံကို . . လွှဲပြောင်းပစ်ချင်၏။

ရံဖန်ရံခါတွင် ကျွန်ုပ်နှင့် ဦးကောက်စုံသည် ချက်(ခေါ်) အင်္ဂလိပ်စစ်တုရင်ကို ကစားရင်း ဉာဏ်ပြိုင်ခဲ့ဖူးသည်



ဦးကောက်စုံက . . နိုင်ပွဲ များပေသည်။

ယခုအခါ စစ်တုရင်ကစားရန် သူ့အား သွေးဆောင်ရလျှင် ကောင်းမည်လားဟု စဉ်းစားမိ၏။

သို့သော် ယခုကဲ့သို့ လေးနက်သော အကြောင်းအရာကို စဉ်းစားနေခိုက်တွင် စစ်တုရင်ကစားရန် ပြောဆိုလိုက်လျှင် ကျွန်ုပ်၏ အပြုအမူကို မသက်ာဖွယ်ရာဖြစ်စေလိမ့်မည်ဟု ကျွန်ုပ်တွေးမိ၏။

ယင်းအခိုက်တွင် ကျွန်ုပ်၏ဦးခေါင်းထဲ၌ အကြံဉာဏ်တစ်ခု ဖျိုးခနဲ၊ ဖျတ်ခနဲ ပေါ်ပေါက်လာလေသည်။

ထို့ကြောင့် ကျွန်ုပ်သည် အလှုပြမှန်ဗီရိုထဲမှ ဒီးစီဟု အမည်ရှိသော ကျောက်မီးခြစ်တစ်လုံးကို ထုတ်ယူလိုက်သည်။ ထိုမီးခြစ်မှာ ဂျာမနီနိုင်ငံလုပ် ပစ္စည်းဖြစ်သည်။

စီးကရက်သေတ္တာထဲမှ ‘မြင်းခေါင်းတံဆိပ်’စီးကရက်ဘူးသစ်ကိုဖောက်လျှက် ဦးကောက်စုံကို တည်ခင်းလိုက်၏။

ဦးကောက်စုံမှာ လေးလေးနက်နက် တွေးတောနေခြင်းဖြစ်လေရာ ကျွန်ုပ်တည်ခင်းလိုက်သော စီးကရက်ကို လုံးဝမမြင်နိုင်တော့ချေ။

အကြောင်းမှာ စီးကရက်သောက်ခြင်းနှင့် တွေးတောခြင်းမှာ လိုက်ဖက်လှသော တွဲဖက် ဖြစ်နေသောကြောင့်ပင်။

www.burmeseclassic.com

www.burmeseclassic.com



အတွေးကို ပို၍ အားပေးသည်ဟု ထင်မြင်ရပေသည်။

ဦးကောက်စုံက မြင်းခေါင်းစီးကရက်တစ်လိပ်ကို လှမ်းယူပြီး နှုတ်ခမ်းတွင် တေ့ထားလိုက်၏။

ကျွန်ုပ်က အလိုက်သင့်ပင် ဒီးစီမီးခြစ်ကို ထောက်ခနဲ ခြစ်ကာ တောက်လောင်လာသောမီးညွန့်ဖြင့် သူ၏ ပါးစပ်မှ စီးကရက်ကို မီးညှိပေးလိုက်၏။

အားရပါးရ ဖွာရှိုက်လျှက် အဆုတ်ထဲမှ စီးကရက်မီးခိုးငွေ့များကို လေထဲပြန်မှုတ်ထုတ်ပြီးသည်အထိ ကြည့်နေလိုက်သည်။

ထို့နောက် ကျွန်ုပ်က. . .

"ဘယ့်နှယ့်လဲ. . ဦးကောက်စုံ၊ စီးကရက်က လတ်ဆတ်ရဲ့လားဗျ၊ အရသာကရော. . ဘယ်လို နေသလဲ"

"ဟာ။ လတ်ဆတ်ပါတယ်. . မိတ်ဆွေကြီး နေထွန်းလင်းရဲ့၊ အရသာကလဲ. . အတော် ချိုမြပါတယ်၊ ဩော်. . . မိတ်ဆွေကြီးကရော ဘာကြောင့် စီးကရက်မသောက်ပါသလဲ ခါတိုင်းဆို ကျုပ်နဲ့အတူ စီးကရက်တစ်လိပ်ကျ သောက်လေ့ရှိတာပဲ"

ဟု မေးလေ၏။

ကျွန်ုပ်က စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို



ဖြည်းညင်းစွာ ထုတ်ယူလိုက်ပြီး နှုတ်ခမ်းတွင်တေ့ကာ. . .

"ကျုပ်က ဒီစီးကရက်အမျိုးအစားကို သိပ်နှစ်ခြိုက်ပါတယ်၊ မိတ်ဆွေကြီးဦးကောက်စုံက ကျုပ်လိုမှ နှစ်ခြိုက်ပါ့မလား လို့ စိုးရိမ်ပြီး စောင့်ကြည့်နေတာပါ"

"ဟာ. . . နှစ်ခြိုက်ပါတယ်ဗျာ. . . နှစ်ခြိုက်ပါတယ်"

အထက်ပါအတိုင်း ဦးကောက်စုံက ဖြေကြားသည်။ ကျွန်ုပ်ထံ အာရုံရောက်နေချိန်၌ ကျွန်ုပ်သည် 'ဒီးစီ'မီးခြစ်ကို ထောက်ခနဲ ခြစ်လိုက်၏။

သို့သော် မီးတောက်က ထ၍တောက်မလာပါ။

နောက်တစ်ကြိမ် ထပ်ခြစ်လိုက်၏။

ထောက်. . .

မီးမတောက်။

ထောက်. . .

ထောက်. . .

ထောက်. . .

အကြိမ်ကြိမ်ခြစ်သော်လည်း မီးကမတောက်။

"တောက်. . . ဒီမီးခြစ်ဘယ်လိုဖြစ်တယ်မသိဘူးဗျ"

ကျွန်ုပ်ထံ အယုံးစုံအာရုံရောက်ပြီး ကြည့်နေသော ဦးကောက်စုံက သူ၏စီးကရက်ကို ကမ်းပေးလိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ရော့ . . . ကျုပ်စီးကရက်ကမီးနဲ့ တို့ပြီး ညှိလိုက်လေ" ဟုပြော၏။

ကျွန်ုပ်လည်း သူ့ထံမှ စီးကရက်ကို လှမ်းယူပြီး ကျွန်ုပ် စီးကရက်တွင် မီးညှိကာ ဖွာရှိုက်လိုက်၏။

□ □ □

(၂၃)

ထို့နောက် သူ့ထံသို့ စီးကရက်ပြန်ကမ်းပေးလိုက်သည်။

ယင်းသို့လျှင် နှစ်ဦးသား စီးကရက်ကို တစ်ဖွာနှစ်ဖွာ ရှုရှိုက်လိုက်ပြီးနောက် ကျွန်ုပ်က 'ဒီးစီ'မီးခြစ်ကို မကျေမနပ်ဖြင့် နှစ်ကြိမ်သုံးကြိမ်မြှောက် တစ်ထောက်ထောက်ခြစ်ရင်း မကျေနပ် သော အသံဖြင့် . . .

"ဘယ်လိုဖြစ်တယ် မသိဘူးဗျ၊ ဒီလောက်အဖိုးတန်တဲ့

www.burmeseclassic.com

www.burmeseclassic.com



မီးခြစ်က. . အခု ခြစ်လို့မရတော့ဘူး"

ဟု ညည်းညူလိုက်၏။

ဦးကောက်စုံက . . .

"ပြစမ်းပါဦးဗျာ. . . တစ်နေရာရာမှာ တစ်ခုခု ချွတ်ယွင်းသွားလို့ ဖြစ်ပါလိမ့်မယ်၊ ကျုပ် ကြည့်ပြီးပြင်လိုက်ရင် ကောင်းသွားနိုင်ပါတယ်"

"ဩော်. . . ဦးကောက်စုံက လက်မှုပညာမှာလည်း ရသပေါ့။ ဟုတ်လား။"

"စက်နဲ့ပတ်သက်တဲ့ပစ္စည်း တော်တော်များများကို ကျုပ် ပြင်ဆင်နိုင်ပါတယ်၊ ဝါသနာအလျောက် လေ့လာသင်ကြားထားတာဆိုပါတော့"

ကျွန်ုပ်က သူ့လက်ထဲသို့ မီးခြစ်ကလေးကို ထည့်ပေးလိုက်သောအခါ ဦးကောက်စုံက. . မီးခြစ်ကို ဖင်ပြန်ခေါင်းပြန် လှည့်ပတ်ကြည့်ရှုနေချိန်တွင် ကျွန်ုပ်သည် နေရာမှထကာ နာရီအစရှိသည့် သေးမွှားသော စက်ပစ္စည်းကလေးများကို ပြင်ဆင်ရာတွင် အသုံးပြုသည့် ဝက်အူလှည့်၊ ဇာဂနာ၊ ပလယာစသည့် အသုံးအဆောင် ပစ္စည်းများထည့်ထားသော သံဘူးအနက်ကလေးကို သွားရောက်ယူငင်ပြီး ဦးကောက်စုံရှေ့ရှိ စားပွဲပေါ်သို့ အဖုံးဖွင့်လျှက် အလိုက်သင့်ချပေးလိုက်သည်။



ဦးကောက်စုံမှာ မီးခြစ်ကို ပြင်ဆင်ရန်အတွက် အာရုံကျနေပြီ ဖြစ်ရကား၊ အလိုက်သင့်ဖွင့်ထားသော သံဘူးအနက်ထဲမှ ဝက်အူလှည့် စသည်တို့ကို လိုသလိုထုတ်ယူပြီး 'ဒီးစီ' မီးခြစ်ကို စတင် ဖွင့်လှစ်လေတော့သည်။

ဤဒီးစီမီးခြစ်သည် ရှေးဟောင်းပစ္စည်းတစ်ခုဖြစ်လေရာ အလွန်တန်ဖိုးရှိကြောင်း ဦးကောက်စုံသိရှိပေရကား ပြင်ဆင်ရန်အတွက် 'ဝက်အူ'ကလေးများကို လှည့်ဖွင့်ရာတွင် ပွန်းရာခြစ်ရာ မထင်အောင် အထူးဂရုစိုက် ဖွင့်နေကြောင်း တွေ့ရှိရသည့်အတွက် ကျွန်ုပ်စိတ်အတွင်း၌ ကျေနပ်သွားရပေသည်။

ဦးကောက်စုံက ကျွန်ုပ်၏ မီးခြစ်အပေါ် အလွန်ဂရုစိုက်လေ ကျွန်ုပ်အလွန်သဘောကျလေ ဖြစ်၏။

ထို့ကြောင့်ပင် ကျွန်ုပ်ကတမင်ပင် ဒီးစီမီးခြစ်ကို ထုတ်ယူ အသုံးပြုခဲ့ခြင်းဖြစ်၏။

ဒီးစီမီးခြစ်ကို တမင်စီစဉ်ပြုလုပ်ထားခြင်းဖြစ်ရာ ဤမီးခြစ်သည် တစ်ကြိမ်သာလျှင် ခြစ်၍ရပြီးနောက် အကြိမ်များစွာမှ လုံးဝခြစ်၍မရအောင် တမင်ပြုပြင်ထား၏။

၎င်းအပြင် ဤမီးခြစ်ကို ထုတ်ယူပြုပြင်သူသည် မီးခြစ်၌ အသုံးပြုထားသော ဓါတ်ဆီထဲတွင် မသိမသာ ထည့်သွင်းထားသည့် 'အီသာဓါတ်ငွေ့'ကဲ့သို့သော ဓါတ်ငွေ့တစ်မျိုးကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သွေးသားများ တစ်စတစ်စ လေးလံထိုင်းမှိုင်းလာပေမည်ဖြစ်သည်။

အိပ်ပျော်မေ့မြောသည့်အထိ မစွမ်းနိုင်သော်လည်း လူကို တွေးခေါ်မှု လေးလံစေမည်ကတော့ အမှန်ပင်။

ဒီးစီမီးခြစ်ကဲ့သို့ ထူးဆန်းစွာအသုံးဝင်သည့် အခြား ပစ္စည်းအဆန်းအပြားများ ကျွန်ုပ်တွင် အမြောက်အများရှိပေ သည်။

ကျွန်ုပ်၏ စိတ်သဘာဝမှာ လျှို့ဝှက်နက်ရှိုင်းသော အကြောင်းအရာများနှင့် ဖွဲ့စည်းထားသောကြောင့် ကျွန်ုပ်တွင် အခြားသူများ မထင်မှတ်နိုင်သော အလုပ်မျိုးဖြင့် ဆောင်ရွက် နိုင်စွမ်းများရှိပေသည်။

အကြောင်းတိုက်ဆိုင်သောအခါမှသာ ကျွန်ုပ်၏ အပြ အမူများသည် ပေါ်ပေါက်လာလေ့ရှိ၏။

ဒီးစီမီးခြစ်ကို နာရီဝက်ကျော် တစ်နာရီခန့်မျှ တစ်စ ဖြုတ်ကာတပ်ကာဖြင့် ချွတ်ယွင်းချက်ကို ရှာဖွေခဲ့ရလေ၏။

"အတော်အံ့သြစရာကောင်းတဲ့ . . မီးခြစ်ပဲဗျ၊ ကျုပ်ဖြ ချွတ်ယွင်းချက်ကို . . အတော်ပဲ ရှာယူရတယ်"

"ဘာများ . . ချွတ်ယွင်းသွားတာလဲဗျာ"

"မီးခြစ်တစ်ထောင်၊ တစ်သောင်းမှာ တစ်ခုဖြစ်တော



ဖြစ်ခဲ . . ဖြစ်တဲ့ အဖြစ်မျိုးပါဗျ၊ အတွင်းမှာရှိတဲ့ ကလီစာလေး တွေက အနည်းငယ်စီ တိမ်းတိမ်းစောင်းစောင်းဖြစ်နေကြ တာလေ၊ တိမ်းစောင်းမှုတွေစုပေါင်းလိုက်တော့ မီးခြစ်ခြစ်တဲ့ အခါမှာ ချွတ်ယွင်းသွားတာပေါ့။ ကဲပါလေ၊ ခုတော့ ကောင်း သွားပါပြီ"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်က . . ဒီမီးခြစ်ကို အင်မတန် မြတ်နိုးတာဗျ"

ထိုအချိန်တွင် ထမင်းစားရန် အခါရောက်ပြီဖြစ် သောကြောင့် ဧည့်ခန်းထဲသို့ မောင်ဆိတ်ကျောင်းရောက်ရှိလာ ပြီး . . .

"ထမင်းစားချိန် ရောက်ပါပြီ၊ ထမင်းနဲ့ဟင်းလျာများ လည်း အဆင်သင့်ဖြစ်ပါပြီ၊ ထမင်းစားရန် ကြွကြပါ"

ဟု ခေါ်လေပြီ။

ကျွန်ုပ်အတွက်တော့ အကြိုက်တွေ့သွားရ၏။

သို့နှင့် ကျွန်ုပ်တို့နှစ်ဦးသား ထမင်းစားခန်းအတွင်းသို့ ဝင်၍ ထမင်းစားပွဲတွင် ထိုင်လိုက်ကြပေသည်။

အခန့်သင့်လှပေတော့သည်ဟု ဆိုရပေတော့မည်။

ဦးကောင်းစုံအတွက် ချက်ပြုတ်ပြင်ဆင်ထားသော ဟင်း လျာများကို ကျွန်ုပ် ကြည့်လိုက်သောအခါတွင် . . .

www.burmeseclassic.com

www.burmeseclassic.com



ဆူးပုတ်ရွက်ဖော့စရာ၊ ဒညင်းသီးတို့စရာ၊ မျှစ်ကြော်၊ ငါးပိကြီး ဆီပြန်ချက် စသည့် 'တက်စာ'များချည်း ဖြစ်နေသည်ကို တွေ့ရလေ၏။

ဦးကောက်စုံက. . .

"အင်း. . . ဒီကနေ့တော့ ခံတွင်းတွေ့ပြီ၊ ထမင်းစားမြိန်မှာပဲဗျာ"

ဟုပင် စိတ်ပါလက်ပါ ချီးကျူးလိုက်ပေသေးသည်။

ထမင်းစားပြီး ဧည့်ခန်း၌ ရေနွေးကြမ်းနှင့်ထန်းညက်ငှက်ပျောသီးစသော အချိုများ တည်းနေစဉ်တွင် ဦးကောက်စုံ၏ သဏ္ဌာန်က မျက်တောင်များစင်းလာဟန်ကို ကျွန်ုပ်မဆည်နိုင်ကြောင်း တွေ့ရ၏။

"ဝါး. . ."

တစ်ချက်သမ်းလိုက်ပြီး. . .

"မိတ်ဆွေကြီး နေထွန်းလင်းရေ၊ ကျုပ်တော့ နေ့လည်နေ့ခင်း. . တစ်ရေးလောက် အိပ်လိုက်ဦးမယ်"

ဟု ခွင့်ပန်ကာ ဦးကောက်စုံသည် အိပ်ခန်းထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေ၏။

ကျွန်ုပ်သည် ဧည့်ခန်းအရိပ်ထဲတွင်ထားသော အလှစိုက် သစ်ပင်များကို ပြုပြင်ရင်း ဦးကောက်စုံကို တစောင့်တစောင်း



အကဲခတ်နေခြင်းဖြစ်သည်။

ကျွန်ုပ်စိုက်ပျိုးထားသော အရိပ်နေအပင်များအနက် ထင်းရှူးပင်ပုများ၊ တောင်ထန်းပင်အပုများ၊ တစောင်းပြာသာဒ်ပင်များ၊ ဆဲရပ်စ်ဂရမ်ဒီဖလိုးရပ်စ်(ခေါ်) ရှားခေါ်ရုံးဘုရင်မ အရီဇိုနာဆိတ်ပရပ်စ်စသော အပင်များက သန့်စွမ်းလှပေ၏။

ကျွန်ုပ်က မြေဩဇာအချို့ကို အပင်ခြေရင်းများ၌ လိုက်ပေးနေစဉ် အနီးသို့ မောင်ဆိတ်ကျောင်းရောက်ရှိလာသောကြောင့်. . .

"မောင်ဆိတ်ကျောင်းရေ၊ ဒီသစ်ပင်တွေ ဆက်ပြီးမြေဖြင့်အားလိုက်ပါကွာ၊ ငါ ရေမိုးချိုးလိုက်ဦးမယ်၊ မြို့ထဲကို ခဏသွားစရာ ရှိလို့ကွဲ"

ဟု အသံကို နှိမ့်၍ပြောလိုက်၏။

မောင်ဆိတ်ကျောင်းက သူနားလည်ပါကြောင်း ခေါင်းညိတ်ပြသည်။

ကျွန်ုပ်က . . .

"ဩော်. . . သတိရလို့ မေးရဦးမယ် မောင်ဆိတ်ကျောင်းရဲ့၊ ဒီကနေ့ ဦးကောက်စုံအတွက် မင်းချက်ထားတဲ့ဟင်းတွေက တက်စာတွေချည်းပါလား၊ ဘယ်လို ဖြစ်တာလဲ"

မောင်ဆိတ်ကျောင်းက မလုံမလဲဖြစ်သွားကာ မျက်နှာ

www.burmeseclassic.com



အထားရခက်ဟန်ဖြင့် . . .

"ဟုတ်ကဲ့ . . ဆရာ။ ဖြစ်ပုံက . . ဒီလိုပါ၊ မနက်က ဆရာ့အတွက် စာတစ်စောင်ပေးလိုက်တဲ့ မိန်းမချောလေးက ကျွန်တော့်ကို ဒီကနေ့နေ့လည်မှာတော့ ဦးကောက်စုံတစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေမယ်ဆိုရင်ဖြင့် ရှင့်ကို သိပ်ကျေးဇူးတင်မိမှာပဲ၊ ရှင့်အနေနဲ့ ဆူးပုတ်ရွက်တို့၊ ဒညင်းသီးတို့၊ မျှစ်တို့ ပဲကြီးတို့ ဝယ်သွားပြီး ဟင်းလျာဖြစ်အောင် စီမံပေးနိုင်ရင် သိပ်ကောင်းမှာနော်လို့ ကျွန်တော့်ကိုပြောတာနဲ့ ကျွန်တော်လည်း သူမပြောတဲ့ အတိုင်း ဟင်းလျာတွေဝယ်လာပြီး စီစဉ်ချက်ပြုတ်လိုက်တာပါပဲ ဆရာ"

ဟု ရှင်းပြလိုက်လေ၏။

□ □ □

(၂၈)

ထိုအခါ ကျွန်ုပ်က . . .

"ဟေ . . . ဟုတ်လား။ ကဲ . . . အဲဒီ တက်စာဟင်းလျာတွေအကြောင်းက ထားပါတော့၊ မင်းပြောတဲ့အတိုင်းဆို အဲဒီမိန်းကလေးက ဦးကောက်စုံနာမည်ကို ထည့်ပြောတယ်ပေါ့၊ ဒါလဲ . . မင်းက အိမ်မှာ ဦးကောက်စုံရှိတယ်ဆိုတာ ဖွင့်ဟခဲ့လိုက်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . မဟုတ်ပါဘူး ဆရာရယ်၊ ကျွန်တော့်ကိုတော့ အထင်မလွဲပါနဲ့၊ အဲဒီမိန်းကလေးက ကျွန်တော် မပြောဘဲနဲ့ သူ့ဘာသာသူ သိနေနှင့်တာပါ"

ဟု ပျာပျာသလဲ ရှင်းပြ၏။

ကျွန်ုပ်က လက်ကာပြလိုက်ပြီး . . .

"အေး . . . အေး . . . မင်းပြောတာ ငါယုံကြည်ပါတယ် ကွာ၊ မင်းတစ်ခုမှတ်ထားရမှာကတော့ အဲဒီ မိန်းမချောလေး အကြောင်းကို ဦးကောက်စုံက မင်းဆီမှာ စကားအစ်အောက် မေးမြန်းကောင်း မေးမြန်းလိမ့်မယ်၊ မင်းအနေနဲ့ စကား တစ်စွန်းတစ်စမှ မပေါ်ပေါက်အောင် အထူးသတိထားဖို့လိုမယ် မင်းဆီကတစ်ဆင့် သတင်းစကားပေါက်ကြားသွားရင်တော့ မင်းအတွက် . . . အန္တရာယ်ရှိနိုင်တယ်"

ဟု ကျွန်ုပ်က သတိပေးသလိုလိုနှင့် ခြိမ်းခြောက်စကား ကို ပြောလိုက်ရပေ၏။

မောင်ဆိတ်ကျောင်းက . . .

"အောင်မလေး . . ဆရာရယ်။ စိတ်ချပါ။ ကျွန်တော် ကလဲ ဆရာပြောခိုင်းတောင် မပြောဝံ့ပါဘူး ဆရာ၊ အဲ့ဒီ မိန်း ချောလေးနောက်က လူလိုလို ဘီလူးလိုလို သတ္တဝါကို ကြော လွန်လွန်းလို့ သူတို့အကြောင်းဆိုရင် ဘယ်သူ့ကိုမှ စကားမ



ပါဘူးဆရာ"

ဟု ကြောက်ရွံ့ထိတ်လန့်ဟန်ဖြင့် ပြောသောကြောင့် သူ့အား စိတ်ချလိုက်လေသည်။

ကျွန်ုပ်သည် ရေမိုးချိုး၍ ဝတ်စားဆင်ယင်ပြီးသော အခါတွင် နေ့လည် တစ်နာရီထိုးနေပေပြီ။

ဦးကောက်စုံကတော့ အိပ်ခန်းထဲတွင် အိပ်၍ ကောင်း တုန်းပင်ရှိသေး၏။

ကျွန်ုပ်သည် အသာအယာပင် အိမ်ထဲမှ ထွက်ခွာလာခဲ့ ၏။

ရွှေတိဂုံဘုရား၏ ရင်ပြင်တော်ပေါ်သို့ ရောက်ပြီး စနေ ထောင့်ဘက်သို့ မျှော်ကြည့်လိုက်သောအခါ အခန့်သင့်ပင် ကြာပန်း၊ ကြာခိုင်များကိုင်လျက် ရပ်စောင့်နေသည့် လှပကျော့ ရှင်းသောနာဂမေဏီကို တွေ့လိုက်ရလေရာ ကျွန်ုပ်ရင်ထဲ၌ အတိုင်းမသိ ဝမ်းမြောက်သွားတော့သည်။

ကျွန်ုပ်သည် သွက်လက်သော . . . ခြေလှမ်းများဖြင့် နာဂမေဏီထံသို့လျှောက်သွားပြီး နှုတ်ဆက်လိုက်ရပေသည်။

"စောင့်နေတာကြာပြီလား . . . နာဂမေဏီ"

"မကြာသေးပါဘူး . . . ကိုနေထွန်းလင်း"

"နာဂမေဏီပေးတဲ့စာကို . . ကောင်းစွာ ရရှိပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကျွန်ုပ်တစ်ယောက်တည်း အိမ်ကထွက်လာခဲ့ပါတယ်"

"အိမ်ကထွက်လာတာ ရှင်တစ်ယောက်တည်းမဟုတ်ပါ ဘူး၊ နှစ်ယောက်ပါတဲ့ ရှင်"

"ဗျာ. . . ဘယ်လို ပြောလိုက်တာလဲ၊ နာဂမေဏီရယ် ကျွန်တော့်စကားတို့. . မယုံကြည်ဘူးလား"

"ရှင့်နောက်ကို လှည့်ကြည့်လိုက်ပါဦး"

ကျွန်ုပ်က နောက်သို့လှည့်ကြည့်လိုက်သောအခါ ကျွန်ုပ်နှင့် လက်တစ်ကမ်းအကွာတွင် ဆံပင်တိုတိုနှင့် ပါးရေနားရေများတွန့်လိမ်နေသော အသက်ခပ်ကြီးကြီးအဘိုးအိုတစ်ယောက်ကို တွေ့ရပေသည်။

သူက လက်ညှိုးနှင့် လက်ခလယ် လက်နှစ်ချောင်းထောင်ပြနေရာမှ လက်ကိုပြန်ချထားလိုက်၏။

ပြီးလျှင် ထိုအဘိုးအိုက ကျွန်ုပ်အား ပြုံးရယ်ပြပြီး. . .

"ကျွန်ုပ်က သခင်မလေး နာဂမေဏီရဲ့ တာဝန်ပေးချက်အရ နံနက်မိုးလင်းကတည်းက မောင်နေထွန်းလင်းရဲ့ တိုက်အိမ်နဲ့မလှမ်းမကမ်း မျက်စောင်းထိုးနေရာမှာရှိတဲ့ စံမတူကာ လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး မောင်နေထွန်းလင်းအိမ်ကို မျက်ခြည်မပြတ် အကဲခတ်နေခဲ့ပါတယ်"

"ဩော်. . . ဒီလိုလား"



"နေ့လည်တစ်နာရီကျော်ကျော်မှာ . . . မောင်နေထွန်းလင်း အိမ်ထဲက ခပ်လျို့လျို့ထွက်လာပြီး လန်ချားတစ်စီးခေါ်စီးပါတယ်၊ မောင်နေထွန်းလင်းနဲ့ ရှေ့ဆင့်နောက်ဆင့်ပါဘဲ အိမ်ထဲက ဦးကောက်စုံ တိတ်တဆိတ်ထွက်လာပြီး သူလည်းလန်ချားတစ်စီးငှားကာ မောင်နေထွန်းလင်းနောက်က လိုက်သွားပါတယ်၊ ကျုပ်ကတော့ နောက်ဆုံးကနေ လန်ချားခေါ်ပြီးလိုက်ခဲ့တာပေါ့။ ကတ္တရာလမ်းမကြီးပေါ် ရောက်တဲ့အခါ မောင်နေထွန်းလင်းက သုံးဘီးတစ်စီးငှားပြီး ရွှေတိဂုံဘုရားဖက် တက်သွားတဲ့အချိန်မှာ ဦးကောက်စုံကလည်း သုံးဘီးတစ်စီး ငှားဖို့ဟန်ပြင်တယ်၊ အဲဒီအချိန် မှာ ကျုပ်တို့ကြိုတင်စီစဉ်ထားတဲ့ သုံးဘီးကားတစ်စီးက ခရီးသည်နှစ်ယောက်တင်ထားပြီးလျှက်နဲ့ပဲ ဦးကောက်စုံအားကို ထိုးရပ်လိုက်တယ် ၊ ဘယ်ကိုသွားမလဲ ၊ သွားလိုရာ ပို့ပေးမယ် ဆိုတော့ ဦးကောက်စုံလည်း သုံးဘီးကားပေါ် တက်လိုက်တယ်၊ သုံးဘီးကားက အရှိန် ခပ်ပြင်းပြင်းမောင်းထွက်သွားတာနဲ့ ကားပေါ်ပါသွားတဲ့ ကျုပ်တို့လူနှစ်ယောက်က လက်နက်ကိုယ်စီထုတ်ပြီး ဦးကောက်စုံကို ညှပ်ကိုင်လိုက်ကြတော့တယ်၊ အဲဒီအခါမှာ ဦးကောက်စုံ စေစားရာကို သုံးဘီးကားကမသွားဘဲ သုံးဘီးကား ခေါ်ရာကိုသာ. . ဦးကောက်စုံ ပါသွားတော့တယ်လေ"

ကျွန်ုပ်က . . .

www.burmeseclassic.com

www.burmeseclassic.com



"ဦးကောက်စုံ၊ ကျုပ်နောက်ကလိုက်လာတာကို ကျုပ်မသိဘူး၊ ကျုပ်ကတော့ ဦးကောက်စုံ တစ်ယောက်အိပ်ရာထဲမှာ အိပ်ပျော်နေပြီထင်တာ"

ဟု ရှင်းပြလိုက်၏။

အဘိုးအိုက. . .

"ဒါကိုတော့ ကျုပ်မသိဘူး မောင်နေထွန်းလင်း၊ ကျုပ်က ကျုပ်မျက်မြင်ကိုသာ တစ်လုံးမကျန်ပြောတာပါ၊ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး သခင်မလေးနာဂမေဏီရဲ့ သဘောပါပဲ"

နာဂမေဏီက. . .

"ကိုနေထွန်းလင်း. . ရှင် ဘာမှမစိုးရိမ်ပါနဲ့၊ ရှင့် အပေါ်မှာ ကျွန်မယုံကြည်ပါပြီ၊ ဦးကောက်စုံဟာ ရှင့်ကိုအသိမပေးဘဲနဲ့ သူ့သဘောနဲ့သူ လိုက်တယ်ဆိုတာ ရှင်းနေပါတယ်၊ ဪ ဦးကောက်စုံ. . ဦးကောက်စုံ၊ ရှင်ဟာ အတော့်ကို မါးနပ်လိမ္မာတာပဲနော်၊ ရှင့်ကိုဘယ်လိုမှ အထင်သေးလို့မရပါလားလေ"

ကျွန်ုပ်က . . .

"နာဂမေဏီ၊ ဒါဆိုရင် အခုချိန်မှာ ဦးကောက်စုံဟာ နာဂမေဏီရဲ့ လူတွေလက်ထဲမှာ အထိန်းအချုပ်ခံနေရပြီပေါ့"

နာဂမေဏီက. . .

"ဟုတ်ပါတယ်"



ကျွန်ုပ်က. . .

"အသက်ဇီဝိန်ကြွေအောင်တော့ အန္တရာယ်မပြုလိုက်ပါနဲ့ နာဂမေဏီရယ်"

ဟု ကျွန်ုပ်က. . တောင်းပန်လိုက်ရပါ၏။

နာဂမေဏီက. . ရယ်မောလျှက်. . .

"ရှင်က ဦးကောက်စုံအတွက် သိပ်စိုးရိမ်သွားပြီလား၊ မစိုးရိမ်ပါနဲ့ရှင်၊ ကျွန်မတို့က ပါဏာတိပါတာကံကို တစ်သက်လုံး ရှောင်ကြဉ်ဖို့ ဘုရားမှာအဓိဋ္ဌာန်ပြု လျှုဒါန်းပြီးသားလူငေ ့ ပါရှင်၊ ရှင့်မိတ်ဆွေကို အသက်အန္တရာယ်ဖြစ်အောင်မလုပ်ပါဘူး၊ သူ့ကို ပညာပြရုံတင်လေးပါပဲ"

ဟု ပြောလေ၏။

ကျွန်ုပ်လည်း ထိုအခါမှ ပင့်သက်ချနိုင်လေ၏။

နာဂမေဏီသည် သူ့လူကို လက်ရိပ်ပြရင်း. . .

"ဆရာအို၊ ဟိုရှေ့က. . ဇရပ်ထဲမှာ စောင့်နေပါ၊ ကျွန်မတို့ ဘုရားဝတ်ပြုလိုက်ပါဦးမယ်ရှင်"

ဟုပြောလိုက်သည်နှင့် ဆရာအိုဟူသော အဘိုးအိုသည် ရိုသေကျိုးနွံစွာဖြင့် ထွက်ခွာသွားလေ၏။

နာဂမေဏီက ကျွန်ုပ်ကို ရွှန်းစိုသောအပြုံးဖြင့် ပြုံးပြလျှက်သူမလက်ထဲမှ လန်းဆန်းငွားစွင့်နေသည့် ကြာပန်းရောင်စုံ

www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ဝက်ခွဲပေးကာ. . .

"လာပါရှင်. . . ကျွန်မနဲ့အတူ ကုသိုလ်ယူလှည့်ပါရှင်၊ ဘုရားကို ကြာပန်းပူဇော်ပြီး အတူဘုရားဝတ်ပြုကြမယ်လေ"

ဟု ကြည်အေးချိုလွင်သော အသံဖြင့် ပြောလိုက်ရာ ကျွန်ုပ်ရင်ထဲ၌ ကြည်နူးဝမ်းမြောက်သွားရပေသည်။

ကျွန်ုပ်တို့နှစ်ဦး ဘုရားရှိခိုးဝတ်ပြုပြီးနောက် ဘုရားပန်းအိုးတွင် ကြာပန်းများထိုးနေစဉ်တွင် အနီးသို့ အပျိုမလေး တစ်သိုက် ရောက်ရှိလာပြီး. . .

"ဟယ်. . . ဟိုမှာပေါ့. . . ကြာပန်းလေးတွေ လှလိုက်တာကွယ်"

"လှဆို ကြာပန်းထိုးသူကလဲ ချောလှသမို့ကွယ်နော်"

"အမျိုးသားကလဲ. . ခန့်ချောပဲ"

"နှစ်ယောက်စလုံးကတော့ အလွန်လိုက်ဖက်တဲ့ အတွဲ ပါပဲရှင်"

"ရှေ့သွားနောက်လိုက်ညီတဲ့ စုံတွဲလို့ ဆိုရပေမယ်"

"ဘုရားသွား ကျောင်းတက်အတူတူ၊ စိတ်တူကိုယ်တူ ကြည်ဖြူကြမယ့်ပုံပဲ"

"ချစ်နိုင်ကြပါစေတော်"

စသည်ဖြင့် အပျိုမလေးတို့၏ ထုံးစံအတိုင်း လက်ပံပင်



ဆက်ရက်ကျသလို စကားပေါက်ပေါက်များ ပစ်ကြလေရာ ကျွန်ုပ်နှင့်နာဂမေဏီတို့မှာ တစ်ဦးမျက်နှာကိုတစ်ဦး ကွက်ခနဲကြည့်မိကြ၏။

အကြည့်ချင်းဆုံမိရာ ရင်ထဲတွင် တဒိန်းဒိန်းခုန်လျှက် နှစ်ဦးစလုံး၏ မျက်နှာများ ရှက်သွေးဖြန်းကာ နီရဲသွားကြလေတော့သည်။

ဦးစွာ နာဂမေဏီက ကန္ဒြေပြန်ဆည်နိုင်ပြီး ကျွန်ုပ်အား. .

"ကိုနေထွန်းလင်းရှင့်၊ ကျွန်မတို့ ဘုရားကို တစ်ပတ်ပတ်ပြီး ဖူးမြော်ကြရအောင်"

ဟု အသံတိုးတိုးလေးဖြင့်ပြောပြီး သူမက ဦးဆောင်ထွက်သွားသောကြောင့် ကျွန်ုပ်လည်း သူမနောက်မှလိုက်ခဲ့လေရာ ရဲတင်းလှသောအပျိုမအုပ်စုနှင့် ဝေးခဲ့ရသည်။

သက်ပြင်းချနိုင်ပြီဖြစ်၍ စိတ်အမော သက်သာသွားသည်။

"အတော့်ကို စိတ်ညစ်သွားသလား. . . ကိုနေထွန်းလင်းရှင့်"

"ကျွန်တော်ဖြင့်. . နာဂမေဏီကို သိပ်အားနာမိတာပါပဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလဲ ကိုနေထွန်းလင်းကို အားနာမိတာပါပဲ"

"အို. . . မဟုတ်တာဗျာ၊ ကျွန်တော်က ယောကျ်ား လေး၊ နာဂမေဏီက မိန်းကလေးပါဗျ၊ သူတို့က အခုလိုပြော သွားကြတာတွေအတွက် ကျွန်တော်ကသာ နာဂမေဏီကို အားနာရမှာပါလေ"

"ကျွန်မကတော့ ကျွန်မကိစ္စအတွက်လာရင်း အခုလို ကြုံရတဲ့အတွက် ကျွန်မဘက်က အားနာမိတာပါ"

"ဩော်. . . နာဂမေဏီရယ်၊ ကိစ္စဆိုလို့ လာရင်း ကိစ္စကိုတောင် မေ့နေမိတယ်၊ နာဂမေဏီကို ကျွန်တော် ပြောပြ စရာတွေရှိ. . ."

"ဟုတ်ပါတယ်ရှင်။ ကျွန်မတို့တတွေ နောင်တော်ကြီး စေတီဘက်ကို ဘုရားသွားဖူးပြီး အေးအေးဆေးဆေးပြောကြ တာပေါ့နော်"

နောင်တော်ကြီးစေတီတွင် ကြည်ညိုစွာ ဦးချဝပ်တွား ခဲ့ပြီးနောက် ဓမ္မစေတီမင်းမြတ်တည်ထားကိုးကွယ်သော ဘုရားကို ထပ်မံဖူးမြော်ကြပါသည်။

ထို့နောက် ၎င်းအနီးရှိ စေတီရံတစ်ဆူ၏ ပရိဝုဏ်အမိုး အောက်တွင် နှစ်ဦးသားအတူထိုင်ကြ၏။

"ကဲ. . . ရှင်ပြောချင်တဲ့အကြောင်းကို ပြောချင်တဲ့



နေရာက. . စပြီး ပြောပေတော့ရှင်"

"အင်း. . . ကျွန်တော်ပြောချင်တာကို ပြောခွင့်ပြုတယ် ဆိုရင်တော့ ပထမဦးဆုံးစပြောချင်တာက မိုးကောင်းဘုရားမှာ ဆုံခဲ့တဲ့ညကစပြီး နာဂမေဏီကို ခုချိန်ထိ တစ်နေ့မှမမေ့လို့မရဘဲ သတိရနေတယ်ဆိုတာကို သစ္စာစကားအဖြစ် တိုင်တည်ပြီးပြော ချင်ပါတယ်"

နာဂမေဏီသည် ပျော်ရွှင်သောအပြုံးကလေးဖြင့် ပြုံး ရယ်ရင်း. . .

"ကျွန်မလည်း ရှင်နဲ့ထပ်တူပဲ အမြဲ သတိရပါတယ်ရှင်၊ ရှင့်အပေါ်မှာ ရှင့်ထက်မလျော့ဘဲ သံယောဇဉ်ဖြစ်မိပါတယ်လို့ အမှန်အတိုင်း ဝန်ခံပါရစေ၊ သို့သော်လည်း အခုအချိန်အခိုက် အတန့်မှာတော့ ကျွန်မတို့အဖွဲ့ကြီးတစ်ခုလုံးအတွက် ကြမ္မာ ဆိုးကျရောက်နေတဲ့အချိန်ဖြစ်လို့ ကျွန်မတို့ရဲ့ ကိုယ်ရေး ကိုယ်တာကိစ္စတွေကို. . ခဏ ဘေးချိတ်ထားရပါဦးမယ်ရှင်၊ ကျွန်မကို. . နားလည်ခွင့်လွှတ်ပါနော်"

ဟုပြောရင်း သူမမျက်နှာကလေးသည် အလွန်ညှိုးရော် သွားလေ၏။

ကျွန်ုပ်ရင်ထဲ၌ သူမအပေါ် သို့ မချိတင်ကဲ သနားနေမိ တော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . နာဂမေဏီကို ကျွန်တော် စာနာနားလည်ပါတယ်"

ဟု ပြောလိုက်ရပေ၏။

နာဂမေဏီက . . .

"သတင်းစာထဲမှာ ကြော်ငြာထည့်ရတဲ့အကြောင်းရင်းကို . . ရှင်းပြပါဦးရှင်"

ကျွန်ုပ်က တစ်နေ့သောအခါတွင် ကျွန်ုပ်အိမ်သို့ ဗိုက်ပူဘိုးသူတော်ကြီး ရောက်ရှိလာပုံနှင့် ကျွန်ုပ်အား ကြိမ်းဝါးနေပုံ၊ သူ၏ လွယ်အိတ်အစုတ်ကြီးထဲမှ သစ်သားနီဖြင့် လုပ်ထားသော မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရုပ်တုကို ထုတ်ပြပုံ၊ နာဂမေဏီတို့အနေဖြင့် သူ့ကိုဆက်ပြီးနှောင့်ယှက်နေလျှင် မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရုပ်တုကို မီးရှို့ဖျက်ဆီးပစ်လိုက်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုပုံများအပြင် ကျွန်ုပ်၏တပည့် မောင်ဆိတ်ကျောင်းက သံတူရွင်းနှင့် ရိုက်ပါသော်လည်း ကျွန်ုပ်တပည့် မောင်ဆိတ်ကျောင်းသည်သာ ခေါင်းတွင်ဒဏ်ရာရလျှက် လေးချက်တိတိချုပ်လိုက်ရပုံတို့ကို အသေးစိတ် ပြောပြလိုက်သည်။

သူမက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေပြီးနောက် . . .



"ဒီကိစ္စကို ဦးကောက်စုံသိသွားပုံကိုလည်း ဆက်ပြောပြပါဦးရှင်"

ဟု မေးလိုက်လေ၏။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## (၂၉)

ကျွန်ုပ်က ငှင်းကိစ္စနှင့်ပတ်သက်၍ တိုင်ပင်ဖော် တိုင်ပင်ဖက်မရှိ၍ ဦးကောက်စုံကိုသာ သတိရလာမိသောကြောင့် သူနှင့်ဆက်သွယ်ရန်ပေးထားသော တယ်လီဖုန်းနံပါတ်အတိုင်း ဆက်သွယ်လိုက်ရာ ဦးကောက်စုံရောက်လာပြီး သူ့ရိယသတင်းဖြင့်တွင် သူကိုယ်တိုင် ကြော်ငြာသွားထည့်ကြောင်း ရှင်းပြလိုက်ရ၏။

ထိုအခါ နာဂမေဏီက လေးနက်သောမျက်နှာဖြင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"အတော့်ကို ထူးဆန်းနေပါလား၊ ဦးကောက်စုံဘ ရှင့်ကို အတော်ယုံကြည်တာပဲနော်၊ သူ့ကို ဆက်သွယ်ဖို့အတွက် ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ မပေးတဲ့ဖုန်းနံပါတ်ကို ရှင့်ကို ပေးခဲ့တာပဲနော်၊ ရှင့်အနေနဲ့ အဲဒီဖုန်းနံပါတ် ကျွန်မကိုပြန် မပြောပြနိုင်ဘူးလား"

ကျွန်ုပ် အကျပ်ရိုက်သွားပါလေ၏။

သို့သော် ချက်ခြင်းပင် ကျွန်ုပ်သည်ဆုံးဖြတ်ချက်ကို ပြတ်ပြတ်သားသား ဆုံးဖြတ်ကာ . . .

"တယ်လီဖုန်းနံပါတ်ကိုတော့ ကျွန်တော် မပြောပါ စေနဲ့ နာဂမေဏီ၊ ကျွန်တော်က ဘယ်သူ့ကိုမှ ပြန်မပြောပါဘူးလို့ ဦးကောက်စုံကို ကတိပေးထားခဲ့မိလို့ပါ"

နာဂမေဏီက နားလည်မှုရှိသောသောအပြုံးဖြင့် ပြုံ လျှက် . . .

"ကတိစကားကို ထိန်းသိမ်းစောင့်ရှောက်တာနဲ့ ပတ် သက်လို့တော့ ကျွန်မအနေနဲ့ ဘာမှ မပြောလိုပါဘူးရှင်၊ လူဆို တာ ကတိတစ်လုံးတော့ တည်အောင်ထိန်းသိမ်းရမှာပဲလေ"

"ကျွန်တော့်အပေါ်မှာ နားလည်မှုရှိတဲ့အတွက် ကျေးဇူး တင်ပါတယ်ဗျာ"

နာဂမေဏီက . . .



"ဗိုက်ပူဘိုးသူတော်ကြီးပြောတဲ့ မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရုပ်တုဆိုတာ ကျွန်မအတွက်ရော၊ ကျွန်မတို့ အဖွဲ့ သားတွေအတွက်ရော အလွန်အရေးကြီးပါတယ်ရှင်၊ အဲဒီကိစ္စ အတွက်တော့ ရှင်က ကျွန်မကို အထူးကူညီစေချင်ပါတယ်"

"ကျွန်တော့်အနေနဲ့ စိတ်ပါလက်ပါ ကူညီပါ့မယ် နာဂမေဏီ၊ ကျွန်တော့်အနေနဲ့ ဗိုက်ပူဘိုးသူတော်ကြီးကို ဆန့် ကျင်ဆောင်ရွက်ပေးဖို့အတွက် ဝန်မလေးပါဘူး"

"အဲဒီလိုဆိုရင်ဖြင့် . . မဖော်ပြနိုင်လောက်အောင်ပဲ ကျေးဇူးတင်ပါတယ်လို့ ပြောပါရစေရှင်"

"မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရုပ်တုအတွက် ကျွန်တော်က ဘာတွေဆောင်ရွက်ပေးရမှာလဲ"

"အဲဒီကိစ္စတိုင်ပင်ရအောင် စနေဒေါင့်ဇရပ်ဆီ ကျွန်မတို့ သွားကြပါမယ်၊ အဲဒီကိစ္စအတွက် ဆရာအိုအကြံဉာဏ်ကိုပါ ရယူ ဆောင်ရွက်ရမှာဖြစ်ပါတယ်"

သို့နှင့် ကျွန်ုပ်တို့သည် ဇရပ်အတွင်းသို့ရောက်လျှက် လူရှင်းသောဒေါင့်၌ ထိုင်ကြကာ ဆောင်ရွက်ဖွယ်ကိစ္စများကို နာဂမေဏီနှင့် ဆရာအိုတို့နှစ်ဦးတိုင်ပင်၍ ကျွန်ုပ်ကို အသေးစိတ် ပြောပြ ညွှန်ကြားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရှပ်တုနှင့်ပတ်သက်ပြီး ဗိုက်ပူဘိုးသူတော်ကို ရင်ဆိုင်ရန်အတွက် နာဂမေဏီနှင့်ဆရာအို တို့က ကျွန်ုပ်အား ပြောဆိုညွှန်ကြားသော ကိစ္စများကို ဤနေရာ တွင် ကျွန်ုပ်မဖော်ပြတော့ပါ။

ကျွန်ုပ်သည် သူမညွှန်ကြားသည့်အတိုင်း တသွေမတိမ်း ဆောင်ရွက်မည်ဖြစ်လေရာ ကျွန်ုပ် လက်တွေ့အတွေ့အကြောင်

www.burmeseclassic.com

www.burmeseclassic.com



အထည်ဖော် ဆောင်ရွက်သည့်အခါတွင် အသေးစိတ်ရေးသား ဖော်ပြသွားမည် ဖြစ်ပါသည်။

ကျွန်ုပ်ဆောင်ရွက်မည့် ကိစ္စများကို ပြောဆိုပြီးနောက် နာဂမေဏီက . . .

"ဆရာအိုရှင့် . . ဒီက ကျွန်မမိတ်ဆွေ ကိုနေထွန်း လင်းတစ်ယောက် မျက်စိမှုန်ဝါးပြီး မျက်မှန်တပ်ထားရသည့်ကိစ္စ ပျောက်ကင်းသွားအောင် ကျွန်မကုသပေးချင်ပါတယ်၊ ဆရာအို အနေနဲ့ ကျေးဇူးပြုပြီး သူ့ကို အကြောစုံနှိပ်ဖြေပေးထားစေချင်ပါ တယ်"

ဆရာအိုက ခန္ဓာကိုယ်အထက်ပိုင်းရှိ အကြောစုံကို ဖြေဖွင့် နှိပ်နယ်ပေးလေ၏။

ကျွန်ုပ်၏ တစ်သက်တာ၌ အနှိပ်ပညာရှင်မျိုးစုံဖြင့် နှိပ် နင်းခံခဲ့ဖူးသော်လည်း ယခု ဆရာအိုကဲ့သို့ အချိန်တိုအတွင်း အကြောစုံပွင့်လင်းပြေလျော့အောင် စွမ်းဆောင်နိုင်သူ တစ်ဦးမျှ မတွေ့ခဲ့ဖူးပါချေ။

အမှန်အတိုင်း ဝန်ခံရပါလျှင် ကျွန်ုပ်သည် အလွန်ဇိမ် တွေ့ကာ မျက်တောင်များစင်းလျက် အိပ်ငိုက်ပင် ငိုက်သွား ခဲ့သည်။

နာဂမေဏီက . . .



"ကိုနေထွန်းလင်း . . ကျေးဇူးပြုပြီး ရှင့်မျက်မှန်ကို ချွတ်ထားလိုက်ပါ"

ဟု ပြောမှပင် သတိရလျှက် မျက်လုံးဖွင့်ကြည့်ပြီး ကမန်း ကတန်းဖြင့် မျက်မှန်ကို ချွတ်ပေးလိုက်ရပါတော့၏။

နာဂမေဏီက သူမ၏ ပန်းနုသွေးရောင် ရဲနေသော လက်ချောင်းသွယ်နွဲ့များအနက် လက်ညှိုးကလေးတစ်ချောင်းကို ကျွန်ုပ်၏ မျက်လုံးနှစ်ခုအကြား မျက်ခုံးစွန်းနှစ်ခုဆက်ရာ အလယ်သို့ ချိန်ရွယ်လိုက်ပြီး . . .

"ရှင့်မျက်လုံးတွေကို . . ခေတ္တ ပိတ်ထားလိုက်ပါ"

ဟု အမိန့်ပေးလေ၏။

ကျွန်ုပ်လည်း သူမ၏ ညွှန်ကြားချက်အတိုင်း မျက်လုံး အစုံကို ပိတ်ထားလိုက်ပြီး တစ်အောင့်အကြာတွင် သူမ လက်ညှိုး ထိပ်က ကျွန်ုပ်၏ မျက်ခုံးနှစ်ခုကြားသို့ အရှိန်ဖြင့် လာရောက် ထိတွေ့လိုက်သည်ကို သိရှိပြီးနောက်၊ ကျွန်ုပ်မျက်လုံးထဲ၌ ရောင် စုံအလင်းရောင်များ ပြိုးပြိုးပြက်ပြက် ယှက်ဖြာ ပေါ်ပေါက် လာလေ၏။

မီးပွင့်မီးပွားများကဲ့သို့လည်း ထင်ရပေသည်။

လျှပ်စီးအလင်းရောင်များဟုလည်း ယူဆရမည် ဖြစ် ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးသော အရောင်များ အတန်ကြာအောင် မြင်တွေ့ခဲ့ပြီးနောက်တွင် တစ်စတစ်စ အလင်းရောင်များ ပြယ်လွင့်လျက် ကြည်လင်သော အမှောင်ထုသာ ကျန်ရှိတော့သည်။

နားထဲတွင် နာဂမေဏီ၏ အသံကိုကြားရ၏။

"ရှင့်မျက်လုံးထဲမှာ အရောင်အလင်းတွေ ကင်းစင်သွားရင် ရှင့်မျက်လုံးကို ဖြည်းဖြည်းချင်းဖွင့်လိုက်ပါ"

ကျွန်ုပ်မျက်လုံးကို ဖြည်းညင်းစွာဖွင့်လိုက်သည်။

ကျွန်ုပ်၏ မျက်လုံးထဲ၌ ပြုံးရယ် ရွှင်ပျနေသော နာဂမေဏီ၏ အလွန်ချောမောသည့် မျက်နှာကလေးကို အနီးကပ်ထင်ရှားပီပြင်စွာ တွေ့မြင်ရလေတော့၏။

ကျွန်ုပ်၏ မျက်စိအမြင်ဓာတ်မှာ အဘယ်မျှ ကြည်လင်ကောင်းမွန်လှပေသနည်းဆိုသော် ကျွန်ုပ်၏ မျက်လုံးအစုံထက်၌ ယခုတိုင် မျက်မှန်တပ်ဆင်ထားဆဲဖြစ်သည်ဟုယူဆကာ ယော် ၍ပင် မျက်မှန်ကို လက်နှင့်ကိုင်စမ်းလိုက်မိ၏။

မျက်နှာတွင် မျက်မှန်မရှိမှန်းသိမှ. . .

"ဟင်. . . ကျွန်တော့်မျက်လုံးတွေ လူကောင်းပကတိ လို အမြင်ကြည်လင်သွားပါပကောလား"

ဟု ရေရွတ်လျက် မိမိလက်ဖဝါးကို ဖြန့်၍ကြည့်လိုက်ရာ လက်ဖဝါးပေါ်ရှိ လက္ခဏာအရေးအကြောင်းများကို ခရုပတ်



မကျန် အသေးစိတ်ပီပြင်ရှင်းလင်းစွာ မြင်တွေ့နေရလေတော့သည်။

ကျွန်ုပ်ရင်ထဲ၌ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။

နာဂမေဏီက ပြုံးရယ်လျက်. . .

"ဒီနေ့ကစပြီး ရှင့်မျက်မှန်ကို မှန်ဘီရိုထဲသာ ထည့်ပြီး သိမ်းထားလိုက်ပေတော့၊ နောင်ဘယ်တော့မှ အသုံးလိုတော့မှာ မဟုတ်ဘူး"

"ကျေးဇူးတင်ပါတယ်. . နာဂမေဏီ"

"ကျွန်မတို့အတွက် ရှင်ပေးမယ့် အကူအညီအတွက်သာ ကျွန်မတို့က ကျေးဇူးတင်ရမှာပါ"

"ဩော်. . . ကြုံတုန်းကြုံခိုက်မှာ နာဂမေဏီကို ကျွန်တော်မေးချင်တဲ့ မေးခွန်းလေးတွေ ရှိနေပါတယ်"

နာဂမေဏီက ပြုံးရယ်လျက် လက်ကာပြလိုက်ပြီး. . .

"ကိုနေထွန်းလင်းရယ်၊ ရှင်မေးမယ့် မေးခွန်းတွေကို ကျွန်မ ခန့်မှန်းသိရှိနေပါတယ်ရှင်၊ ကျွန်မကို ဆက်သွယ်ချင်ရင် ဘယ်လို. . ဆက်သွယ်ရမလဲ၊ ကျွန်မတို့အဖွဲ့နဲ့ မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်နဲ့ ဘယ်လို ပတ်သက်သလဲ၊ နာဂမေဏီနဲ့ နာဂနွယ်ရီ၊ နာဂသီသီတို့. . ဘယ်လို ဆက်သွယ်ဆက်စပ်သလဲ စတဲ့. . မေးခွန်းတွေ မဟုတ်ပါလားရှင်"

www.burmeseclassic.com

www.burmeseclassic.com



နာဂမေဏိသည် ကျွန်ုပ်ရင်ထဲမှ မေးခွန်းများကို သိရှိနေပေရာ ကျွန်ုပ်မှာ မည်သို့မျှ ပြန်မပြောနိုင်တော့ဘဲ နှုတ်ဆိတ်နေမိလေတော့၏။

□ □ □

(၃၁)

နာဂမေဏိက. . .

"နောင်အခွင့်အခါသင့်တဲ့အခါမှာ ရှင်သိချင်တဲ့မေးခွန်းတွေကို ကျွန်မအကုန်ဖြေပါ့မယ်၊ ဒီထက်မက ရှင်သိသင့်သိထိုက်တဲ့ကိစ္စတွေကိုလဲ ကျွန်မက ပြောပြပါဦးမယ်၊ အခုတော့ သည်းခံပါဦးနော်"

ဟု တောင်းပန်ပြောကြားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ခေါင်းညိတ်လိုက်သည်။

နာဂမေဏီသည် ဆရာအိုဆိုသူကို မျက်ရိပ်ပြလိုက်ပြီး. . .

"ဗိုက်ပူ ဘိုးသူတော်ရဲ့ လှည့်စားကွက်တစ်ချို့ကို ကိုနေထွန်းလင်း သိရှိအောင် လက်တွေ့ပြသလိုက်ပါဦး. . . ဆရာအိုရှင့်"

ဟု စေခိုင်းလိုက်လေ၏။

ဆရာအိုက နှစ်ခြိုက်စွာပြုံးလျက်. . .

"မောင်ရင့်ကို ပထမဆုံးရှင်းပြချင်တာက လောကမှာ ဆန်းကြယ်တဲ့ ဖြစ်ရပ်တွေဆိုတာ အကြောင်းအကျိုးတွေကို ဆက်စပ်မသိသေးခင်သာ ဆန်းကြယ်ကြတာပါ၊ အကြောင်းအကျိုးကို ဆက်စပ်သိရှိတော့လဲ ဘာမှ မဆန်းကြယ်တော့ဘူး၊ သဘာဝနိယာမတွေချည်းပဲဆိုတာ သဘောပေါက်သွားပါလိမ့်မယ်၊ ဥပမာအားဖြင့် ကြေးချောင်းတစ်ချောင်းကိုယူပြီး ရေကြည်တစ်ခုထဲနှစ်လိုက်ရုံနဲ့ ငွေချောင်းဖြူဖြူဖြစ်သွားရင် မောင်ရင် မအံ့ဩပေဘူးလား၊ တကယ်တော့ ဒီလှည့်စားချက်ဟာ အလွန်လွယ်တဲ့ သဘာဝနိယာမတစ်ခုပါပဲ၊ ဘော်စားငွေရည်ထဲကို ပြဒါးရည် သင့်သလောက်ထည့်ထားပါ၊ ငရဲမီးက ပြဒါးကိုစားပြီး ဖျောက်ပစ်လိမ့်မယ်၊ အဲဒီငရဲမီးရည်ကို ရေကြည်ကြည်



ထဲမှာ ရောလိုက်တဲ့အခါ ငရဲမီးသတ္တိကုန်သွားပြီး ပြဒါးတွေက ရေထဲမှာပျော်ဝင်နေလိမ့်မယ်၊ ကြေးချောင်းနီနီကို အဲဒီရေထဲ နှစ်လိုက်တဲ့အခါကျတော့ ပြဒါးနဲ့ ကြေးနီရဲ့ မိတ်ဖက်သဘောအရ ရေထဲမှာ ပျောက်ဆုံးပျော်ဝင်နေတဲ့ပြဒါးက ကြေးနီဆီ ပြေးဝင်တွယ်ကပ် ပူးပေါင်းလိုက်တဲ့အတွက် ကြေးနီချောင်းကြီးကနေပြီး ငွေချောင်းကြီးအသွင် ဖြစ်သွားပါလေရော"

ဟု ရှင်းပြပြောဆိုလေ၏။

ထို့နောက် ဆက်၍ပြောသည်မှာ. . .

"မောင်ရင်ပြောပြတဲ့ အဖြစ်အပျက်တွေထဲမှာ ဗိုက်ပူဘိုးသူတော်က သံချောင်းကို ခေါင်းပေါ်တင်ပြီး ကွေးမြှတဲ့ အကြောင်းပါဝင်လာတာကို သခင်မလေးနာဂမေဏီက ထည့်ပြောသွားတယ်၊ တကယ်တော့ အဲဒီကိစ္စသည်လဲပဲ အထူးအဆန်း မဟုတ်ပြန်ဘူး၊ တောနက်ကြီးတွေထဲမှာ သံနိုင်ပင်ဆိုတာရှိတယ်၊ သံနိုင်ပင်က သီးတဲ့အသီးက ဂုံညှင်းထိုးလိုပဲ၊ အဲဒီ ဂုံညှင်းဆီးလို အသီးမျိုးတွေကို စုပေါင်းအရည်ကျို အဆီထုတ်လိုက်ရင် အဲဒီအဆီက သံကိုပျော့ပျောင်းစေနိုင်တဲ့ အစွမ်းဖြစ်လာတယ်၊ အဲဒီ သံနိုင်ဆီနဲ့ သံချောင်းကြီးတွေကို သုတ်လိမ်းပြီး ကြာခင်မှာတဲ့ သံချောင်းတွေဟာ ခွန်အားကောင်းသူတွေအတွက် ဆွဲကွေးလို့ရနိုင်တဲ့အထိ ပျော့ပျောင်းသွားလေ့ရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကိုင်း. . . မောင်ရင့်ကို လက်တွေ့ တစ်ခုပြမယ်"

ဟုပြောပြီး သူ၏ ဒေါးလွယ်အိတ်ထဲမှ ဖန်ပုလင်း တစ်လုံးကိုထုတ်ယူပြီး ဖန်ပုလင်းထဲမှ အဆီတစ်မျိုးဖြင့် ဇရပ်ပြတင်းပေါ်မှာ စိုက်ထားသောသံချောင်းကြီးတစ်ချောင်းကို သုတ်လိမ်းလိုက်၏။

ပြီးလျှင် ဖန်ပုလင်းကို လွယ်အိတ်ထဲ ပြန်လည်သိမ်းဆည်း၏။ ပြီးသည်နှင့် ဇရပ်ပြတင်းပေါက်မှသံချောင်းကို လက်နှင့်ဆွဲ၍ကွေးလိုက်ရာ အံ့သြဖွယ်ရာပင် ကွေးကောက်သွားလေတော့သည်။

"ကဲ. . . ယုံပြီမဟုတ်လား မောင်ရင်"

"ဟုတ်ကဲ့. . . ယုံပါပြီ ခင်ဗျာ"

ဆရာအိုက သံချောင်းကို ပြန်ဖြောင့်မတ်ပြီး နဂိုနေအတိုင်း ပြန်လည်ပြုပြင်ထားလိုက်၏။

ထို့နောက်တွင် ဆရာအိုက သူ၏ပါးစပ်ထဲသို့ လက်နှိုက်ယူလိုက်ရာ အံကပ်သွားတုကြီးသည် သူ၏လက်တွင်းသို့ ပါသွားလေတော့၏။

အံကပ်သွားတုကို လွယ်အိတ်ထဲထည့်လိုက်ပြီး လွယ်အိတ်ထဲမှ တစ်စုံတစ်ရာကို ထုတ်ယူလိုက်ကာ ပါးစပ်ထဲသို့ ထည့်သွင်းလိုက်၏။



ဆရာအိုက သူ၏ပါးစပ်ကို ဟီးခနဲ ဖြဲပြလိုက်ရာ ကျွန်ုပ်မှာ ရုတ်တရက်ဖြစ်၍ ဒိတ်ခနဲပင် လန့်သွားမိသည်။

ဆရာအို၏ပါးစပ်ထဲတွင် အစွယ်ကြီးများ ရှည်လျားစွာ ပြူးထွက်နေသည်ကို တွေ့ရ၏။

ကျွန်ုပ်၏တပည့် မောင်ဆိတ်ကျောင်း ကြောက်လန့်ခဲ့သော အစွယ်ကြီးများပေတကား။

ဆရာအိုက ရယ်မောလိုက်ပြီး အံကပ်ဖြင့်ပြုလုပ်ထားသော ထိုအစွယ်ကြီးကို ပါးစပ်မှဖြုတ်ပြရင်း. . .

"ဒါက လက်လှည့်မျက်လှည့် သဘောမျိုးပါပဲ၊ သို့သော်လဲ မသိသူများအတွက်တော့ အတော်ထိရောက်တဲ့ လှည့်ကွက်ပါပဲ"

"ဟုတ်ပါ့ဗျာ. . ကျွန်တော့်တပည့် မောင်ဆိတ်ကျောင်း ဆိုရင်ဖြင့် အခုထက်တိုင် ကြောက်တုန်း၊ လန့်တုန်း ပါပဲ"

"မောင်ရင့်ကို ကျုပ်ပြောချင်တာက ဗိုက်ပူဘိုးသူတော်ကြီးတို့နဲ့ရင်ဆိုင်ရင် ဘာကိုမဆို မကြောက်လန့်ဖို့ပါပဲ၊ ကြောက်မလန့်ဘဲ အကြောင်းအကျိုးကိုသိမြင်အောင် ရှာဖွေနိုင်ရင် အဖြေကိုတွေ့မြင်မှာပါပဲ"

"ဟုတ်ကဲ့ ခင်ဗျာ. . . မှာကြားတဲ့အတိုင်း လိုက်နာဆောင်ရွက်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါတွင် ဆရာအိုက ဗိုက်ပူဘိုးသူတော်တို့ကို ရင်ဆိုင်ပြီး မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရုပ်တုကိစ္စ ဖြေရှင်းနိုင်ရေးအတွက် အရေးကြီးသော အထုပ်တစ်ထုပ်ကို ကျွန်ုပ်၏လက်သို့ အပ်လိုက်ပေ၏။

□ □ □

(၇၂)

အထုပ်မှာ အဖိုးတန်စိန်ကတ္တီပါအိတ်ရှုဖြင့် ထုပ်ပိုးထားပြီး လွယ်ရန် ကြိုးတစ်ချောင်းပါ၏။

ကျွန်ုပ်သည် နာဂမေဏီတို့ကို နှုတ်ဆက်ပြီး ကတ္တီပါအိတ်ရှုကို ပခုံးတွင်သိုင်းလွယ်လျက် ဇရပ်ထဲမှ ထွက်ခဲ့ပေတော့သည်။

ကျွန်ုပ်စိတ်ထဲ၌ နာဂမေဏီကို လွမ်းဆွတ်စိတ်က

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ဖြစ်ပေါ်လာ၏။

ဇရပ်လှေကားထစ်မှ တစ်လှမ်းသာ ဆင်းရသေးသည်။ နာဂမေဏီကို သတိရလာသဖြင့် နောက်သို့ လှည့်ကြည့်လိုက်မိသည်။

"ဟင်. . . ဇရပ်ပေါ်မှာ နာဂမေဏီတို့လဲ မရှိတော့ပါလား"

ကျွန်ုပ်သည် အလွန်အံ့အားသင့်သွားလျက် ဇရပ်ပေါ်ရှိ နေရာအနှံ့အပြားသို့ ရှာဖွေကြည့်ရှုမိသော်လည်း သူမတို့အား လုံးဝ မတွေ့ရပါတော့ချေ။

"ဟဲလို. . . မိတ်ဆွေကြီး ဦးနေထွန်းလင်း ခင်ဗျား ဇရပ်ထဲမှာ ဘယ်သူ့ကိုများ ရှာဖွေကြည့်ရှုနေပါသလဲ"

ဟူသော ဦးကောက်စုံ၏ အသံကြီး မိမိ၏ နောက်ကျော ဘက်မှ ကပ်လျက်ပေါ်ပေါက်လာသောကြောင့် ဒိတ်ခနဲ ရင်ခုန် လျက် လှည့်ကြည့်လိုက်မိလေသည်။

ဦးကောက်စုံသည် ဇရပ်လှေကားထစ်များ အပေါ်သို့ မရယ်မပြုံးနှင့် လှမ်းတက်လာပြီး မိမိနောက်တွင် ရပ်နေခြင်းဖြစ် သည်။

ထိုအချိန်၌ ကျွန်ုပ်တို့နှစ်ဦး ရပ်နေသည့်အနီးမှ အဘိုးအို တစ်ဦးနှင့် အမယ်အိုတစ်ဦးသည် တစ်ဦးလက်ကို တစ်ဦး



ဆွဲလျက် တုန်တုန်ယင်ယင်နှင့် ဇရပ်ပေါ်မှ ဆင်းသွားကြလေသည်။

ကျွန်ုပ်စိတ်ထဲတွင် ဇရပ်ပေါ်မှ နာဂမေဏီနှင့်ဆရာအို တို့ ထူးဆန်းစွာ ပျောက်ဆုံးသွားပုံကို စဉ်းစားရအလွန်ကျပ်လျက် ရှိစဉ်တွင် ရုတ်တရက် အလင်းဉာဏ်တစ်ခု ဝင်းခနဲ ဖြိုးပြက်သွားလေသည်။

ဆရာအိုက ထူးဆန်းသော အဖြစ်အပျက်များ အားလုံးသည်. . . အကြောင်းအကျိုး အဆက်အစပ်ရှိကြသည်ချည်း ဖြစ်သည်။

ခေါင်းအေးအေးဖြင့် ဆင်ခြင်စဉ်းစားလျှင် အဖြေကိုတွေ့ရမည်ဟု. . . မကြာခင်ကမှ ပြောခဲ့သည် မဟုတ်ပါလား။

ကျွန်ုပ်ခေါင်းထဲတွင် ပေါ်လာသောအဖြေအတိုင်း မှန်မမှန် သိနိုင်ရန်အတွက် ဇရပ်ပေါ်မှ ဆင်းသွားကြသော အဘိုးအို နှင့်အမယ်အိုနှစ်ဦးအနက် အမယ်အိုကြီး၏ ခြေထောက်ကို လှမ်း၍ ကြည့်လိုက်၏။

အမယ်အိုကြီး၏ ခြေထောက်တွင် သူမ၏မျက်နှာမှာ ကဲ့သို့ ပါးရေနားရေ တွန့်လိပ်ခြင်းမျိုးမရှိဘဲ တင်းရင်းသော အသားအရေဖြင့် ခြေသည်းတွင် နီ့သာရောင်ခြေသည်းဆိုးဆေး ကို ဆိုးထားကြောင်းတွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မကြာခင်ကပင် နာဂမေဏီ၏ ခြေထောက်တွင် နှံ့သာရောင် ခြေသည်းဆိုးဆေးများ ဆိုးထားကြောင်း ကျွန်ုပ်သတိမြူမိခဲ့လေရာ၊ ယခုဆင်းသွားသော အဘိုးအိုနှင့် အမယ်အိုသည် ဆရာအိုနှင့် နာဂမေဏီတို့နှစ်ယောက် ရုပ်ဖျက်၍ ဇရပ်ပေါ်မှ ဆင်းသွားကြခြင်း ဖြစ်ပေမည်။

အဘယ့်ကြောင့် သူတို့သည် ချက်ချင်းရုပ်ဖျက်ကာ ဇရပ်ပေါ်မှ ဆင်းသွားကြသနည်းဆိုသောဏ်စ္စကို ဆက်လက်စဉ်းစားလိုက်သောအခါတွင် ပေါ်ပေါက်လာသော အဖြေမှာကား ဦးကောက်စုံတစ်ယောက် ရုတ်တရက် မမျှော်လင့်ဘဲ ဘုရားပေါ်သို့ ရောက်လာသည်ကို သူတို့နှစ်ဦးက ဦးစွာမြင်တွေ့လိုက်ပြီး အချိန်မီရုပ်ဖျက်ကာ ဇရပ်ပေါ်မှ ဟန်မပျက်ဆင်းသွားကြခြင်း ဖြစ်ပေမည်။

ကျွန်ုပ်က ဦးကောက်စုံဘက်သို့ လှည့်၍ကြည့်လိုက်ပြီး. .

"မိတ်ဆွေကြီး ဦးကောက်စုံကကော. . ဘယ်လိုက. . ဘယ်လို ရွှေတိဂုံဘုရားပေါ် ရောက်လာရတာလဲ"

ဟု သူ၏အမေးကို မဖြေဘဲ သူ့ကိုသာ တန်ပြန်မေးခွန်းထုတ်လိုက်ရပေ၏။

ဦးကောက်စုံက. . .



"ပြော မပြောချင်တော့ပါဘူးဗျာ၊ ကျုပ်ကို နာဂမေဏီတို့ အုပ်စုက ဖမ်းပြီးအရူးလုပ် ပညာပြခံလိုက်ရလို့ဗျ"

ဟု ဖြေလေသည်။

ကျွန်ုပ်က. . .

"ကျုပ်လဲ. . ခင်ဗျားလိုပဲဗျ"

ဟု စကားကိုရော၍ ခပ်ထွေးထွေးဖြေလိုက်သည်။

ယာယီအားဖြင့် ဦးကောက်စုံက ကျွန်ုပ်၏အဖြေကို ကျေနပ်သွားပုံရပေသည်။

"လာဗျာ. . . ကျုပ်တို့ အိမ်ပြန်ကြရအောင်၊ ဒီဘုရားပေါ်မှာတော့ ကျုပ်တို့ ဘာအကြောင်းမှ မထူးပါဘူး၊ အိမ်ကျမှ တိုင်ပင်ကြတာပေါ့"

ဟုပြောကာ ကျွန်ုပ်ကပင်ဦးဆောင်၍ ဘုရားပေါ်မှ ဆင်းခဲ့ကြလေ၏။

ဦးကောက်စုံမှာ ကျွန်ုပ်ပခုံးတွင် လွယ်ပိုးထားသော ဘတ္တီပါအိတ်ကို အလွန်စိတ်ဝင်စားနေပုံရ၏။

သို့သော် ကျွန်ုပ်ကို အားနာသည်ထင့်၊ နှုတ်တမြွင်မြွင်ဖြစ်နေသော်လည်း ထုတ်၍တော့မမေးချေ။

ကျွန်ုပ်က. . .

"နာဂမေဏီတို့လူစု လက်ထဲက. . ဘယ်လိုဘယ်နည်း

www.burmeseclassic.com

www.burmeseclassic.com



လွှတ်လာသလဲဗျ"

ဟု မေးလိုက်၏။

"ကျုပ်ကို အရှုးလုပ်နေမှန်းသိလိုက်တာနဲ့ ကျုပ်လက်သ

နဲ့ ဒီလူတွေကို ပေးတွေ့လိုက်တာပေါ့ဗျာ၊ သူတို့အားလုံး လောက

ကြီးကို မေ့နေကြတုန်း ကျုပ်လဲ လစ်လာတော့တာပဲ"

အာဂ ဦးကောက်စုံပေတကား။

နာဂမေဃီပြောသလိုပင် ဦးကောက်စုံကို အထင်သေ

၍ မရပါချေတကား။

□ □ □

(၃၃)

အိမ်ပြန်ရောက်ပြီးနောက် ကျွန်ုပ်က နောက်နေ့တွင်

ွန်အရေးကြီးသော ကိစ္စကြီးတစ်ခု ဆောင်ရွက်ရန်ရှိ၍

နေ့တွင်ပင်ပန်းလာရာ အနားယူပြီး စဉ်းစားတွေးခေါ်ရန်ရှိ

ကို ကျွန်ုပ်ကိုခွင့်ပြုရန် ပြောဆိုလျှက် ဋွတ်တရွတ်ပင် အိပ်ခန်း

ို့ ဝင်ရောက်အိပ်စက်ရန် ဟန်ပြုလိုက်ရလေတော့၏။

ကျေနပ်ပုံမရသော်လည်း ဘာမှမတတ်နိုင်ရှာသော

www.burmeseclassic.com

www.burmeseclassic.com



ဦးကောက်စုံမှာ အခန်းအပြင်တွင် ကျန်ရစ်ခဲ့ပေတော့သည်။

နောက်တစ်နေ့နေ့လယ် ထမင်းစားချိန်ရောက်တော့ မှပင် ကျွန်ုပ်သည် အခန်းထဲမှ ထွက်ခဲ့ပေတော့၏။

ကျွန်ုပ်အနေဖြင့် ဦးကောက်စုံကို မည်သို့ ရင်ဆိုင်မည် ဆိုသည့်အကြောင်းအား သေချာစေ့စုံအောင် အခန်းအောင်း၍ စဉ်းစားတာ အဖြေရခဲ့ပြီး ဖြစ်ပေရကား ရဲရင့်စွာပင် အခန်းထဲ မှ ထွက်ခဲ့ပေ၏။

ထမင်းစားပွဲတွင် ဦးကောက်စုံနှင့် မျက်နှာချင်းဆိုင်မိရာတွင် ဦးကောက်စုံက. . .

"မိတ်ဆွေကြီး နေထွန်းလင်းရဲ့. . ။ ခင်ဗျားကို ကျုပ် မေးခွန်းတွေ အတော်များများမေးချင်နေတာဗျ။ သို့သော် အခု ထမင်းစားချိန်မှာတော့ အလွန်သိချင်တဲ့ မေးခွန်းတစ် မေးစမ်းပါရစေ"

"မေးပါဗျာ. . . မေးပါ"

ကျွန်ုပ်က. . . ပေါ့ပါးစွာ ခွင့်ပြုလိုက်၏။

သူက ကျွန်ုပ်၏ဟန်ပန်ကိုကြည့်ပြီး အနည်းငယ်အံ့ သင့်သွားဟန်ရှိသော်လည်း ချက်ချင်းပင် အာရုံပြောင်းသွား သူသိချင်သည်ဆိုသော မေးခွန်းကို မေးလိုက်လေ၏။

"မနေ့က ရွှေတိဂုံဘုရားပေါ်မှာကတည်းက ခင်ဗျား



မျက်မှန်တပ်ထားတာမတွေ့ဘူး၊ အခုအထိလဲ မျက်မှန်တပ်တာ မတွေ့ရဘူး၊ အတော် ထူးဆန်းပါလားဗျာ"

"ဟုတ်တယ်ဗျို့၊ ကျုပ်အနေနဲ့ ခင်ဗျားကို အသိပေးရမှာ ဖြင့် ယနေ့မှစ၍ အမောင်နေထွန်းလင်းသည် မျက်မှန်ကို မဆောင်တော့၊ မျက်မှန်ကို မတပ်တော့၊ ဤစကားသည် ဟိသစ္စ အမှန်အကန်ဖြစ်ပေ၏။"

ကျွန်ုပ်က ရယ်ရွှန်းပတ်ရွှန်း ပေါ့ပေါ့လျော့လျော့နှင့် ဖြေကြားလိုက်ခြင်းဖြစ်၏။

ဦးကောက်စုံက. . .

"ဘယ်လိုကြောင့်လဲဗျ"

ဟု ထပ်မေးသည်။

"အမှန်က ကျုပ်ဟာ ငယ်စဉ်ကတည်းက ယခုထက်တိုင် အောင် မျက်စိက အကောင်းပကတိပဲဗျ၊ ကျုပ်သာ အကယ်၍ မျက်စိအားနည်းနေခဲ့ရင် လူတွေဟာ ကျုပ်မမြင်ကွယ်ရာမှာ ကျုပ် အပေါ် ဘယ်လိုပြုမူကြတယ်ဆိုတာကို အသေအချာ သိခဲ့ရပြီ ဖြစ်လို့ အခုအချိန်ကစပြီး မျက်မှန်ကိုကျုပ်မဆောင်ဘဲ ပကတိ မျက်လုံးအတိုင်း ပြန်နေတော့မှာဗျ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးကောက်စုံသည် မည် သည့်အချက်ကို တွေးခေါ် စဉ်းစားမိသည်မသိ။ မျက်စိမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ပျက်သွားသည်ကိုသာ တွေ့ရပေသည်။

နောက်ထပ်စကားတစ်ခွန်းမျှ မဆိုမိကြတော့ဘဲ ထမင်းကိုသာ ပြီးစီးအောင် အာရုံစိုက်၍ စားလိုက်ကြလေတော့၏။

□ □ □

(၃၄)

ညှိခန်းထဲ၌ ထမင်းလုံးစီရင်း မြင်းခေါင်းစီးကရက်ကို သောက်ရင်း ဒီးစီမီးခြစ်ကိုခြစ်ရင်း ဦးကောက်စုံနှင့် ကျွန်ုပ်သည် အေးချမ်းစွာ စကားပြောဆိုကြလေသည်။

ဦးကောက်စုံ ပြန်ပြင်ပေးထားသော မီးခြစ်သည် အကောင်းလွန်နေသဖြင့် တစ်ချက်ခြစ် ၊တစ်ချက်တောက်ဖြစ်နေရာ ခြစ်ကတောက်မီးခြစ်ဟု နာမည်ပြောင်းပေးလိုက်ဖို့ပင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းနေပေတော့သည်။

ဦးကောက်စုံက. . .

"ပြောစမ်းပါဦး မိတ်ဆွေကြီး နေထွန်းလင်းရဲ့ ဘယ်လိုက ဘယ်လို. . . ရွှေတိဂုံဘုရားပေါ် ရောက်သွားရတာလဲ"

ဟု မေးမြန်းလိုက်လေ၏။

ကျွန်ုပ်က. . .

"မိတ်ဆွေကြီး ဦးကောက်စုံကိုလဲ မေးစမ်းပါရစေဦး။ မိတ်ဆွေကြီးကရော ကျုပ်ကို ဘာကြောင့် နောက်ယောင်ခံလိုက်ရတာတဲ့လဲ"

"ကျုပ်က. ."

"အင်းလေ. . . ပထမ အိပ်ချင်ယောင်ဆောင်ပြီး အိပ်ခန်းထဲဝင်နေတယ်၊ နောက် ကျုပ်က ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုပေါ်လာလို့ အပြင်ထွက်တဲ့အခါ ခင်ဗျားက ကျုပ်နောက်က တိတ်တဆိတ်နောက်ယောင်ခံလိုက်ဖို့ လန်ချားတစ်စီး ငှားပြီး ခပ်လှမ်းလှမ်းက လိုက်လာတယ်လေ"

"အင်း. . . မိတ်ဆွေကြီး နေထွန်းလင်းက ကျုပ်ကို ခုလို ပွင့်ပွင့်လင်းလင်းမေးလာတော့ မိတ်ဆွေကြီးကိုလဲ ကျုပ်က အားနာဖို့ မလိုတော့ဘူးပေါ့လေ၊ ဒီတော့ တစ်ခုသိချင်တာလေး ရှင်းလင်းပြပါဦး၊ မနေ့က နေ့လယ်စာကို တက်စာချည်းဖြစ်



အောင် တမင်စီစဉ်ပြီးကျွေးတာတာ ဘာသဘောလဲ"

"ဘာသဘောမှ မဟုတ်ဘူး၊ အဲဒါ နာဂမေဏီက ကျုပ်တပည့်မောင်ဆိတ်ကျောင်းကို တစ်ဖက်လှည့်နဲ့ စည်းရုံးသွေးဆောင်ပြီး စီစဉ်လိုက်တာပဲ၊ ကျုပ်ဘာမှ သိတာမဟုတ်ဘူး၊ နေ့လယ်စာစားပြီးတဲ့အခါ ခင်ဗျားကအိပ်ချင်တယ်ဆိုပြီး အိပ်ခန်းထဲဝင်သွားတော့မှ ကျုပ်လဲသင်္ကာမကင်းဖြစ်လာပြီး မောင်ဆိတ်ကျောင်းကို ခေါ်ယူစစ်ဆေးလိုက်တော့မှပဲ. . ဈေးမှာ နာဂမေဏီတို့နဲ့ တွေ့ခဲ့တဲ့အကြောင်းကို ဖွင့်ဟဝန်ခံတော့တယ်၊ ဦးကောက်စုံ ဒီအိမ်ထဲမှာ ရောက်နေတဲ့အကြောင်း သူတို့က ကြိုတင်သိရှိနေပြီး မောင်ဆိတ်ကျောင်းကို သတ်သတ်လွတ် နေ့လယ်စာတွေဝယ်တဲ့အခါ တက်စာတွေပဲဝယ်သွားဖို့ စည်းရုံးပြောဆိုလိုက်တာပဲ၊ ကျုပ်လဲ ဒီကိစ္စအတွက် မောင်ဆိတ်ကျောင်းကိုဆူပူပြီးတဲ့အခါ နာဂမေဏီတို့နဲ့ ဘယ်မှာ လမ်းခွဲခဲ့သလဲလို့ မေးတော့ ကျုပ်တို့လမ်းထိပ်မှာပဲ လမ်းခွဲခဲ့တဲ့ အကြောင်း ပြောပြတယ်၊ ဒါနဲ့ကျုပ်လဲ ဒီနားပတ်ဝန်းကျင်မှာ နာဂမေဏီတို့လူစု ရှိနိုင်တယ်ဆိုပြီး ထွက်စုံစမ်းဖို့အပြင်ကို လန်ချားစီးသွားခဲ့တယ်၊ ကျုပ်ငှားစီးတဲ့လန်ချားသမားက ကျုပ်ကို စာတစ်စောင်ပေးတယ်၊ စာမှာက. . နာဂမေဏီကိုတွေ့ချင်ရင် ကားငှားပြီး ရွှေတိဂုံဘုရားရင်ပြင်ပေါ် လာခဲ့ပါလို့ ပါတယ်၊ သူတို့က ကျုပ်

www.burmeseclassic.com



ထွက်လာရင် စာပေးနိုင်အောင် အဆင်သင့် ကြိုတင်ပြင်ဆင်ထားပုံရတယ်၊ ဒါနဲ့ ကျုပ်လဲ နာဂမေဏီကို တွေ့ချင်စိတ်က မထိန်းနိုင်တော့ဘဲ သုံးဘီးတစ်စီးငှားပြီး ရွှေတိဂုံဘုရားဘက် ထွက်ခဲ့တော့တာပဲ၊ ကျုပ်ကိစ္စအတွက် ကျုပ်က ဒီလောက်ပဲ ရှင်းပြနိုင်မယ်၊ ဘုရားပေါ်မှာ နာဂမေဏီနဲ့တွေ့ပြီး အထုပ်တစ်ထုပ်ပေးရင်းနဲ့ အကူအညီတစ်ခုတောင်းတဲ့အတွက် အကူအညီ ပေးမယ့်အကြောင်း ကတိပြုလိုက်တယ်၊ နာဂမေဏီကို ကူညီရမယ့်အစီအစဉ်ကို မနက်ဖြန်ကျရင် ခင်ဗျားအကုန်လုံးသိရ ပါစေမယ်"

ဟု ကျွန်ုပ်က ပြောလိုက်၏။

ကျွန်ုပ်၏စကားများမှာ ယုတ္တိ အလွန်တန်လျှက်ရှိရာ ဦးကောက်စုံမှာ မည်သို့မျှ အထွန့်မတက်နိုင်တော့ဘဲ ငြိမ်သက်သွားလေသည်။

ထိုအခါ ကျွန်ုပ်က. . .

"ကျုပ်အနေနဲ့ မိတ်ဆွေကောင်းတစ်ယောက်ထားရှိရမယ့်ဝတ္တရားအတိုင်း ခင်ဗျားအပေါ် ဘာလျှို့ဝှက်ချက်မှ မထားဘဲ ဆက်ဆံခဲ့တယ်၊ ခင်ဗျားကရော ကျုပ်အပေါ် ဒီလို သဘောထားနိုင်ပါ့မလား၊ ခင်ဗျားဘဝနဲ့ပတ်သက်လို့. . ကျုပ်ကို ပွင့်ပွင့်လင်းလင်း အသိပေးနိုင်ပါ့မလား"



ဟု ဥပါယ်တံမျဉ်နှင့် မေးလိုက်၏။

ဦးကောက်စုံသည် ကူနွေမဆည်နိုင်အောင်ပင် မျက်ရေ မျက်နှာပျက်နေပြီး . . .

"ကျုပ်ဝန်ခံပါပြီ မိတ်ဆွေကြီး. . နေထွန်းလင်း ၊ ကျုပ်ဘက်ကသာ မိတ်ဆွေကောင်းတို့ဝတ္တရားပျက်ကွက်ပြီး လျှို့ဝှက်ချက်တွေ ထားရှိခဲ့မိတာဖြစ်ပါတယ်၊ သို့သော်လည်း မကြာခင်မှာ မိတ်ဆွေကြီးကို ကျုပ်ဘဝအကြောင်း. . ဖွင့်ဟ ဝန်ခံနိုင်ပါလိမ့်မယ်"

ဟု စိတ်မကောင်းသောအသံဖြင့် ပြောလေ၏။

ထိုမျှနှင့်ပင် ကျွန်ုပ်က ကျေနပ်မိသည်ဖြစ်ရကား. . .

"ကောင်းပြီလေ. . . ကျုပ်အနေနဲ့ မိတ်ဆွေကြီးအပေါ် အနည်းငယ်စိတ်ကွက်မိတာကို ဖျောက်ဖျက်လိုက်ပါပြီ၊ ကျုပ်တို့နှစ်ယောက်ရဲ့ အနာဂတ်ဟာ မိတ်ဆွေကြီးအပေါ်မှာပဲ တည်ပါတော့တယ်"

ဟု စကားကို နိဂုံးသတ်လိုက်လေ၏။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

(၃၅)

ဦးကောက်စုံ၏မျက်နှာပေါ်၌ လေးနက်မှုကို အထင်းသား မြင်တွေ့နေရ၏။

ကျွန်ုပ်၏တပည့် မောင်ဆိတ်ကျောင်းကို ကျွန်ုပ် ခေါ်ယူလိုက်သည်။

ကျွန်ုပ်ရှေ့သို့ မောင်ဆိတ်ကျောင်းရောက်လာပြီး ရှိသေစွာ ရပ်နေလျှင်. . .

www.burmeseclassic.com

www.burmeseclassic.com



"မောင်ဆိတ်ကျောင်းရေ့ . . လမ်းထိပ်စတိုးဆိုင်မှာ ခဲတံ နီပြာတံ သုံးချောင်းနှင့် စာရေးစက္ကူ အဖြူအလွတ်အရွက် သုံးဆယ်လောက် ဝယ်ခဲ့ကွယ်"

ဟုပြောပြီး ငွေစက္ကူတစ်ရွက်ကို လှမ်းပေးလိုက်၏။

မကြာခင်မှာပင် မောင်ဆိတ်ကျောင်းလည်း ခဲတံ နီပြာတံများနှင့် စာရေးစက္ကူများကိုဝယ်ယူ၍ ပြန်လည်ရောက်ရှိ လာ၏။

ကျွန်ုပ်က ခဲတံနီပြာတံ(၃)ချောင်းစလုံးကို ချွန်စေပြီး စာရွက်လွတ်ပေါ်တွင် 'မ' အက္ခရာနှင့် 'ဝ'အက္ခရာစာလုံးနှစ် လုံးကို စာမျက်နှာနှစ်ဖက်တွင် တစ်ဖက်၌'မ'အက္ခရာကို အပြာရောင်ဖြင့်လည်းကောင်း၊ အခြားတစ်ဖက်တွင် 'ဝ' အက္ခရာကို အနီရောင်ဖြင့်လည်းကောင်း ရေးသားလိုက်၏။

ပြီးလျှင် 'ဗိုက်ပူ'ဆိုသော စာလုံးကို စာရွက်အောက်ခြေ တွင် ထပ်မံရေးသားကာ ထိုစာလုံးပေါ်တွင် အနီရောင်ဖြင့် ကန့်လန့်ဖြတ်၍ ကြက်ခြေခတ်လိုက်သည်။

ထို့နောက် အခြားတစ်ဖက်သောစာရွက်ကိုလှန်လိုက် ပြီး အနီရောင်ဖြင့် နေလုံးတစ်လုံးထွန်းလင်းနေပုံကို ကော ကြောင်းဖြင့် အလွယ်ဆုံး ရေးခြစ်လိုက်၏။

ကျွန်ုပ်ဆောင်ရွက်နေသည်ကို အစအဆုံးကြည့်နေ



ကြသော ဦးကောက်စုံနှင့် မောင်ဆိတ်ကျောင်းတို့အား ခဲတံ နီပြာတံ တစ်ချောင်းစီကိုကိုင်စေပြီး ကျွန်ုပ်ရေးသားသကဲ့သို့ စာရွက်အလွတ်ပေါ်တွင် ရေးသားစေလိုက်၏။

စာရေးစက္ကူအရွက်(၃၀)လုံး ရေးသားပြီးစီးသွားသော အခါတွင် ထိုစက္ကူများအား လေးထောင့်ကျကျ အသေအချာ ခေါက်လိုက်၏။

ဦးကောက်စုံနှင့် မောင်ဆိတ်ကျောင်းလည်း ကျွန်ုပ်နှင့် အတူ စာရွက်များကို ခေါက်ကြသည်။

စာရွက်များပေါ်တွင် ရေးသားထားပုံမှာ . . .

စာမျက်နှာတစ်ဖက်၌ . . .

(မ အက္ခရာပုံ)

(ဗိုက်ပူ-ကြက်ခြေခတ်)

အခြားစာမျက်နှာတစ်ဖက်၌ . .

(ဝ လုံးပုံ)

(ထွန်းလင်းတောက်ပသော 'နေ'ပုံ)

ဟူ၍ ဖြစ်ပေသည်။

စာရွက်များကို အားလုံး စနစ်တကျစီစဉ်ဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် မောင်ဆိတ်ကျောင်းကို သုံးဘီးကားတစ်စီးအား ငှားရမ်းစေလိုက်သည်။

□ □ □

(၃၆)

ကျွန်ုပ်သည် စာရွက်ခေါက်များကို လွယ်အိတ်တစ်လုံးတွင်ထည့်၍ မုခုံးတွင် လွယ်လိုက်၏။

ထို့နောက် ငှားရမ်းထားသော သုံးဘီးကားနှင့်အတူ ဦးကောက်စုံနှင့် မောင်ဆိတ်ကျောင်းတို့ကို ခေါ်ယူပြီး ထွက်ခွာခဲ့လေတော့သည်။

ကားဒရိုင်ဘာသည် ကျွန်ုပ်စေခိုင်းချက်အတိုင်း သုံးဘီး

www.burmeseclassic.com

www.burmeseclassic.com



ကားကို မောင်းနှင်ပေးရာ ရန်ကုန်မြို့တစ်ဝိုက်ရှိ ဘုရားစုံ၊ ဈေးစုံ တစ်ခုမကျန် နှံ့စပ်အောင်ရောက်ခဲ့ပေသည်။

ဘုရားနှင့် ဈေးများသို့ရောက်တိုင်း ကြေးစည်ကို တနောင်နောင် ဒုဝေဝေထရင်း အလှူခံနေကြသည့် ဦးသူတော် အရွယ်ငယ်ငယ်များကို တွေ့ရသည်။

ထိုသို့ တွေ့ရသည့်အခါတိုင်း မောင်ဆိတ်ကျောင်းအား ခေါက်ထားသော စာရွက်ခေါက်တစ်ခုကို ယူဆောင်စေပြီး သုံးဘီးကားကို ရပ်စေကာ ဦးသူတော်၏ အလှူခံခွက်ထဲသို့ စာရွက်ခေါက်ကို သွားရောက်ထည့်စေခဲ့သည်။

ဘုရားများ၊ ဈေးများတွင် တွေ့သမျှသော ဦးသူတော် တို့အား မောင်ဆိတ်ကျောင်းက စာရွက်ခေါက်တစ်ရွက်စီ သွား ရောက်လှူဒါန်းလေရာ ဦးသူတော်အားလုံးက အံ့အားသင့်သော မျက်နှာများဖြင့် တုံ့ပြန်ကြည့်ကြ၏။

ထို့နောက် အလှူခံခွက်ထဲမှ စာရွက်ခေါက်ကို ကောက် ယူကာ ဖြန့်ဖတ်နေစဉ်မှာပင် ကျွန်ုပ်တို့၏ သုံးဘီးကားကလေးက ဦးသူတော်တို့ကိုထားခဲ့ပြီး မောင်းနှင်ထွက်ခွာလာခဲ့ပြီဖြစ်သည်။

စာရွက်ခေါက်သုံးဆယ်လည်းကုန်ရော. . ရန်ကုန်မြို့ လည်းနှံ့ရောဟု ဆိုရမည်။

ထိုနေ့အတွက် ဆောင်ရွက်စရာရှိသည်တို့ကို ဆောင်



ရွက်ပြီးဖြစ်၍ ကျွန်ုပ်တို့အိမ်သို့ပြန်လာခဲ့ကြပြီး မောင်ဆိတ် ကျောင်းကို နာမည်ကြီး ဒွန်ဒရားဒ်ပေါက်ဆိုင်မှ ဒံပေါက်ငါးထုပ် ဝယ်ယူစေပြီး ကျွန်ုပ်တို့သုံးယောက်သား အားရပါးရ အဝလွေး ကြတော့သည်။

နောက်တစ်နေ့ နံနက်အစောကြီးမှာပင် ဗိုက်ပူ ဘိုးသူ တော်ကြီး တစ်ယောက်တည်း ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် ပေါက်ချလာ လေသည်။

ကျွန်ုပ်တို့သုံးဦးသားမှာ ကော်ဖီသောက်နေစဉ်ဖြစ်ရာ ဗိုက်ပူ ဘိုးသူတော်ကြီးက ဧည့်ခန်းထိုင်ခုံတွင်ဝင်ထိုင်ရင်း သူ့ လက်ထဲတွင် ဆုပ်ကိုင်ထားသည့် စာရွက်လွှတ်များကို ကြမ်းပြင် ပေါ်သို့ ပစ်ကြဲချလိုက်ရင်း. . .

"ဒါတွေက. . . ဘာ သဘောလဲ"

ဟု ခက်ထန်စွာ မေးမြန်းလိုက်လေသည်။

ကြမ်းပြင်ပေါ်တွင် ပြန့်ကြဲကျသွားသော စာရွက်များ မှာ လွန်ခဲ့သည့်နေ့က ကျွန်ုပ်တို့ ခတ်နီပြာတံများနှင့် ရေးသား ထားသည့်စာရွက်များ ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် ကော်ဖီခွက်များကို စားပွဲပေါ်သို့ချပြီး ဗိုက်ပူဘိုးသူတော်ကြီးကို မျက်နှာချင်းတည့်တည့် ရင်ဆိုင်လိုက် ချိန်မှာပင် ကျွန်ုပ်တို့တိုက်အိမ်ရှေ့သို့ အသက်ငယ်ငယ် လူလတ်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းရှိသော ဘိုးသူတော်များ ကြေးစည် တနောင်နောင်ထုကာ တစ်ဦးပြီးတစ်ဦး တန်းစီလျှက် ဖြတ်သန်းသွားကြပေသည်။

အရည်အတွက် မည်မျှရှိသည်ကို ရေတွက်မထား၍ မသိရသော်လည်း အတန်ကြာအောင် ကြေးစည်သံဒူဝေဝေ မစဲသဖြင့် အတော်ပင်များမည်ဟု ခန့်မှန်းရပေသည်။

ဗိုက်ပူဘိုးသူတော်ကြီးက မျက်နှာထားတင်းတင်းနှင့် ဘာမျှမပြောဘဲရှိနေသော်လည်း အိမ်ရှေ့မှ ကြေးစည်သံများသည် သူ၏အင်အားပြမှုပင်ဖြစ်သည်ဟု ဆိုရပေမည်။

တစ်နည်းအားဖြင့်လည်း ခြိမ်းခြောက်မှုတစ်မျိုးပင်။ အိမ်ရှေ့မှ ကြေးစည်သံများ ဝေးပျောက်သွားသောအခါ ကျွန်ုပ်က. . .

"ဒီစာရွက်တွေ ခင်ဗျားဆီရောက်အောင် ပို့လိုက်တာကတော့. . ."

ကျွန်ုပ်၏ စကားမဆုံးမီမှာပင် ဗိုက်ပူဘိုးသူတော်ကြီးက ကြားဖြတ်၍ အော်လိုက်၏။

"မင်းက ငါ့ကို စိန်ခေါ်လိုက်တာမဟုတ်လား၊ မင်းတို့ ပို့လိုက်တဲ့ စာရွက်တွေအပေါ်မှာ ဗိုက်ပူဆိုတဲ့စာလုံးကို ကြက်ခြေခတ်ထားတာက ငါ့ကို. . ရည်ရွယ်ပြီး စော်ကားတာပဲ"

"ဒီမယ် ဗိုက်ပူဘိုးသူတော်၊ ခင်ဗျားရဲ့ အသံရှိုင်းတွေ



ကို ချက်ချင်းနှိမ့်ချလိုက်စမ်းပါ၊ ဒါ ခင်ဗျား အမြဲဗိုလ်ကျတာကို ခံနေတဲ့ မြင်းလှည်းဂိတ်မဟုတ်ဘူး"

"အောင်မယ်. . . မင်းက ငါ့ကို ဟိန်းဟောက်နေတာပေါ့လေ၊ ဟိုတစ်နေ့က မင်းတပည့် ခေါင်းကွဲသွားတာမျိုး မင်းလည်း ဖြစ်ချင်ပြန်ပြီထင်တယ်။ ဟား. . ဟား. . ဟား. .။ မင်းတို့မှာ နောက်ထပ်သံချောင်းတွေ ရှိသေးလားကွ၊ ယူခဲ့စမ်းပါဦး၊ ငါက. . ကွေးကောက်ပြချင်လို့ပါ"

ကျွန်ုပ်က မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး. . .

"သိပ်လဲ ကြွားမနေပါနဲ့ ဦးဗိုက်ပူရယ်၊ သံသေသီးရဲ့ အဆီတွေ ခင်ဗျားနဲ့ပါလာတယ်ဆိုတာ ကျုပ်သိပါတယ်"

ထိုစကားကို ကြားလျှင် ဗိုက်ပူ ဘိုးသူတော်ကြီး၏ မျက်နှာပေါ်၌. . ရှက်သွေးများ ရဲခနဲ နီသွားတော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

(၃၇)

ကျွန်ုပ်က. . .

"ဦးပိုက်ပူ. . . ခင်ဗျားကို နာဂမေဏီက အမှာစကား ပါးလိုက်တယ်"

"ဘာတဲ့လဲ. . . သူ့ဘက်က အလျှော့ပေးပြီတဲ့လား။ မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရုပ်တုကို ပြန်လိုချင်သတဲ့လား။ မရဘူးလို့. . ပြောလိုက်။ သင်းတို့ကို ငယ်နိုင်အဖြစ် အမြဲအပေါ်

www.burmeseclassic.com



စီးရနေအောင် အဲဒီရုပ်တုကို ကျုပ်လက်ထဲမှာပဲ ထာဝရ သိမ်းထားမယ်ဟေ့. . .။ ဟီး. . . ဟီး. . . ဟီး. . . "

ချက်ချင်းပင် သူ၏ မျက်နှာထားပြောင်းသွားကာ အောင်နိုင်သူကြီး၏ မျက်နှာပေးဖြင့် ကျွန်ုပ်တို့အား မောက်မာစွာ ကြည့်နေပြန်လေတော့၏။

ကျွန်ုပ်က သွေးတိုးစမ်းသောအားဖြင့်. . .

"ဒီမယ် ဗိုက်ပူ ဘိုးသူတော်ကြီးရဲ့. . . မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရုပ်တုကို. . နာဂမေဏီတို့အဖွဲ့က ဘယ်အကြောင်းကြောင့် တန်ဖိုးထားနေကြတယ် ဆိုတာကိုရောခင်ဗျားက. . သိလို့လား"

ဟု သူ၏ မျက်လုံးနှစ်လုံးကြားသို့ စူးစိုက်ကြည့်ရင်း မေးလိုက်သည်။

ဗိုက်ပူဘိုးသူတော်ကြီး၏ ကြောင်စီစီမျက်လုံးများ မျက်တောင်တဖျပ်ဖျပ် ခတ်သွားသည်ကို တွေ့လိုက်ရသောကြောင့် ထိုကိစ္စကို ဂယနဏသေချာစွာ သူမသိမှန်း ရိပ်စားမိလိုက်တော့၏။

သူက ဟဲခနဲ ရယ်လိုက်ပြီး. . .

"ငါ့အနေနဲ့ကတော့ အဲဒါတွေ မသိလဲ အရေးမကြီးပါဘူး၊ ရုပ်တုက ငါ့လက်ထဲမှာ၊ ရုပ်တုပါးစပ်ထဲက ပတ္တမြားကြီး



ကိုလဲ ငါထုတ်ယူထားပြီးပြီ၊ သူတို့အနေနဲ့ အဲဒီရုပ်တုပျက်စီးသွားမှာ ကြောက်တာတော့ အမှန်ပဲလေ၊ သူတို့အဖွဲ့က ကိုးကွယ်ထားကဲ့ပုဂ္ဂိုလ်ကြီးရဲ့ ပုံတူရုပ်တုဖြစ်လို့ မပျက်စီးစေချင်တာဖြစ်ချင်လဲ ဖြစ်မယ်၊ ဘာမဲဖြစ်ဖြစ် ရုပ်တုကို မပျက်စီးစေချင်ရင်တော့ ကျုပ်ပြောတာကို နာဂမေဏီတို့ နားထောင်ရမှာပဲ"

ဗိုက်ပူ ဘိုးသူတော်အနေဖြင့် ဤရုပ်တုထဲတွင် ပတ္တမြားကြီးရှိကြောင်း သိရှိခဲ့သည်။

နာဂမေဏီတို့အဖွဲ့က ရုပ်တုနောက်သို့ သဲသဲမဲမဲ လိုက်လံ ရှာဖွေလျှက်ရှိကြောင်းကို သူ့အနေဖြင့်သိရှိပေရာ ပတ္တမြားတစ်လုံးအတွက်တော့ နာဂမေဏီတို့က ထိုမျှ အသဲအမဲဖြစ်ရန် မရှိကြောင်းကိုလည်း သူသိပေသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## (၃၈)

အကြောင်းမှာ နာဂမေဏီတို့သည် ဥစ္စာမနေ အလွန်တောင့်တင်းကြွယ်ဝလှသော အဖွဲ့ဖြစ်ကြောင်း သူသိရှိနေ၍ဖြစ်ပေသည်။

မည်သည့်အကြောင်းရှိမှန်းကို သေချာစွာမသိရှိသော်လည်း ထိုရုပ်တု မပျက်စီးမပျောက်ပျက်စေရန် နာဂမေဏီတို့အဖွဲ့က အလွန်အလေးထားကြောင်းကိုတော့သိနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤရုပ်တုမှာလည်း သူ၏လက်ထဲသို့ ကံအားလျော်စွာ ရောက်ရှိလာခြင်းဟု ဆိုနိုင်ကောင်း၏။

တစ်နည်းအားဖြင့်လည်း သူ၏အကြံဉာဏ် စွမ်းရည်ကြောင့်ဟု ဆိုရပေမည်။

အကြောင်းမှာ ဤရုပ်တုကို လက်ဝယ်ရရှိထားသော 'ပါဒရ'၏ အမျိုးအနွယ်တစ်ဦးကို ဗိုက်ပူသူတော်ကြီး၏ အဖွဲ့သား ဘိုးသူတော်ငယ်တစ်ဦးက ကြုံကြိုက်တွေ့ဆုံခဲ့၏။

ထိုသူငယ်သည် အဖြင်းအထန်ဖျားနာနေ၍ ယတြာချေရန်အတွက် သူ၏ဇနီးသည်က အလှူခံလျှောက်လာသော ဘိုးသူတော်ကို အိမ်ပေါ်သို့ပင့်ခေါ်ပြီး သစ်သီးဆွမ်းလှူဒါန်းလေသည်။

အိမ်ခေါင်းရင်း စားပွဲတစ်ခုပေါ်တွင် မှန်အိမ်ကလေးဖြင့်ထည့်ထားသော သစ်သားနီဖြင့် ထုလုပ်ထားသည့် မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရုပ်တုကို အမှတ်တမဲ့ တွေ့ရှိခဲ့ခြင်းဖြစ်၏။

မိမိကလည်း ဘိုးသူတော်၊ ထိုရုပ်တုကလည်း ဘိုးသူတော်ဖြစ်လေရာ အမှတ်ထင်ထင် သတိထားခဲ့မိခြင်းဖြစ်သည်။

ထို့နောက်တွင် ဘိုးသူတော်အချင်းချင်း ပြန်ဆုံသောအခါ ထိုအကြောင်းကို ပြန်ပြောင်းပြောဆိုမိလေတော့သည်။



ဤသို့ဖြင့် တစ်ဆင့်စကား တစ်ဆင့်နား ကူးစက်ကာ မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူပေ ်ရုပ်တုအကြောင်းကို သူတို့အဖွဲ့ခေါင်းဆောင်ကြီးဖြစ်သူ ဗိုက်ပူဘိုးသူတော်ကြီးပါ ကြားသိသွားလေတော့၏။

ဗိုက်ပူ ဘိုးသူတော်ကြီးသည် အကြားအမြင် ဗဟုသုတများသူဖြစ်ရကား ထိုရုပ်တုသည် နာဂမေဏီနှင့် ဆက်စပ်နေကြောင်း၊ ရုပ်တု၏ ခံတွင်းပေါက်ထဲတွင် ပတ္တမြားကြီးတစ်လုံးသိုဝှက်ထားရှိကြောင်းကို သိရှိထားပေသည်။

ထို့အပြင် နာဂမေဏီတို့အဖွဲ့ အနေဖြင့် ၎င်းရုပ်တုအားအသဲအမဲ လိုက်လံရှာဖွေနေကြောင်း သိရှိပေရကား၊ မိမိ၏အမိက ရန်ဘက်ဖြစ်နေသူကို နိုင်ကွက်ရနိုင်ပြီဖြစ်၍ ထိုရုပ်တုကိုလက်ဝယ်ရရှိအောင် အစွမ်းကုန်ကြံဆောင် ကြိုးစားလေတော့သည်။

ကြံဆောင်ပုံမှာကား ပြင်သစ်ပတ္တမြား အတုကြီး (၃) လုံး၊ ရွှေဒင်္ဂါးငါးပြား၊ ငွေသားတစ်ထောင်တိတိ ယူဆောင်လျက်အထက်ဖော်ပြပါ ရုပ်တုတည်ရှိနေသောနေအိမ်သို့ သွားရောက်ခဲ့ပေသည်။

ဗိုက်ပူ ဘိုးသူတော်ကြီးက ရဲစာင်းစွာပင်ပတ္တမြားအတု (၃)လုံး၊ ရွှေဒင်္ဂါး ငါးပြားနှင့် ငွေသားတစ်ထောင်ကို ဖျားနာ

www.burmeseclassic.com

www.burmeseclassic.com



လျှက်ရှိသော 'ပါဒရ'၏ ဆွေမျိုးတော်လက်ထဲသို့ ထိုးထည့်ကာ ဤရုပ်တုက ခိုက်နေ၍ ဖျားနာနေခြင်းဖြစ်ကြောင်း၊ ဤရုပ်ဟု ဆက်ရှိနေလျှင် မကြာခင်သေဆုံးရမည်မှာမုချဖြစ်၍ မိမိရောက်ရှိလာပြီး ကယ်ဆယ်ရခြင်းပါပေဟု ခပ်တည်တည်ပြောကာ ရုပ်တုထည့်ထားသော မှန်အိမ်ကလေးကိုပါ အခမဲ့ယူလျှက် အိမ်ပေါ်မှ ဆင်းခဲ့ပေတော့၏။

အထက်ပါအတိုင်း မတရား မမှန်ကန်သော နည်းလမ်းဖြင့် မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရုပ်တုကို ပိုင်ဆိုင်ရရှိခဲ့ခြင်းပင်ဖြစ်သည်။

ကျွန်ုပ်က ဗိုက်ပူဘိုးသူတော်ကြီး၏ ကြောင်စီစီ ငေးတေးတေး မျက်လုံးများကို စိုက်ကြည့်ရင်း. . .

"ခင်ဗျားကို မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရုပ်တုနဲ့ ပတ်သက်ပြီး သိသင့်သိထိုက်တဲ့ အကြောင်းအရာတွေကို တစ်ခု မကျန်အောင်. . . ကျုပ်က ရှင်းလင်းပြောပြမယ်"

"ဘာတွေများလဲ. . . ဘာတွေ များလဲ"

"မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရုပ်တုဟာ နာဂမေဏီတို့အဖွဲ့အတွက် အထိမ်းအမှတ် ရုပ်တုဖြစ်တယ်၊ စုစုပေါင်းအားဖြင့် ရုပ်တုဟာ သုံးခုရှိတယ်"

"သုံးခုတောင် ရှိတယ်. . ဟုတ်လား"



"ဟုတ်တယ်. . . သုံးခုတောင်ရှိနေတယ်"

"ကျုပ်ဖြင့်. . မကြားဖူးပါဘူး၊ ကျုပ်သိတာက တစ်ခုတည်းပါ"

ထိုအချိန်တွင် ကျွန်ုပ်သည် အချိန်စေ့ရောက်ပြီဖြစ်၍ ကျွန်ုပ်၏ရှေ့ရှိ စားပွဲအံဆွဲထဲတွင် အဆင်သင့်ထည့်ထားသော နာဂမေဏီပေးလိုက်သည့် ကတ္တီပါအိတ်ရှုံ့ကို ဆွဲထုတ်ယူလိုက်သည်။

ဗိုက်ပူ ဘိုးသူတော်ကြီး၏ မျက်စိအကြည့်အာရုံသည် ကတ္တီပါအိတ်ရှုံ့ပေါ်သို့ကျရောက်နေစဉ် ကျွန်ုပ်က အိတ်ကိုဖွင့်၍ အတွင်းမှ မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရုပ်တုကို ဆွဲထုတ်ကာ စားပွဲပေါ် ချပြလိုက်၏။

"ဒါက. . ရုပ်တုသုံးခုထဲက တစ်ခုပေါ့"

ဗိုက်ပူ ဘိုးသူတော်ကြီး၏ မျက်လုံးပြူးပြူးကြီးများက ရှေ့သို့ တိုးထွက်လာလေသည်။

သူ၏ ပါးစပ်ကြီးမှာလည်း ဟောင်းလောင်းကြီး ပွင့်ဟသွားသည်။

"ဟိုက်. . ."

ဟု ပါးစပ်မှ ယောင်ယမ်း၍ရေရွတ်ရင်း ဗိုက်ပူဘိုးသူတော်ကြီးမှာ ဘာဆက်လုပ်ရမည်မှန်းပင် မသိတော့ဘဲ ငေးငိုင်

www.burmeseclassic.com



၍သာ နေပေတော့သည်။

ဦးကောက်စုံပင်လျှင် ကွန္ဒြေမဆည်နိုင်တော့ဘဲ ရှေ့သို့ ကိုယ်ကိုငိုက်ကာ ရုပ်တုကို စူးစမ်းကြည့်လေတော့သည်။

□ □ □

(၃၉)

ဗိုက်ပူ ဘိုးသူတော်ကြီးသည် ရုပ်တုကို ငေးကြည့်နေရာ ရုတ်တရက် ဆတ်ခနဲ ဦးခေါင်းထောင်မတ်သွားပြီး . . .

"ဟော့ . . . နေထွန်းလင်း၊ မင်းအရုပ်က အတုကြီး ချင် ဖြစ်နေမှာပေါ့"

"အစစ်ပါဗျာ . . . မယုံရင် ခင်ဗျားစစ်ကြည့်လေ"

"ရိုးရိုးကြည့်ရှုစစ်ဆေးရုံနဲ့တော့ အတုအစစ်ကို ခွဲလို့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရမလဲ၊ အစစ်မှန်ရင် ခံတွင်းပေါက်ထဲမှာ ပတ္တမြားတစ်လုံး တော့ ရှိရမှာပဲ"

"ရှိပါ့ဗျာ. . . ပတ္တမြားမှ အရည်မီ အသွေးမီ ပတ္တမြား ဗျ"

ဗိုက်ပူဘိုးသူတော်ကြီးသည် သူ၏ အလွန်ဝတုတ်လျှက် ရှိသော လက်ကြီးများကို အလွန်လျင်မြန်စွာ လှုပ်ရှားလိုက်ပြီး စားပွဲပေါ်မှ ရုပ်တုကို ဆတ်ခနဲ ကောက်ယူလိုက်သည်။

ဦးကောက်စုံက အနီးတွင် ထောင်ထားသော လမ်းလျှောက်တုတ်ကောက်ကို လှမ်းဆွဲလိုက်သောအခါ ဗိုက်ပူ ဘိုးသူတော်က လက်ကာပြပြီး. .

"နေထွန်းလင်းက စစ်ဆေးခိုင်းလို့ ကျုပ် စစ်ဆေးကြည့် မှာပါဗျ၊ ဟဲ. . ဟဲ. . ဟဲ. . .။ ကျုပ်က ပတ္တမြားအကြောင်း ကိုတော့ နောကျေအောင် သိသဗျနော်၊ မိုးကုတ်မြေမှာ အနှစ် နှစ်ဆယ် ကျင်လည်ခဲ့တဲ့သူပဲ၊ ကျုပ်ကို လှည့်စားဖို့အတွက် ပြင်သစ်ချက်ကျောက် ပတ္တမြားအတုကို ဟန်ပြထည့်ထားရင် တော့ တစ်ချက်ကြည့်တာနဲ့ ကျုပ်သိပါတယ်"

ဟုပြောပြီး ရုပ်တု၏ ခံတွင်းပေါက်ထဲသို့ လက်ညှိုးထည့် ကာ အားစိုက်၍ ကော်ထုတ်လိုက်၏။

သူ၏ လက်ထဲသို့ ဖိတ်ဖိတ်တောက် နီရဲစိုအိနေသော



ပတ္တမြားတစ်လုံး ထွက်ကျလာသည်။

ဗိုက်ပူ ဘိုးသူတော်ကြီးက အလင်းရောင်တွင် ပတ္တမြား ကျောက်ကို ထောင်ကြည့်လိုက်သည်။

သူ၏မျက်လုံးများတွင် အရောင်များ တောက်ပလာ သည်ကိုမြင်ရခြင်းအားဖြင့် လောဘဇောများ တိုးထွက်လာပြီဖြစ် ကြောင်းသိရ၏။

"ဟုတ်ပါ့ဗျာ. . . ဒါ ပတ္တမြားအစစ်ပဲ"

ပြောပြီးလျှင်ပြီးချင်း သူ့လက်ထဲမှ ပတ္တမြားကိုမြှောက် ၍ ပါးစပ်ကိုဟပြီး ပါးစပ်ထဲသို့ ပတ္တမြားကိုပစ်ထည့်လိုက်လေ တော့၏။

"လာလေရော. . ."

ဦးကောက်စုံသည် တုတ်ကောက်ကို မြှောက်၍ ဝုန်းခနဲ ချိန်ထလိုက်၏။

အရေးအကြောင်းတွင် အားကိုးရပါပေသည်။

ဗိုက်ပူ ဘိုးသူတော်ကြီးက သူ့ပေါင်ပေါ်တွင် တင်ထား သော ကြေးစည်ထုသည့်တင်းပုတ်ကြီးကို ကောက်ယူကာ အလွန် လျင်မြန်သောအဟုန်ဖြင့် ဦးကောက်စုံ၏ ဦးခေါင်းတည့်တည့်သို့ ပေါက်ချလိုက်လေ၏။

ရုတ်တရက်ဖြစ်၍ ဦးကောက်စုံက ခေါင်းကိုငုံ့ရှောင်

www.burmeseclassic.com

www.burmeseclassic.com



ရင်း သူ့လက်ထဲမှတုတ်ကောက်ဖြင့် တင်းပုတ်ကို ခံဆောင် လိုက်ရာ တင်းပုတ်၏အားကို မခံနိုင်သဖြင့် သူ၏လက်ထဲမ တုတ်ကောက်သည် ဖြောင်းခနဲကျိုး၍ လွင့်စင်ထွက်သွားလေ တော့သည်။

အလွန်လျင်မြန်လှသော ဦးကောက်စုံသည် တစ်ချက် မျှပင် တွေဝေနေခြင်းမရှိဘဲ နံရံဆီသို့ အမြန်ခုန်ထွက်သွားပြီ နောက်ထပ် လမ်းလျှောက်တုတ်ကောက်တစ်ချောင်းကို ဆွဲယ လိုက်ပြန်၏။

ကျွန်ုပ်သည် လမ်းလျှောက်တုတ်ကောက်မျိုးစုံကို ဆောင်းရန် ဝါသနာပါသည့်အလျောက် ကျွန်ုပ်စုဆောင်းထာ သည့်တုတ်ကောက်များမှာ အမျိုးမျိုးရှိနေပေသည်။

ဦးကောက်စုံ ယခုဆွဲယူလိုက်သော တုတ်ကောက် ကြီးမားတုတ်ခိုင်လှပြီး ထိပ်တွင်သံခေါင်းစွပ်ထား၍ လူရိုက် အတွက် သင့်လျော်လှပေသည်။

ဦးကောက်စုံက တုတ်ကောက်ကို လွှဲမြှောက်၍ ဗိုက် ဘိုးသူတော်ထံ တိုးဝင်သွားသောအခါ ဗိုက်ပူဘိုးသူတော် တုတ်ကောက်၏ရိုက်ချက်ကို ခုခံရန်အတွက် သူ့လက်ထဲမှ ကြေးစည်ကြီးကို မြှောက်၍မြှောက်၍ ကာကွယ်နေပေ

ဦးကောက်စုံမှာ ဗိုင်းသဖွယ်ကာရံထားသော ကြေး



ကြီးကို လွတ်အောင်ရှောင်လျှက် ဦးခေါင်းကို ထိစေရန် ရည်ရွယ် လေရာ ချက်ချင်းမရိုက်နိုင်သေးဘဲ တုတ်ကောက်ကြီးကို မြှောက် ၍မြှောက်၍ ဆနေရလေ၏။

နောက်ဆုံးတွင် ဦးကောက်စုံက စိတ်မရှည်နိုင်တော့ ဘဲ မိရာကိုရိုက်ရန်အတွက် တုတ်ကောက်ကြီးကိုမြှောက်၍ အားကုန် ရွယ်လိုက်လေ၏။

ယင်းအခိုက်တွင် အိမ်ရှေ့မှပြေးဝင်လာသော ခြေသံ များကို ကြားရပြီး ကြည်လင်ပီသသော မိန်းကလေးတစ်ဦး၏ အသံကိုပါ ကြားလိုက်ရလေ၏။

"ဦးကောက်စုံ. . . ဦးကောက်စုံ၊ မရိုက်လိုက်နဲ့၊ မရိုက် လိုက်နဲ့"

အထက်ပါအတိုင်း အော်ဟစ်ပြီး ပြေးဝင်လာသူများ မှာ နာဂမေဃာီနှင့်ဆရာအိုတို့နှစ်ဦး ဖြစ်ပေသည်။

ဦးကောက်စုံမှာ နာဂမေဃာီ၏ အော်ဟစ်တားမြစ်သံ ကြောင့် ရိုက်ရန်ရည်ရွယ်ထားသော တုတ်ကောက်ကို အရှိန်တန့် ရပ်လိုက်လေ၏။

☐ ☐ ☐

www.burmeseclassic.com

www.burmeseclassic.com

## (၄၀)

"ဘာဖြစ်လို့တားရတာလဲ. . နာဂမေဏီ၊ ဒီလူယုတ်မာကြီးက. . ပတ္တမြားကို ပါးစပ်ထဲမျိုချလိုက်ပြီလေ"

ဟု ဦးကောက်စုံက ပြောပြလိုက်၏။

နာဂမေဏီက. . .

"ကိစ္စမရှိဘူး ဦးကောက်စုံ၊ ရှင့်တုတ်ကောက်ကြီးနဲ့ ရိုက်ချလိုက်ရင် သူ့လက်ထဲကကြေးစည်ကြီးကိုထိပြီး ကြေးစည်

www.burmeseclassic.com

www.burmeseclassic.com



သံမြည်သွားတာနဲ့တစ်ပြိုင်တည်း လမ်းထိပ်မှာစောင့်နေတဲ့ သူတပည့်တွေကို အချက်ပေးလိုက်သလိုဖြစ်ပြီး သူတပည့်တွေက ဒီအိမ်ထဲကို စစ်ကူရောက်လာကြမှာရှင့်၊ ဒါကြောင့် ရှင့်တုတ်ကောက်ကြီးကို . . ရိုက်မချလိုက်နဲ့လို့ ပြောတာပေါ့"

ဆရာအိုက. . .

"ဗိုက်ပူ ဘိုးသူတော်ကြီးရေ. . . ဒီတစ်ခါတော့ ကျုပ်တို့လက်က. . . ခင်ဗျား မလွတ်တော့ဘူးနော်"

ဗိုက်ပူဘိုးသူတော်ကြီးက အခြေမဟန်မှန်းသိ၍ သူလက်ထဲမှကြေးစည်ကြီးကို လေထဲသို့ဝင့်မြှောက်ပြီး ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်လေသည်။

ကြေးစည်ကြီးက ကြမ်းပေါ်သို့အရှိန်ဖြင့် ပစ်ကျသွားသောအခါ အလွန်ကျယ်လောင်သောအသံကြီး မြည်ဟည်းသွားလိမ့်မည်ဖြစ်ပြီး၊ ထိုအသံကို သူတပည့်များ ကြားသိသွားစေရန်နှင့် သူ့ထံ အကူအညီရောက်လာရန် ရည်ရွယ်သော်လည်း သူထင်သလို ဖြစ်မလာခဲ့ပါ။

အဘယ့်ကြောင့်ဆိုသော် ရှမ်းသိုင်းကျမ်းကို အဆင့်မြင့်စွာ တတ်ကျွမ်းထားသော ဆရာအိုသည် အလွန်ပေါ့ပါးသော အဟုန်ဖြင့် တပတ်ကျွမ်းပစ်လိုက်ကာ လေထဲမှာပင် လေးပင်လှသော ကြေးစည်ကြီးကို အမိအရ ဖမ်းယူထားလိုက်နိုင်သော



ကြောင့် ဖြစ်ပေသည်။

ဗိုက်ပူဘိုးသူတော်ကြီးက တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်လိုက်ပြီး တံခါးပေါက်ဝဘက်သို့ ကိုယ်လွတ်ရုန်းထွက်ပြေးလေသည်။

သို့သော် တံခါးဝအရောက်မှာပင် အကြောအခြင်များ ရုတ်တရက်ပျော့ခွေကာ ခေါက်ခနဲ လဲကျသွားလေ၏။

"ဟင်. . ."

သူကိုယ်သူ အံ့အားသင့်လျက် လုံးဝမယုံကြည်နိုင်လေဟန်ဖြင့် မျက်လုံးများ ပေကလက်ပေကလက်လုပ်ကာ ဖက်လက်ကြီး လဲကျနေလေတော့သည်။

သူ၏ စူကားဖောင်းမို့နေသော ဗိုက်ပူကြီးက အပေါ်သို့ ထောင်လျက်. . .

"ကျုပ်ဘယ်လိုဖြစ်သွားရတာလဲ၊ ကျုပ်ခွန်အားတွေ ရုတ်ခြည်းယူပစ်လိုက်သလို ပျောက်သွားတယ်"

ဟု သူက မေးလိုက်လေသည်။

ဆရာအိုက. . .

"ခင်ဗျားဟာ မိုးကုတ်နယ်မြေမှာ ကျောက်သူခိုးလုပ်ပြီးတုန်းက အခြားသူတွေရဲ့ကျောက်ကို အလစ်မှာ ပါးစပ်ထဲပစ်သွင်းပြီး ခိုးတတ်တဲ့အလေ့အထရှိတယ်ဆိုတာ ကျုပ်တို့က သိ

www.burmeseclassic.com

www.burmeseclassic.com



ထားတယ်လေ၊ ဒါကြောင့် လောဘသိပ်ကြီးလှတဲ့ ခင်ဗျားကို ပတ္တမြားအစစ်ထည့်ထားတဲ့ မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော် ရုပ်တုအတုနဲ့ ထောင်ဖမ်းလိုက်တာပါပဲ၊ ကျုပ်တို့ တွက်ဆထားတဲ့အတိုင်း ရုပ်တုပါးစပ်ထဲက ပတ္တမြားအစစ်ကိုလဲ တွေ့ရော ခင်ဗျားက ပါးစပ်ထဲပစ်သွင်းခဲ့တာပဲ မဟုတ်လား၊ အဲဒီပတ္တမြားမှာ လူတွေကို သုံးနာရီလောက် အကြောသေစေတဲ့ အဆိပ်တစ်မျိုး သုတ်လိမ်းထားတယ်လေ၊ အဲဒီ အဆိပ်ဆေးအစွမ်းကြောင့် ခင်ဗျားခုလို လှုပ်ရှားမရတော့ဘဲ ဖြစ်သွားတာပဲ"

ကြိတ်မနိုင် ခဲမရလေဟန်ဖြင့် မျက်ထောင့်နီကြီးကို ပြူးပြကာကြည့်နေသော ဗိုက်ပူဘိုးသူတော်ကြီး၏ လွယ်အိတ်အစုတ်ကြီးကို နာဂမေဏီက ဖြုတ်ယူလိုက်၏။

လွယ်အိတ်ထဲမှ မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရုပ်တုအစစ်ကို ရှာဖွေတွေ့ရှိသဖြင့် နာဂမေဏီက သိမ်းယူထားလိုက်သည်။

ထို့နောက် နာဂမေဏီက. . .

"နယ်တကာ ရပ်တစ်ခွင်လှည့်ပြီး နည်းအမျိုးမျိုးနဲ့ လိမ်ညာလာခဲ့တဲ့ ဆရာမှော်(ခေါ်) ဗိုက်ပူဘိုးသူတော်ကြီးရှင့်၊ ရှင်ဟာ ဇလုတ်မြို့မြောက်ပိုင်း သုံးထပ်ရေတံခွန်ကြီးမှာ ဇေယျပဏ္ဍိတ်ဆရာချိတ်နဲ့ယှဉ်ပြိုင်ရင်း ရေတံခွန်ပေါ်က ကျသေသွားတယ်လို့ အများသိပြီးတဲ့နောက်မှာ ဆရာမှော်ဘဝကို တစ်ဇာတ်သိမ်းပြီး ဗိုက်ပူဘိုးသူတော်အဖြစ်နဲ့ ပြန်ပေါ်လာခဲ့တယ်၊ တစ်ကယ်တော့ ရှင်ဟာ သုံးထပ်ရေတံခွန်အောက်ခြေကို ကျမသွားဘဲ တောင်စောင်းက ချုံနွယ်တစ်ခုပေါ်မှာတင်နေလို့ ရှင့်အသက် ရှင်ခဲ့တယ်လေ၊ ကဲ. . ရှင် ဘာပြောချင်သေးသလဲ"



ဟု မေးလိုက်၏။

ထိုအခါ ဗိုက်ပူဘိုးသူတော်ကြီးက. . .

"ဒီမယ် မိန်းကလေးရဲ့၊ ငါက မင်းကို အတော်အထင်ကြီးခဲ့တာ။ အခုတော့ မင်းကအတော့်ကို ရှော်သေးတာပဲလို့ ဆိုရတော့ မယ်၊ ဘာကြောင့်လဲဆိုတော့ မင်းဟာငါ့အကြောင်းကို စုံစမ်းရင်းနဲ့ သတင်းအချက်အလက်အချို့ကို နားစွန်နားဖျားကြားနာမှတ်သားထားခဲ့ပုံရတယ်၊ ဘာကြောင့်လဲဆိုတော့ ဆရာမှော်ရဲ့အသက် ဘယ်လောက်ရှိသလဲဆိုတာကို မင်းသတိပြုမိပုံမရဘူးလေ၊ မင်းပြောသလိုဆိုရင်ဖြင့် ငါဟာ အသက်တစ်ရာတောင် ကျော်နေပြီပေါ့"

ဟု ပြောကာ လှောင်ရယ်ရယ်လိုက်လေ၏။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## (၄၁)

နဒဂမေဃီက. . .

"ဒီလိုဆို. . ကျွန်မကြားခဲ့တဲ့ သတင်းစကားက မှားနေသလား"

"မှားတာတော့. . မဟုတ်ပါဘူး၊ အမှတ်လွဲနေတာပါ၊ ဆရာမှော်ဆိုတာက ကျုပ်ဖခင်ကြီးလေ၊ ကျုပ်ဖခင်ဆရာမှော်ဟာ မင်းပြောသလိုပဲ သုံးထပ်ရေတံခွန်မှာ အသက်ဆုံးသွားတဲ

www.burmeseclassic.com

www.burmeseclassic.com



လွှတ်မြောက်ခဲ့ပါတယ်၊ သို့သော်လည်း ဇေယျပဏ္ဍိတ် ဆရာချိတ်တို့ အန္တရာယ်ပေးမှာကြောက်လို့ ဗိုက်ပူဘိုးသူတော်ဘဝနဲ့ တစ်ဖာတ်သိမ်းခဲ့တယ်၊ ဖခင်ကြီးသေတော့ သူ့နေရာကို ကျုပ်ဝင်ယူခဲ့တာပဲ၊ တစ်ကယ်တော့ ကျုပ်ဟာ. . ဗိုက်ပူဘိုးသူတော် (နှစ်) ပါ"

"ကျွန်မ သတင်းစုံစမ်းမှုချတ်ယွင်းခဲ့တယ်ဆိုတာကို ဝန်ခံပါတယ်၊ သို့သော်လဲ ဘာပဲဖြစ်ဖြစ် ရှင်ဟာ. . သူတော်ကောင်းအရေကိုခြုံပြီး တပည့်လက်သားတွေမွေးပြီး လူတကာကို နည်းအမျိုးမျိုးနဲ့လိမ်ညာပြီး ငွေရှာနေတာကတော့ အလွန်ယုတ်ညံ့တဲ့ မကောင်းမှု အကုသိုလ်အလုပ်ပဲ၊ ကျွန်မတို့ ဝိဇ္ဇာမယလောကီ ပညာအဖွဲ့ရဲ့ ဦးစီးဦးဆောင်မှုဂိုဏ်းလ်ဟာ ဘိုးသူတော်တစ်ဦးဖြစ်နေတဲ့အတွက် ရှင့်ကို မကောင်းမှုတွေမလုပ်ဖို့ အထူးတားမြစ်ခဲ့တာပဲ၊ ရှင့်ကြောင့် အခြား သူတော်ကောင်းတွေ နာမည်ပျက်ကြရမယ်လေ၊ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ရတဲ့ အဖြစ်မျိုးမဖြစ်အောင် ရှင့်ရဲ့လုပ်ငန်းတွေကို ကျွန်မတို့က လိုက်လံနှောင့်ယှက်နေခဲ့တာပဲ၊ ဒါပေမယ့် ရှင်က ကျွန်မတို့ စကားကိုမနာခံဘဲ မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရုပ်တုနဲ့ ခြိမ်းခြောက်ပြီး ကျွန်မတို့အပေါ် အန္တရာယ်ပြုလာလေတော့ အခုလို ကျွန်မတို့ကဆုံးမရတာပေါ့"



နာဂမေကျော်၏စကားဆုံးလျှင် ဆရာအိုက သူ၏ ရှမ်းလွယ်အိတ်ထဲမှ တစ်စုံတစ်ရာကို ထုတ်ယူလိုက်၏။ အနက်ရောင် ပိုးအိတ်ရှည်ကြီးဖြစ်သည်။

"ကိုင်း. . . ဗိုက်ပူကြီးရေ. . . ခင်ဗျားကို ခင်ဗျားရဲ့ တပည့်တွေမမြင်အောင် ယူသွားရမှာဆိုတော့ ဟောဒီ ပိုးအိတ်ကြီးထဲ ထည့်ယူရတော့မှာပဲ၊ ခင်ဗျား ဘာမှ စိုးရိမ်မနေနဲ့နော်၊ ဒီပိုးအိတ်က လေဝင်ပေါက်တွေရှိတယ်၊ ကျုပ်တို့အဖွဲ့ဆီ ခေါ်သွားပြီးတဲ့နောက်မှာ ခင်ဗျားရဲ့အသက်ဇီဝိန်ကို ကျုပ်တို့ ဘယ်လိုမှ အန္တရာယ်မပြုဘူးဆိုတာ အာမခံပါတယ်၊ ကျုပ်တို့ အဖွဲ့သားအားလုံးဟာ ပါဏာတိပါတကံကို လုံခြုံအောင် တစ်သက်လုံးထိန်းကြတယ်လေ၊ ခင်ဗျား အမှန်တကယ် နောင်တရလာတဲ့တစ်နေ့မှာတော့ ခင်ဗျားကို လွှတ်လပ်ခွင့်ပေးလိုက်မှာပါ။ ကဲကဲ. . . ခင်ဗျား ကိုယ်ကြီးကို အိတ်ထဲသွင်းရအောင် အလိုက်သင့်နေဗျာ"

ကျွန်ုပ်တို့အားလုံးမင် ဆရာအိုကိုကူညီ၍ ဗိုက်ပူ ဘိုးသူတော်ကြီး၏ခန္ဓာကိုယ်ကို မချီကာ ပိုးအိတ်ကြီးထဲသို့ သွတ်သွင်းပေးလိုက်ရလေတော့၏။

"အိမ်ရှေ့မှာ မြင်းလှည်းတစ်စီးအဆင်သင့်ပဲဗျို့. . . ကျုပ်တို့နဲ့ ပါလာခဲ့တာလေ၊ တလက်စတည်း ဒီခန္ဓာကိုယ် အတွ

www.burmeseclassic.com



ဘောကြီးကို ဝိုင်းကူမပြီး မြင်းလှည်းပေါ် ရောက်အောင် တင်ပေးကြပါဦးဗျာ”

ဆရာအိုး၏ မေတ္တာရပ်ခံချက်အတိုင်း ဗိုက်ပူဘိုးသူတော်ကြီးကို ကျွန်ုပ်တို့အားလုံး ဝိုင်းဝန်းမချီ၍ ကျွန်ုပ်အိမ်ရှေ့တွင် ရပ်ထားသော မြင်းလှည်းပေါ်သို့ တင်ပေးလိုက်ကြသည်။

ဦးကောက်စုံက. . .

“လမ်းထိပ်မှာစောင့်နေတဲ့ သူ့တပည့်တွေအနားကို ရောက်တဲ့အခါ အိတ်ကြီးထဲကနေ ဒီလူ လှမ်းအော်လိုက်ရင် မခက်ပေဘူးလား”

ဟု စိုးရိမ်စွာမေးသည်။

ဆရာအိုက. .

“မစိုးရိမ်ပါနဲ့ဗျာ၊ သူ့သွေးထဲမှာ ကျုပ်တို့ခတ်ထားတဲ့ အဆိပ်ဆေးက အစွမ်းပြနေပါပြီ၊ ခုလောက်ဆို အိပ်တောင်ပျော်နေရောမယ်”

မှန်ပေသည်။

အိတ်အနက်ကြီးထဲမှ ဟောက်သံကြီးကိုပင် ကြားလာရပေပြီ။

ဆရာအိုက. . .

“အဲဒီ ဟောက်သံကြီးကိုတော့ စိုးရိမ်ရတယ်ဗျို့၊ သူ့



တပည့်တွေကြားသွားရင် သက်ာမကောင်းဖြစ်နေဦးမယ်၊ သူ့ကို ပက်လက်ကြီး မထားနဲ့၊ ညာဘက်ကို စောင်းပေးကြပါဦးဗျာ”

စောင်း၍သိပ်လိုက်သောအခါမှ ဟောက်သံကြီးက ပျောက်သွားသည်။

နာဂမေဏီက. . .

“ဆရာအိုရှင့်. . . ကျွန်မ ကိုနေထွန်းလင်းဆီမှာ နေခဲ့ပါဦးမယ်၊ ရှင်ပဲ. . ဒီဗိုက်ပူကြီးကို အဖွဲ့ဆီခေါ် သွားပေးပါနော်၊ ကျွန်မ. . စိတ်ချမယ်”

“စိတ်ချပါ. . သခင်မလေး၊ မြင်းလှည်းမောင်းတဲ့ ကျုပ်တပည့် မောင်ဗလကျော်က. . အလွန် အားကိုးရပါတယ်”

ဆရာအိုသည် မြင်းလှည်းပေါ် တက်သွားပြီး အချက်ပြလိုက်လျှင် မြင်းလှည်းကပြေးထွက်သွားတော့၏။ မြင်းလှည်းကို နာဂမေဏီက လက်ပြနှုတ်ဆက်ရင်း ကျွန်ုပ်တို့ထံတွင် ကျန်ရစ်ခဲ့ပေသည်။

□ □ □

www.burmeseclassic.com

## (၄၂)

ဦးကောက်စုံ၊ နာဂမေကြီးနှင့် ကျွန်ုပ်တို့သုံးဦး မျက်နှာချင်းဆိုင်ပြီး ရှင်းလင်းရန်အချက်များကို ပြောဆိုကြလေသည်။

ဦးကောက်စုံက. . .

"နာဂနွယ်ရိုးနဲ့ နာဂသူသူတို့ဟာ မင်းနဲ့ ဘယ်လိုပတ်သက်ကြသလဲ"

"ကျွန်မရဲ့ ညီမအရင်းတွေပါပဲ၊ ကျွန်မအော်ဘက နာဂ

www.burmeseclassic.com

www.burmeseclassic.com



နွယ်ရီ၊ နာဂနွယ်ရီအောက်က နာဂသူသူပေါ့”

“ဟင်. . . သူတို့ မိဘတွေကတော့ တစ်ယောက်နဲ့ တစ်ယောက်လည်း မတူကြဘူး၊ တစ်ခြားစီပါလား”

“ကျွန်မတို့မိဘများဟာ ငယ်စဉ်က အလွန်ဆင်းရဲနုံချာကြပါတယ်၊ ဒါကြောင့် ကျွန်မရဲ့ညီမလေးတွေကို အမေဘက်က ဦးကြီးနဲ့ အဖေဘက်ကဦးကြီးတို့ဆီမှာ မွေးစားဖို့ပေးလိုက်ရတာပါ။ ဦးကြည်၊ ဒေါ်ငွေရက ကျွန်မမိခင်ကြီးဘက်က ဦးကြီးပါ ဦးခလယ်၊ ဒေါ်နန်းရင်ကတော့ ကျွန်မဖခင်ကြီးဘက်က ဦးကြီးပါပဲ၊ နောင်များမှာ ကျွန်မတို့ချမ်းသာလာတဲ့အခါ ညီမလေးများကို ပြန်လည်ဆက်သွယ်ပြီး ဥစ္စာနေအမြောက်အမြား ထောက်ပံ့ပေးခဲ့ပါတယ်”

“သြော်. . ဒီလိုလား၊ ရှင်းပါပြီ၊ သို့သော်လည်း ယနေ့ရက်ပိုင်းအတွင်းမှာ နာဂနွယ်ရီနဲ့ နာဂသူသူတို့ နှစ်ယောက်စလုံး ထူးထူးခြားခြားပျောက်ဆုံးသွားရတာကရော ဘာအဓိပ္ပါယ်များပါလိမ့်”

နာဂမေဏီက ရယ်မောလျက်. . .

“ဒီကိစ္စကို ဦးကောက်စုံက. . တစ်လွဲ ထင်နေတာကိုး တခြားကြောင့် မဟုတ်ပါဘူးရှင်။ ကျွန်မညီမနှစ်ယောက်စလုံး အသက်(၁၉) နှစ်ကျော်လာကြပြီမို့ ကျွန်မတို့ရဲ့ ဝိဇ္ဇာမယအဖွဲ့

BURMESE CLASSIC .com



ထဲဝင်ဖို့ စီစဉ်ဆောင်ရွက်နေတာပါ၊ ကျွန်မက သူတို့ကို ဂန္ဓာရိပညာရှင်တွေ ဖြစ်စေချင်တယ်လေ၊ အခုဆိုရင် ကျွန်မတို့အဖွဲ့ရဲ့ ကျင့်စဉ်တွေ ဆောင်ရွက်နိုင်အောင် အဦးဆုံးအနေနဲ့ ဥပုသ်ရက်ရှည်ဝင်နေတယ်လေ”

“သြော်. . . ဒီလိုကိုး”

ကျွန်ုပ်က. . .

“နာဂမေဏီရဲ့ ဆရာဖြစ်တဲ့ မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ကြီးကို. . ကျွန်တော် တွေ့မြင်ချင်ပါသေးတယ်”

“အချိန်အခါသင့်ရင်တော့ တွေ့မြင်ရပါလိမ့်မယ်ရှင်၊ ကျွန်မတို့ရဲ့ ဆရာသခင်ကို သတိမေ့လျော့တဲ့ရောဂါ ကုသဖို့လိုအပ်တဲ့ စိန်တစ်လုံးတည်းရှိရာ ဒီသစ်သားနီနဲ့ ထုလုပ်ထားတဲ့ မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရုပ်တုကို ကျွန်မတို့လက်ထဲ ပြန်ရောက်လာအောင် ကူညီခဲ့တဲ့ ရှင့်ရဲ့ကျေးဇူးကို ကျွန်မရဲ့ ဆရာသခင်ကလည်း အသိအမှတ်ပြုမှာပါ၊ သြော်. . ဒါနဲ့ သတိရတုန်း ပြောရဦးမယ်၊ ဟောဟို စားပွဲပေါ်မှာရှိတဲ့ မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရုပ်တုကို အမှတ်တရ လက်ဆောင်အဖြစ်နဲ့ ရှင့်အတွက်ကျွန်မက လက်ဆောင်ပေးခဲ့ပါရစေနော်”

“သြော်. . . ကျေးဇူးတင်ပါတီဗျာ၊ ကျွန်တော် အမှတ်တရ. . . သိမ်းထားပါ့မယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဆရာသခင် စိန်ခါက်လုံးကြောင့် သတိပြန်ကောင်းလာရင် ရခိုင်ရိုးမတောနက်ထဲမှာ ကျန်ရစ်ခဲ့တဲ့ ကျောက်မျက်ရတနာသေတ္တာကြီးကို သွားရောက်ယူဆောင်ရဦးမှာဖြစ်ပါတယ်၊ အဲဒီအခါ ဆရာသခင်အပါးမှာ ကျွန်မက စောင့်ရှောက်လိုက်ပါသွားရမှာဖြစ်လို့ ကျွန်မဘက်က အဆက်အသွယ် ပြတ်တောက်နေခဲ့ရင် ခွင့်လွှတ်ပါနော်"

"ကျွန်တော် နားလည်ပါတယ် . . နာဂမေဏီ"

"ကျောက်မျက်ရတနာတွေကို ရလာခဲ့ရင် ကျွန်မတို့ သုံးဖို့မဟုတ်ပါဘူးရှင်၊ ကျွန်မတို့အဖွဲ့ရဲ့ တစ်ခုတည်းသော ရည်ရွယ်ချက်အတိုင်း အားလုံးကို . . သာသနာပြုလုပ်ငန်းမှာ သုံးစွဲမှာပါ"

"သာဓုပါဗျာ . . သာဓု . . . သာဓု . . ."

"ကိုနေထွန်းလင်းရှင့် . .။ ကျွန်မတို့နှစ်ယောက်ရဲ့ ကောင်းမွန်သောရင်းနှီးမှုအတွက် ကောင်းမွန်တဲ့ အထိမ်းအမှတ်အနေနဲ့ . . . ရွှေတိဂုံဘုရားပေါ်ကို ကျွန်မနှင့်အတူ လိုက်ခဲ့ပါနိုင်ပါသလားရှင်"

"အိုး . . သိပ် လိုက်ပေါ့ဗျာ"

□ □ □

(၄၃)

ရွှေတိဂုံဘုရား စနေထောင့်ရင်ပြင်တွင် ကြာပန်းများ ကပ်လှူပူဇော်ကြသည်။

ထိုနေရာ ရင်ပြင်မှာပင် အတူယှဉ်တွဲထိုင်ကြရင်း စကားဆိုဖြစ်ကြသည်။

ကျွန်ုပ်က . . .

"အိမ်ပြန်ရောက်ရင်တော့ ဦးကောက်စုံကြီးရဲ့ လျှို့ဝှက်

www.burmeseclassic.com



တဲ့ ဘဝအကြောင်းကို မေးရအုံးမယ်၊ သူက ဖွင့်ပြောမယ်လို့ ကတိ ပေးထားတယ်"

နာဂမေဏီက. . .

"မေးမနေပါနဲ့ မောင်လေး၊ သူ့ဘဝကို မေဏီသိပါပြီ၊ သူက အစိုးရစုံထောက်ကြီးရှင့်၊ ဘာသာရေးနဲ့ ဆက်စပ်တဲ့ အသင်းအဖွဲ့တွေမှာ မမှန်မကန်ကိစ္စတွေ မဖြစ်ပေါ်အောင် တိတ်တဆိတ် ထောက်လှမ်းစုံစမ်းရတာက. . သူ့တာဝန်ပဲလေ"

"အင်း. . . အစ်ကိုကလည်း အဲဒီလိုပဲ ထင်ခဲ့တာပါ. . မေဏီရဲ့"

ကျွန်ုပ်တို့နှစ်ဦးသည် ပိုမိုရင်းနှီးမှုများရရှိကာ တစ်ဦးကို တစ်ဦး. . . အခေါ်အဝေါ်များပင် ပြောင်းလဲနေကြပြီး ဖြစ်လေသည်။

"မောင်လေး. . ."

"မေဏီ. ."

"မေဏီ့ကို အမြဲသတိရပါနော်"

"ဘယ့်နှယ့်ပြောလိုက်တာလဲ မေဏီရယ်၊ မောင်လေး စက္ကန့်မလပ် သတိရနေမှာပါ"

ထိုအချိန်တွင် ကျွန်ုပ်တို့အနီးသို့ အပျိုမလေးတစ်သိုက် ရောက်ရှိလာတော့သည်။



"ဟယ်. . . ဟိုမှာတော့. .။ ဘုရားပန်းအိုးမှာ ထိုးထားတဲ့ ကြာပန်းလေးတွေက လှလိုက်တာ"

"လှဆို. . ကြာပန်းလှူတဲ့သူတွေကလဲ ချောတာ လှတာ ကိုးဟဲ့"

"အမျိုးသားကလည်း. . ခန့်ချောပဲ"

"နှစ်ယောက်စလုံးကတော့ အလွန်လိုက်ဖက်တဲ့ အတွဲပါပဲလေ"

"ရွှေ့သွားနောက်လိုက်ညီတဲ့. . စုံတွဲပဲ"

"ဘုရားသွား၊ ကျောင်းတက် အတူတူ. . စိတ်တူ ကိုယ်တူ ကြည်ဖြူကြမယ့်ပုံပဲ"

"ချစ်နိုင်ကြပါစေတော်. ."

ကျွန်ုပ်နှင့် နာဂမေဏီတို့ တစ်ဦးကိုတစ်ဦး ကြည့်မိကြသည်။

နှစ်ဦးစလုံး၏ မျက်နှာပေါ်တွင် ရှက်သွေးလေးများ ရှိနေသော်လည်း တစ်ဦးကိုတစ်ဦး လိုက်လှဲစွာ. . . အပြုံးချင်း ဖလှယ်မိကြသည်။

နာဂမေဏီက. . .

"မောင်လေး"

"ဘာလဲ. . မေဏီ"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့. . . ခေတ္တ ခွဲခွာဖို့အချိန်ရောက်ပြီ. . . မောင်လေး"

"အင်းလေ. . . မေဇာ်က တာဝန်ရှိသေးတယ် မဟုတ်လား. . . သွားပေါ့"

"မောင်လေး. . . ခဏ ဟိုဘက်လှည့်နေနော်"

ကျွန်ုပ်တစ်ဖက်လှည့်ချိန်တွင် နာဂမေဇာ်သည် အနီးသို့ရောက်ရှိနေသော ထိုမိန်းမပျိုအုပ်စုထဲသို့ တိုးဝင်သွားတော့သည်။

မကြာမီ ကျွန်ုပ်က မိန်းမပျိုလေးများထံ ကြည့်ရှုရင်း နာဂမေဇာ်ကို ရှာဖွေလိုက်သောအခါ နာဂမေဇာ်တစ်ယောက်ကို လုံးဝ မတွေ့ရတော့ချေ။

နာဂမေဇာ်သည် ရုပ်ဖျက်ပညာရှင် ဖြစ်ရကား အပျိုမလေးများနှင့် အသွင်တူအောင် ရုပ်ဖျက်လိုက်သောအခါ ကျွန်ုပ်ခွဲခြား၍ မရနိုင်တော့ပါချေ။

အပျိုမလေးတို့အုပ်စု ကျွန်ုပ်အနီးမှ ထွက်ခွာသွားချေပြီ။ ထိုအချိန်တွင် ကျွန်ုပ်၏စိတ်အတွင်း၌ အလိုအလျောက် သိစိတ်ပေါ်လာ၍ နောက်ဖက်သို့လှည့်ကြည့်လိုက်သောအခါ ကျွန်ုပ်နှင့်မလှမ်းမကမ်းသို့ ရောက်နေပြီဖြစ်သော ဦးကောက်စုံကို တွေ့လိုက်ရလေသည်။



ဩော်. . . စုံထောက်ကြီးဦးကောက်စုံရယ်။

ကျွန်ုပ်က လှိုက်လှဲစွာပြုံး၍. . သူ့ကိုကြည့်လိုက်၏။

◆ ◆ ◆

နာဂမေဇာ်ပေးထားခဲ့သော မတစ်လုံး၊ ဝတစ်လုံး၊ ဘိုးသူတော်ရုပ်တုသည် အတွင်း၌ အခေါင်းပေါက်ဖြစ်နေသည်ကိုတွေ့ရပြီး ပတ္တမြား (၅)လုံးတိတိ အထဲမှာ ပါရှိလေသည်။

ပတ္တမြားတစ်လုံးအား အသဲနှလုံးသဏ္ဌာန် လက်ရာမြောက်စွာ ကျောက်သွေးမညာဖြင့် သွေးထားသည်ကို တွေ့ရပေသည်။

ချစ်မေတ္တာ၏ သင်္ကေတပေတကား။

ပြီး

ရာဇဂဏ

www.burmeseclassic.com